ဆရာတော် ဦးသုနန္ဒဓိပတိ

ဟောကြားသော

# ဘဝစက္ကနှင့်ဓမ္မစက္က

တရားတော်

---

သနာ ၂၅၁၃ ကောဇာ ၁၃၃၁ ခရစ် ၁၉၇၀

ဆရာတော် ဦးသုနန္ဒမိပတ်

ဟောကြားသော

# ဘဝစက္ကနှင့်ဓမ္မစက္က

တရားတော်

သာသနာ ၂၅၁၃ ကောဇာ ၁၃၃၁ ခရစ် ၁၉၇၀

၁၃၃၁-ခုနှစ်၊ တန်ခူးလ။
၁၉၇၀-ခုနှစ်၊ ဧပြီလ။
အုပ်ရေ.........၁၀၀၀

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်( ၃၉၄၆ )

ထုတ်ဝေသူ။ ။ ဦးသုနန္ဒမိပတိ (ကင်းလွတ်ခွင့်အမှတ် ၀၁၁၈၄)
ဝိပဿနာဒီမာန် ၄-လမ်းထိပ်၊ ၁-ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့။

ပုံနှိပ်သူ။ ။ မောင်ကိုကို မှတ်ပုံတင်အမှတ် ( ၀၄၀၀၄-မြ )
အုန်းပင်စာပေနှင့် ပုံနှိပ်လုပ်ငန်း။
အမှတ် ၁၅၀၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

# စမ္မဒါနရှင်များစာရင်း။

| ဦးရေ | အလှူရှင်အမည် | နေရပ် | စာအုပ်ရေ |
|---|---|---|---|
| ၁။ | ဒေါ်ဖွားတင်နှင့် မောင်ကျော်စိုး၊ အတင်မိသားစု | ၂၅၊ ရွှေလောင်းလမ်း၊ ကြည့်မြင်တိုင် | |
| ၂။ | ဒေါ်လေးမိသားစု .... | .... ၁၀၊ အုံးပင်တန်း၊ ။ | ၃ |
| ၃။ | ဦးသာဒင်၊ ဒေါ်မြရှင်မိသားစု | .... ၄၉၊ ရွှေလောင်းလမ်း၊ ။ | ၁၀ |
| ၄။ | ကိုမောင်ကြိုင်၊ မခင်နုမိသားစု | .... ၉၁၊ ကျွန်းတောလမ်း၊ ။ | ၂ |
| ၅။ | ဦးအေးကြူ-ဒေါ်သန်းကြည် မိသားစု | ....၁၄၃၊ ။ ။ | ၆ |
| ၆။ | ဦးဟုတ်စိန်-မခင်ညွန့်မိသားစု | .... ၇၆၊ မိုးမခလမ်း ။ | ၂ |
| ၇။ | ဦးသောင်းဖေ-ဒေါ်လှမင်းမိသားစု | .... ၂၊ ဇလွန်လမ်း၊ ။ | ၁၀ |
| ၈။ | ဦးဖမောင်-ဒေါ်ရှုမိသားစု .... | .... သိုးဖို့ရွာ၊ ကြို့ပင်ကောက်မြို့ | ၁၀ |
| ၉။ | ကိုမောင်အုံး-အကြည်မိသားစု | .... ၎င်း | ၁၀ |
| ၁၀။ | ကိုသောင်း-မခင်ကြိုင်မိသားစု | .... ၎င်း | ၅ |
| ၁၁။ | ဦးညိုသစ .... | .... သိုဖို့ကျောင်းဘုန်းကြီး ကြို့ပင်ကောက်မြို့ | ၃၅ |
| ၁၂။ | ဦးနန္ဒမေဓါ .... | .... ကျောင်းကုံးဘုန်းတော်ကြီး၊ ။ | ၆ |
| ၁၃။ | ဦးပန်းစိန်-ဒေါ်လှကြိုင်မိသားစု.... | .... သိုးဖို့ရွာ၊ ။ | ၁၀ |
| ၁၄။ | ဦးဘိုးဂျ-ဒေါ်ငှ .... | .... ဘန့်ဘွေးကုံးရွာ၊ ဇီးကုံးကြီးမြို့ | ၆၅ |

| ဦးရေ | အလှူရှင်အမည် | နေရပ် | | စာအုပ်ရေ |
|---|---|---|---|---|
| ၁၅။ | ကိုကျော်ရှိန်-မကျင်မိသားစု .... | .... ဘန့်ဘွေးကုံးရွာ | ဇီးကုံးကြီးမြို့ | ၆ |
| ၁၆။ | ဦးလှစိန်-ဒေါ်ပု၊ ကိုကျော်ရှိန်-မခင်ရီမိသားစု .... | မိုးညိုတန်း၊ | အုတ်ဖိုမြို့ | ၅၀ |
| ၁၇။ | ဦးဇောတ ဘုန်းတော်ကြီး .... | .... တိမ်မြို့ကြီးရွာ | ။ | ၅ |
| ၁၈။ | ဦးစန္ဒ ဘုန်းတော်ကြီး လောကမာရဇိန်ဘုရားကြီး.... | ။ | ။ | ၁၅ |
| ၁၉။ | ဦးဝိရိယ .... | .... သဲကုံးကျောင်း၊ ဘုန်းကြီး | ။ | ၅ |
| ၂၀။ | ကိုပျော့-မသိန်းလှမိသားစု .... | .... ချောင်းခွရွာ | ။ | ၅ |
| ၂၁။ | မောင်သိန်း-မအုံးကျင်မိသားစု | .... ။ | ။ | ၅ |
| ၂၂။ | ကိုကြီးမောင်နှင့် ဇနီ .... | .... ။ | ။ | ၅ |
| ၂၃။ | ကိုချင်ခိုင်-မခင်သိန်းမိသားစု.... | .... ။ | ။ | ၅ |
| ၂၄။ | မောင်ခိုင် .... | .... ။ | ။ | ၅ |
| ၂၅။ | ကိုလူခင်-မခလေးမ .... | .... သဖန်းပင်ဆိပ်ရွာ | ။ | ၅ |
| ၂၆။ | ကိုထွန်းညွန့်-မခင်သိန်း .... | .... အလယ်ကုံးရွာ | ။ | ၅ |
| ၂၇။ | ကိုလှဟန်-မကျင်မြိုင်မိသားစု | .... ဇီးပင်ကွင်းရွာ | ။ | ၁၀ |
| ၂၈။ | ကိုလှသိန်း-မကျင်လှိုင်မိသားစု | .... ရွာမရွာ၊ | စစ်ကွင်းမြို့ | ၅၀ |
| ၂၉။ | မောင်လှဇေ-မသန်းညွန့် .... | .... ။ | ။ | ၅၀ |
| ၃၀။ | ဦးဘိုးနွဲ့-ဒေါ်ဖုံ .... | .... ။ | ။ | ၁၄ |

| | | | | |
|---|---|---|---|---|
| ၃၁။ | ဦးတင်ကြီး-ဒေါ်စိန်ယုံမိသားစု .... | ။ | ။ | ၁၀ |
| ၃၂။ | ဆရာမောင်တင်မြင့် .... | ။ | ။ | ၁၀ |
| ၃၃။ | ကိုကျော်ကြီး-မသန်းမြ .... | ။ | ။ | ၁၀ |
| ၃၄။ | ကိုသာလှ-မစိန်လုံမိသားစု .... | ။ | ။ | ၁၀ |
| ၃၅။ | ဦးကျော့စိန်မိသားစု .... | ။ | ။ | ၁၀ |
| ၃၆။ | ဦးမောင်ထွန်း-ဒေါ်မယ်တင် မိသားစု .... | ။ | ။ | ၅ |
| ၃၇။ | မောင်ကံမြင့် မတင်ရွှေမိသားစု .... | ကုသိန္နာချုံလမ်း | ။ | ၂၅ |
| ၃၈။ | ကိုစမ်းမောင် မတင်အုံးမိသားစု .... | ဥယျာဉ်တန်း | ။ | ၂၅ |
| ၃၉။ | ကိုကျော်တင် မစောတင်မိသားစု .... | ။ | ။ | ၅ |
| ၄၀။ | ဆေးဆရာ ဦးခန့် ဒေါ်တင် .... | သာယာကုန်း၊ ကျောင်းစုရွာ | ။ | ၁၀ |
| ၄၁။ | မောင်အောင်သိန်း မချောင်မိသားစု .... | ။ ။ | ။ | ၁၀ |
| ၄၂။ | ဦးတင် ဒေါ်ကျီမိသားစု .... | ရွာမရွာ | စစ်ကွင်းမြို့ | ၁၀ |
| ၄၃။ | ကိုညွန့်မောင် မသန်း .... | ။ | ။ | ၅ |
| ၄၄။ | ဦးတလုပ် ဒေါ်သိန်း .... | ဝဇီရာရပ်ကွက် | ။ | ၁၀ |
| ၄၅။ | ဒေါ်တင်နှင့် ကိုသိန်းအောင်၊မခင်နွဲ့မိသားစု .... | မြောက်ဥက္ကလာ၊ | ရန်ကုန် | ၁၀ |
| ၄၆။ | ဦးရှိန် ဒေါ်ဂျမ်းမိသားစု .... | ။ | ။ | ၁၀ |
| ၄၇။ | ဦးအုံးရွှေ ဒေါ်လှစိန်မိသားစု .... | ဆောက်ကြီ့ကွင်းရွာ | စစ်ကွင်း | ၅ |
| ၄၈။ | ဦးသိုက် ဒေါ်စိန်ချုပ် .... | ။ | ။ | ၅ |

| ဦးရေ | အလှူရှင်အမည် | နေရပ် | စာအုပ်ရေ |
|---|---|---|---|
| ၄၉။ | ဦးကျော်ကြီး၊ ဒေါ်အုံးညွန့် မိသားစု .... | ထောက်ကြံ့ကွင်းရွာ စစ်ကွင်း | ၅ |
| ၅၀။ | ကိုလှမောင် မရွှေမိသားစု .... .... | 〃 〃 | ၅ |
| ၅၁။ | ကိုကျော်အုံး မအုံးမြိုင်မိသားစု .... | 〃 〃 | ၅ |
| ၅၂။ | ဦးစံသိန်း ဒေါ်စောတင် 〃 .... | 〃 〃 | ၅ |
| ၅၃။ | ဦးပန်းဇေ ဒေါ်အုံးစိန်မိသားစု .... | 〃 〃 | ၅ |
| ၅၄။ | ဦးကျယ် ဒေါ်မြရှိ .... .... | 〃 〃 | ၅ |
| ၅၅။ | ဦးဘိုးကျေ ဒေါ်ဆင်မိသားစု .... | 〃 〃 | ၅ |
| ၅၆။ | ကိုစံလင်း မအုံးရှိမိသားစု.... .... | 〃 〃 | ၂ |
| ၅၇။ | ကိုအုံးကြည် အသိန်းမိသားစု .... | ဓမ္မာရုံလမ်း၊ အင်းစိန် | ၅ |
| ၅၈။ | မောင်မြသိန်း မမြစိန်မိသားစု .... | 〃 〃 | ၅ |
| ၅၉။ | ကိုမြသိန်း မမြင့်မိသားစု .... .... | ရေသပြာရွာ၊ ထိန်တောမြို့ | ၂၅ |
| ၆၀။ | ဆေးဆရာ ဦးထွန်းဇေ ဒေါ်မယ်ခန့် .... | ကော့ကန့်ကြီးရွာ၊ ဟင်္သာတ ဇလွန် | ၅ |
| ၆၁။ | ဒေါ်သိန်းဟန်မိသားစု .... .... | ဇန္ဒာ ၁၁–လမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန် | ၅ |
| ၆၂။ | ကိုကျော်ရှိန် မကျင်ဒိမိသားစု.... .... | ဘန့်ဘွေးကုံးရွာ၊ ဇီးကုန်းကြီးမြို့ | ၁၀ |
| ၆၃။ | ကိုညွန့်ဦး မအုံးကြည်မိသားစု .... | စမ်းကလေးအုပ်စု–လယ်ဦးစုရွာ၊ နတ္တလင်းမြို့ | ၂၀ |

# မာတိကာ

---


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆရာတော်အား လျှောက်ထားခြင်း။ | ၁ |
| ၂။ | ဝိဇ္ဇာ ဝိမုတ္တိ ၅—ပါး ရေးသားကျမ်းပြုပါရန် ဒကာဦးဘိုးသင် လျှောက်ထားခြင်း။ | ၂ |
| ၃။ | ပဋိစ္စသမုပ္ပါဒ် ဒေသနာကို ကျမ်းပြုပါရန် ဒကာ ဦးအုံးဆင် လျှောက်ထားခြင်း။ | ၃ |
| ၄။ | ကျမ်းဦးပဏာမ။ | ၇ |
| ၅။ | ပဋိစ္စသမုပ္ပါဒ် ဇယားကွက်။ | ၁၁ |
| ၆။ | ဇာတိ မရဏ တဘဝ ဖြစ်ပျက်စဉ်ခါ သံသရာ | ၁၃ |
| ၇။ | သစ္စာ ၄-ပါး မသိကြား ရှည်လျား သံသရာ | ၁၄ |
| ၈။ | ခန္ဓာကိုယ်နှင့် စမ္မစေတီကျောင်း ဥပမာ | ၁၉ |
| ၉။ | ပဋိစ္စသမုပ္ပါဒ် တရားတော် | ၂၂ |
| ၁၀။ | အကြောင်း ၃-ပါး အကျိုး ၃-ပါးတရားတော် | ၃၀ |
| ၁၁။ | ကြောင်းကျိုးနှစ်ပြင် ဉာဏ်နဲ့မြင် မဂ္ဂင်ပဋိပဒါ | ၄၀ |
| ၁၂။ | နိဗ္ဗာန်တရားထူး ရှေဦးစွာမြင် အဘိညာဏ် | ၄၁ |
| ၁၃။ | ဘဝစက် တည်းဟူသော အနုသယ ကိလေသာကို ဓမ္မစက် တည်းဟူသော မဂ်က ပယ်ပုံနှင့် ဉာဏ် အတိညာဏ်ခန်း ဝေဘန်ချက်။ | ၅၃ |


ပဋ္ဌမကဏ္ဍ ပြီး၏။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အစပ် ၃-စပ်၊ အပြတ် ၃-ပြတ် နိဗ္ဗာနဓာတ် | ၆၇ |
| ၂။ | ဝေဒနာနှင့် တဏှာ တစပ်၊ ဘဝနှင့်ဇာတိ တစပ်၊ သင်္ခါရဝိညာဏ် တစပ် | ၆၇ |
| ၃။ | စပ်ပုံကို ပြဆိုချက် | ၆၈ |
| ၄။ | ၃-ပါးသော အစပ် စပ်ပေးသဖြင့် အကျိုးတရား ၅-ပါး ရရှိပုံ | ၆၉ |
| ၅။ | အစပ် ၃-စပ်ကို အပြတ် ၃-ပြတ် ပြတ်ပုံတရားတော် | ၇၀ |
| ၆။ | ဓမ္မဋ္ဌိတိဉာဏ် ဝိသုဒ္ဓိမဂ်နှင့် ဖွင့်ပြပုံ | ၇၂ |
| ၇။ | သဘာဝ ဉာဏ်ရောင် အလင်းဓာတ်က ၃-ပါး အစပ်ကို ဖြတ်လျက် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ နှလုံးသားမှ အဆုံးတရား ဝိမုတ္တိ ၅-ပါးပေါ်လာပုံ | ၈၀ |
| | **ဒုတိယကဏ္ဍ ပြီး၏။** | |
| ၁။ | ဝိညာဏ် ၆-ပါး သဘာဝ ဝိပဿနာ သစ္စာဉာဏ် ဖြစ်ပုံ၊ ကဗျာ ဝေဘန်ချက် | ၈၁ |
| ၂။ | ဝိပဿနာအလုပ်တရားတော် | ၈၇ |
| ၃။ | ၁၆-ပါးသော ယုံမှားကင်္ခါကို ဖော်ပြချက် | ၉၄ |
| ၄။ | ဉာဏ်စဉ် ၁၆-ပါး အစဉ်လိုက် ကျက်မှတ်ရန်ကဗျာ | ၁၀၀ |
| ၅။ | ဝိသုဒ္ဓိ ၇-ပါး အစဉ်နှင့် ပုံစံဇယားကွက် | ၁၀၃ |
| ၆။ | ပဋိသမ္ဘိဒါမဂ် အဘိဉာဏ်ပိုင်းကို ဝိပဿနာ ဉာဏ်ဖြင့် ဖော်ပြချက် | ၁၁၀ |
| ၇။ | ၎င်းတရားနှင့်ပတ်သက်၍ အဘိဉာဏ်ဖြစ်ပေါ်ပြီး လျှင် နိဗ္ဗာန်တရားထူးကို မြင်ပုံသမဏနတ်သားဝတ္ထု | ၁၁၂ |
| ၈။ | ကျမ်းပြီး အတိုချုပ် နိဂုံး | |

# ဆရာတော်အား လျှောက်ထားခြင်း

အုပ်ပိုမြို့အရှေ့ ၈ မိုင်ကွာဝေးသော ဟိမ်မြို့ကြီးရွာ ဗိုလ်ရုံ ကျောင်းဆရာတော်အား လျှောက်ကြားခြင်း။

တပည့်တော်တို့ ယခုနှစ်ဝါကို ရန်ကုန်ကမ္ဘာအေး၊ ကမ္ဘာ့ ဗုဒ္ဓသာသနာပြုဆရာတော် ဦးပညာဒီပကျောင်းသို့ ဝါကပ်လိုပါ သဖြင့် ကမ္ဘာအေးဆရာတော်အား လျှောက်ထား ပြီးပါပြီ။ ကုသိုလ်ပညာစသော ကောင်းသောတရားများရရာ ရကြောင်း ဖြစ်ပါ၍၊ တပည့်တော်အား ခွင့်ပြုတော်မူပါဘုရား။

ထိုသို့လျှောက်ကြားသောအခါ၊ ဗိုလ်ရုံကျောင်း ဆရာတော်က "အေးအေးကောင်းတယ် ဒီမှာတော့ တောရပ်ဖြစ်တယ်၊ ဒေသနာ ဗဟုသုတ ပဋိပတ္တိကျင့်စဉ်တရားတို့မှစ၍ ကိုယ့်ဒူးကိုယ်ချွန်လုပ်ရ တယ်၊ တောရပ်ဆိုတာ မြို့ရပ်နဲ့ကွာခြားတယ်၊ ရန်ကုန်ကိုသွား ရောက်နေမယ်ဆိုရင် ကံအားလျော်စွာ ငါပျံလွန်တော်မူရင် ယခုငါနေတဲ့ကျောင်းကိုလာရောက်ပြီး၊ ၎င်းကျောင်းကိုထိုင်နေ ရမယ်" ဟု ဆရာတော်ကအမိန့်ရှိသောအခါ၊ မှန်လှပါဘုရားဟု လျှောက်ထားပြီးသော်၊ တပည့်တော်၏စိတ်သန္တာန်မှာဆိုပါလျှင် ကျောင်းကန်ဘုရားစတဲ့အဆောက်အဦးတွေကို သာယာမက်မော ခြင်းမရှိလှပါ၊ ကုသိုလ်ပညာရရာ ရကြောင်းနေရာအရပ်မှာ နေ

လိုပါတယ်ဘုရားဟု လျှောက်ကြားလေသည်၊ ထိုအခါဆရာတော်ကအမိန့် ရှိသည်မှာ "မိမိနေလိုကနေ မနေလိုက ကသိုလ်ချင်အပေါင်းတို့ နှစ်ထောင်းအားရမဲ့ပုဂ္ဂိုလ်ကို ထားပေးဘို့ပါဘဲ" ဟု အမိန့်ရှိလေသည်။

ထိုသို့ဆရာတော်ထံမှ ဝမ်းမြောက်ဝမ်းသာ ခွင့်ရပါသဖြင့် ရန်ကုန် ကမ္ဘာအေးဆရာတော်ဘုရား ဦးပညာဒီပ၏ ဝိပဿနာ ဗိမာန်သို့သွားရန် ပြင်ဆင်နေရာ၊ ဋုင်းမိုလ်ရှိကျောင်း တကာ ဦးဘိုးတင့် ရောက်လာ ပြီးလျှင် လျှောက်ထား သည်မှာ၊ "ယခု ဦးပဥ္စင်းရန်ကုန်ကိုသွားပြီး ဝါဆိုမယ်ဆိုရင်ဖြင့် တပည့်တော်တို့ နေ့စဉ်လိုလိုဘဲ အားလပ်ချိန်အခွင့်ရတိုင်း ဟောကြားနေကျဖြစ်တဲ့ ဝိဇ္ဇာ၊ ဝိမုတ္တိ ၅ ပါး၊ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ နိရောဓအဘိဉာဏ်စသောတရားများ ပဋိပတ်စဉ်ဉာဏ်ဖြင့် ယှဉ်လျက် ကောင်းမွန်စွာအစဉ်မသိသေးပါသဖြင့် ဦးပဥ္စင်း ရန်ကုန်မှာဝါဆိုစဉ်၊ မှတ်ထားနာယူရန် စာစောင်ဖြင့် ရေးသား၍ ပေးသနားတော်မူပါအရှင်ဘုရား" ဟု ရိုသေစွာဖြင့် ပဉ္စပတိဋ္ဌိတ တုပ်ဝပ်ကွလျက် ဦးချကာလျှောက်ထားလေသည်။

ဒကာဦးဘိုးတင်၊

အုတ်ဖိုမြို့အရှေ့၊ သာယာဝတီခရိုင်။

## ဒကာဦးအုံးဆင့် တောင်းပန်လျှောက်ထားခြင်း။

ထိုသို့လျှောက်ကြားစဉ် တရွာတည်းနေ ၎င်းကျောင်းဒကာ ဦးအုံးဆင့်ရောက်လာပြီးလျှင် တပည့်တော်တို့မှာလဲ အရှင်ဘုရား ရန်ကုန်ကိုကြွမည်သတင်းကြားကထဲကဝမ်းနည်းမိပါတယ်ဘုရား၊ အရှင်ဘုရား ဟောကြားတော်မူသော သံသရာလည်ပုံ ဖြတ်ပုံ ပဋိစ္စသမုပ္ပါဒ်တရား ကောင်းစွာ မရှင်းလင်းသေးပါ ဘုရား၊ ၎င်းပြင် ဝိပဿနာကျင့်စဉ်တရား၊ ၎င်းဉာဏ်(၁၀)ပါး ဉာဏ်စဉ် (၁၆)ပါး၊ ဝိသုဒ္ဓိ ၇ ပါး တရားတော်မြွက်ကို ကျင့်ကြံမှတ်သားလိုပါသဖြင့် ရေးသား၍ ပေးသနားတော်မူပါရန် လျှောက်ကြားလေသည်။ ၎င်းပြင် တပည့်တော်တို့သည် ထိုကဲ့သို့သော တရားတော်မြွက်ကိုကြားနာရပါသဖြင့် လူ့ဘဝ ဤအဖြစ်သည် တော်ပေစွဟု ဝမ်းမြောက်မိပါတယ်ဘုရားဟု လျှောက်ကြားလေသည်။

ဦးအုံးဆင့်၊
တိုက်ကြီးမြို့အရှေ့ပိုင်း၊
အုပ်ဖိုမြို့အရှေ့၊ သာယာဝတီခရိုင်။

"စလယ်ပြီးချုံး၊ ကျမ်းပြီးဆုံးအောင်၊
ဘယာမရှိ၊ ကင်းလွတ်ဘိ၍၊
နိဂုံးခပတ်၊ အဆုံးသတ်နိုင်ပါစေသတည်း"

ကမ္ဘာလောကခါတ်၏ ဓမ္မတာဖြင့် သူရိယတည်းဟူသော နေမင်းကြီးသည် နေ့ညတို့ဖြင့် ထွက်ဝင်ကာ တထောင်သော ရောင်ခြည်ကိုဆောင်လျက် အမှောင်ကိုခွင်း အလင်းရောင်တို့ကို ဆောင်ပြီးလျှင် သက်ရှိ သက်မဲ့နှင့်တကွ ကမ္ဘာသူကမ္ဘာသား အပေါင်းတို့အား အရောင်အလင်းဓါတ်တို့ဖြင့် သွားလာလှည့်ပတ်အပ်သည်ရှိသော် ဤအချိန်သည်ကား ၁၃၃၁ ခု၊ ဝါခေါင်လဆန်း (၁၀)ရက်နေ့ဖြစ်ပါသတည်း။

ထိုအချိန်တွင် ဒဂုံဥက္ကလာပဟု ရှေးပဝေဏီခေါ်တွင်ညီသော ဒဂုံတိုင်းမဟာ မြောက်ရပ်ဒေသ ဥက္ကလာပတွင် အရိယာတို့နေရာအာဝါသဖြစ်သော အရိယာဝါသဝိပဿနာဗိမာန်တော် ဝိဟာရသည် စိမ်းလန်းစိုပြေ ညိုရွှေရိပြာ စိရိကာဖြင့် ညီညာစွာ ပေါက်လျက်ရှိသော ရော်ဘာပင်တို့သည် နန္ဒဝန်ပမာ ဥယျာဉ်သာကဲ့သို့ အထူးရှင်ပြကာ ဟဒယစိတ်နှလုံးကို ယူကျုံးဘိအလားကဲ့သို့ ကောင်းမြတ်သောအလားအလာရှိပေ၏။

ထို့ပြင်တဝ ယာပသဖြင့် မျှတနိုင်လောက်သော ဆွမ်းခံရာဂေါစရပြည့်စုံခြင်းနှင့်တကွ ရှင်လူရဟန်းသိတင်းသုံးရန် သင့်လျော်ကန်၍ ဉာဏ်ဝိပဿနာ တတ်ကြောင်းဖြာသော ဓမ္မောသစ ဩဝါဒကို ဟောကြားတော်မူပါသော ကမ္ဘာ့ဗုဒ္ဓသာသနာပြုကမ္ဘာအေးဆရာတော်ဘုရားဦးပညာဒီပအသျှင်မြတ်သည် ၇ ရက်တပတ်၊ စဉ်မပြတ်ဖြင့် ခိုဝင်ကိုးစား တပည့်များကိုယထာရဟ

နည်းနယ်ဖြင့် ကရုဏာရှေ့သွားကာ တရားပြသ ဆုံးမတော်မူသည့် ဤဝိပဿနာဇိမာန်တွင် သီတင်းသုံးပါသော အသျှင်သုန္ဒ သမုတ် အကျွန်ုပ်သည်၊ တောင်းပန်အပ်သော ဒါယကာ ဦးဘိုးတင့် ဦးအုံးဆင့်တို့အား၊ ဝိနည်းမဟာဝါ အဘိဓမ္မာပိဋကပါဠိတော်၌လာရှိသော အနက်အဓိပ္ပါယ် နယူပဒေသ သဘာဝနှင့် အာစရိယဝါဒကို ကျနစွာဟောပြခဲ့လေရာ၊ ၎င်းဒါယကာနှစ်ဦးက ရှင်မြူးသောသဒ္ဓါတရားဖြင့် ဉာဏ်ပညာတိုးပွါး၍ မှတ်သားမိအောင် ကျမ်းတစောင်ရေးသား၍ ပေးသနားတော်မူပါရန် တောင်းပန်အပ်သည်ဖြစ်ပါ၍ ဤသို့ တောင်းပန်အပ်သော ပဋိစ္စသမုပ္ပါဒ် ဒေသနာသည်ကား ဂမ္ဘီရ ၄-ပါး နက်နဲခြင်းနှင့် ပြည့်စုံသော ဒေသနာတော်မြတ် ဖြစ်သည်၊ အပဋိဟတ အပိတ်အပင် တားဆီးခြင်း မရှိသော ဉာဏ်တော်၊ ဒသဗလ ဆယ်ပါးသော အားတော် ဉာဏ်တော်တို့ဖြင့်တန်ဆာဆင်၍ ဟောတော်မူသော ဒေသနာတော်မြတ်ဖြစ်ပေသည်။ "သသာဒီဟံ ဝိယမဟာသမုဒ္ဒေါ ဒုဂ္ဂေါ ဂါဠှော" သမန္တ ပါသာဒိကအဋ္ဌကထာ ဆရာမြတ်တို့ မိန့်သည့်စကားအရ ဆိုပါလျှင် မဟာသမုဒ္ဒရာဝယ် ယုန်သူငယ် စုံချထောက်သလို မိမိခြေထောက် ရှေသလောက်သာ မှီမည်။ အစဉ်နက်ဝှမ်းအုံ့ခမန်းရှင်ဖြာ အကြင်သမုဒ္ဒရာကို မမှီနိုင်ရာသကဲ့သို့ ဟူသောသာဓကရှိပါသော်လည်း တောင်းပန်အပ်သော ဒါယကာ တို့၏ အလိုပြည့်ဝစေခြင်းငှါတကြောင်း ကျွန်ုပ်ဒါယကာ ဒါယိကာ မတစု သဒ္ဓါပညာ တိုးပွါးစေခြင်းငှါတကြောင်း၊ အာဂမယုတ္တိ, သဘာဝယုတ္တိ, သာဓကယုတ္တိ, အတ္တနောမတိ အာစရိယဝါဒ ယုတ္တိကြီးလေးပါး လက်ကိုင်ထားကာ လှေသမားဥပမာ သမုဒ္ဒရာ တဘက်ကမ်းသို့ ကူးသန်းသောအခါ ၎င်းသမုဒ္ဒရာအတွင်းဝယ်

နှစ်မွန်းခြင်းမရှိစေရဘဲ လိုအပ်သော အရပ်သို့ ရောက်ဘိသကဲ့သို့ တက် ရှက် လှေ လေ ဤလေးထွေကို ကောင်းမွန်စွာ သတိထား လျက်ရှက်ဖွင့်၍သွားသော လှေသမားဥပမာကဲ့သို့ ယုတ္တိကြီးလေး ပါးကို လက်ကိုင်ထား၍ ရေးသားပေအံ့သတည်း။

၁။ အာဂမာယုတ္တိ—ဘုရားဟောပါဠိတော် အာဂုံ၊

၂။ သဘာဝယုတ္တိ—အနက် သဘောသဘာဝ၊

၃။ သာဓကယုတ္တိ—ဥပမာ သာဓကနှင့်ယှဉ်ခြင်း၊

၄။ အတ္တနောမတိ—မိမိဉာဏ်နှင့် ညှိနှိုင်း၍အာစရိယဝါဒ ယူခြင်း။

## ဆရာတော်ဦးသုန္ဒရမိပတိ

၏

# ဘဝစက္ကနှင့် ဓမ္မစက္ကကျမ်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

ဘုန်းတော်အနန္တ ကံတော်အနန္တ ကျေးဇူးတော်အနန္တ မြေထု ရေထု လေဘု မှောင်ထု အဘက်ဘဝဂ် အောက်အဝီစိနှံ့ဘိစကြာဝဠာ ဘီလာထုပ်ချင်း အကြွင်းမရှိ သိတော်မူသော သဗ္ဗညုတဉာဏ်တော်မျှင် မြတ်လှစွာသော ဘုရားသခင်အား ရောင့်ရဲတင်းတိမ်ခြင်းမရှိသော ရှစ်ခိုးခြင်းဖြင့် အထူးသဖြင့် ရှိခိုးပါ၏။

ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍၊ အေးငြိမ်းရာအမှန် ၅-တန်သော ဝိမုတ္တိ ဝိဇ္ဇာအစစ်ဖြစ်တော်မူပြီး၊ ၄-ပါးသော မဂ်ဉာဏ် ၉-တန်သော ဓမ္မအနှစ် ဖြစ်တော်မူသော တရားတော်မြတ် အပေါင်းကို နှစ်ထောင်းအားရ၊ ရှစ်ဦးခလျက် တင်းတိမ် အားမရသော ရှစ်ခိုးခြင်းဖြင့် ရှစ်ခိုးလိုက်ပါ၏။

မဂ္ဂဖလဌာန် ရှစ်တန်သံဃာ အရိယာနှင့် သီလဝန်, ဂုဏဝန် သိက္ခာသုံးရပ် အကျင့်မြတ်တို့ဖြင့် ပြည့်စုံတော်မူသော အရိယာနွယ်ဝင် ထေရ်အရှင် သံဃာတော်မြတ်အပေါင်းကို ရောင့်ရဲတင်းတိမ်ခြင်းမရှိသော ရှစ်ခိုးခြင်းဖြင့် ရှစ်ခိုးပါ၏။

သံသရာ လည်တာ မသိလို့ လည်တာ ဖြစ်တယ်၊ အဲဒါကိုဘဲ သံသရာကျင်လည်တယ်ဟု ဆိုပါတယ်၊ သံသရာ မလည် မပတ်ဘဲ ရပ်ထာ ပြတ်ထာဟာ သိလို့၊ မလည်မပတ်ဘဲ ရပ်ထာ ဖြစ်တယ်၊ မသိလို့ သံသရာလည်တာရယ်၊ သိလို့ သံသရာမလည်တာရယ် ရပ်ထာရယ်၊ သံသရာဆိုတဲ့ သဘောတရားကြီး ပြတ်ထာရယ် ဆိုတဲ့ တရားကိုယ်တရားရင်း သဘာဝကို ဉာဏဆိုတဲ့ အသိဉာဏ်နဲ့ အသိမှန်ဘို့ အရေးကြီးတယ်။

သံသရာဟု ခေါ်ဆိုသောအမည်နာမရယ် ၎င်းအမည်အခေါ်ဆိုခံအပ်တဲ့ သဘောတရားရယ်-ဝါ အဘယ်မည်သော သဘောတရားကို ခေါ်ဆိုအပ်ပါသနည်းဟူသော မေးခွန်းပုစ္ဆာပြဿနာရယ် တိတိကျကျ မိမိရရသိဘို့ လိုအပ်လှပါတယ်။

ဥပမာ——အနာဆိုး ရောဂါဆိုးကျရောက်၍ ၎င်းအနာမှ ထမြောက်ချမ်းသာရန် ဆေးကုရာ၌ အနာ၏ဖြစ်ရာ အနာ၏သဘောတရားကို မသိပါက အလွန်ထက်မြက်သောဆေး မိမိမှာရှိပါငြားလည်း ပျောက်ကင်းအောင် ကုသရန်ကား မလွယ်ကူလှပေ၊ မလွယ်ကူရုံမျှမကသေး ဆေးအတွက်လည်း အနာရောဂါ တိုးပွါးတတ်သေးသည်၊ သို့ပါသောကြောင့် ခေါ်ဆိုအပ်သော အမည်နာမကိုင်၊ အခေါ်အဆိုခံအပ်တဲ့ သဘာဝမှကိုင်၊ သဘာဝမှ၏ ဖြစ်စဉ်ကိုင်၊ သဘာဝမှ၏ ချုပ်ငြိမ်းခြင်းကိုင်၊ တိကျစွာ သိဘို့ကား အထူးဘဲလိုအပ်ပေသည်။ အလွန်ဩဇာထက်မြက်တဲ့ ဆေးကောင်းသည် ဆေးညွှန်းအမည်နာမနှင့်တကွ အနာကျရောက်ရာကို သိရှိပါက ကုသရာတွင် လွယ်ကူစွာ ပျောက်ကင်းနိုင်ကြောင်းကိုကား လူတိုင်းလိုလိုပင် သိရှိကြလေသည်။

ရှင်းဥပမာနှင့်တူစွာ—

၁။ သံသရာဟူသော အမည်နာမ=ကျင်လည်ခြင်း ဝါ အစဉ်ဖြစ်ခြင်းသဘောကို ဘုရားဟော သည့် အမည် ဖြစ်သည်။

၂။ ကျင်လည်သောသဘောတရား=ရုပ် နာမ်ခန္ဓာ အာယတန ဓာတ် သစ္စာ။

၃။ ကျင်လည်စေခြင်း =မသိသော မောဟ အဝိဇ္ဇာ၊

၄။ ကျင်လည်စေလိုတာက = လောဘတဏှာ-သမုဒယသစ္စာ။

ဤသစ္စာလေးပါးအချက်ကို အကွက်ကျသိရန်ကား—

နံပါတ် (၁) သံသရာဟူသော သဘောဖြင့် ကျင်လည်ကျက်စား ပြေးသွားနေရတယ်ဟုဘုရားဟောဖြစ်တယ် သူကိုယ်တိုင်လဲ သံသရာထဲမှာ ကျင်လည်ခဲ့ရတယ်ဟု ဟောတော်မူတယ် သို့ပါ၍ သံသရာဟူသော အမည်သည်၊ ခန္ဓာ အာယတန ဓာတ်တို့ လည်ပတ်၍ ရှည်ကြာစွာ အစဉ်ဖြစ်နေသော သဘောဖြစ်ကြောင်း ထင်ရှားလောက်ပါပြီ။

ဒါဖြင့်ရင် သံသရာဟူသောအမည်သည် ခေါ်ဆိုအပ်သော အမည်သာဖြစ်သည်၊ လည်ပတ်၍ ကျင်လည်ကျက်စား ပြေးသွားရတဲ့ သဘောတရားကားမဟုတ်၊ ကျင်လည်ကျက်စား ပြေးသွား

သော သဘောတရားကား အဘယ်နည်း၊ မည်သည့်တရားဖြစ်ပါသနည်း။

နံပါတ် (၂) ရုပ် နာမ် ခန္ဓာ အာယတန ဓာတ်သစ္စာ မပြတ်မစဲ ဖြစ်ပျက်နေခြင်းတည်းဟူသော ၎င်းသဘောတရားစုတို့သည် မြစ်ရေအယဉ် မီးလျှံပမာ ရုပ်နာမ်ဖြစ်ပျက်စဉ်ကို သံသရာလို့ ခေါ်တယ်.... ကျင်လည်နေတာက (ရုပ်နာမ်ပါဘဲ)။

နံပါတ် (၃) ၎င်း ရုပ် နာမ်သည် မည်သည့်အကြောင်းကြောင့်ဖြစ်ပျက်သန္တေတည်နေ၍ ကြိမ်ဖန်များစွာ ကျင်လည်နေရပါသနည်း၊ မသိလို့ ကျင်လည်ရလေသည်၊ မည်သည့်တရားကို မသိ၍ ကျင်လည်ရပါသနည်း။

၁။ ဒုက္ခသစ္စာကို မသိခြင်း၊ ၂-ဒုက္ခ၏ဖြစ်ကြောင်း သမုဒယသစ္စာကို မသိခြင်း၊ ၃-ဒုက္ခ၏ ချုပ်တဲ့ နိရောဓသစ္စာကို မသိခြင်း၊ (၄)-ထို ဒုက္ခရဲ့ ချုပ်ဘဲ့ နိရောဓသစ္စာကို ရောက်ကြောင်း အကျင့်ကောင်း မဂ္ဂသစ္စာကို မသိခြင်းဟူသော မသိခြင်း ၄-ပါးနှင့် ပြည့်စုံစွာ မသိသော သဘောတရားကြောင့် သံသရာလည်ပေသည်၊ (၄)မသိသော သဘောတရားချည်းသက်သက်ကြောင့် ကျင်လည်နိုင်ပါသလော မေးဘွယ်ရာရှိတယ်၊မသိသော သဘောတရားချည်းသက်သက်မဟုတ်ပေ၊ ၎င်း ရုပ် နာမ်ကို ကျင်လည်စေလိုသော တဏှာလောဘက စပ်ပေးသဖြင့် ကျင်လည်ရတာဖြစ်ပါတယ်။

ဝေဒနာပစ္စည်းတည်းဟူသော အကြောင်းကြောင့် တဏှာဖြစ်ပေါ်လာတယ်၊ ၎င်းတဏှာ စပ်ပေးသဖြင့် ဉပါဒါန်ဘဝဖြစ်ပြန်ပြီးလျှင် ဘဝနဲ့ဇာတိတစပ် စပ်ပြန်တယ်၊ ဇာတိရရှိသဖြင့် သင်္ခါရ

နှင့် ဝိညာဉ်စပ်ပြန်တယ်၊ ဤပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ အင်္ဂါအားဖြင့် ၁၂ ပါး၊ အခြင်းအရာအားဖြင့် (၂၀)၊ ၄ ပါးသောအလ္လာ၊ ၃ ပါးသောအစပ်၊ ၃ သွယ်သောအခွန်၊ ၃ ပါးသောဝဋ်၊ မူလအားဖြင့် ၂ ပါး၊ ၇ ပါးသောအရေအတွက်ရှိလေသည်။

## ပဋိစ္စသမုပ္ပါဒ်ဇယား။

၁။ မူလ ၂ ပါးအဝိဇ္ဇာနှင့် တဏှာ ဥပါဒါန်ကိုထည့်လျှင် ကိလေသာဝဋ်မည်၏။

၂။ အင်္ဂါ ၁၂ ပါး အဝိဇ္ဇာအစ ဇာတိ မရဏ အဆုံး ၁၂ ပါး။

## လေးပါးသောအလ္လာ

| | | | |
|---|---|---|---|
| အဝိဇ္ဇာသင်္ခါရ တဏှာ ဥပါဒါန်ဘဝ။ | ၁။ အတိတ်အကြောင်း | ၅ ပါးအလ္လာ (ကမ္မဝဋ်) | လေးပါးသောအလ္လာ |
| ဝိဉာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ | ပစ္စုပ္ပန်အကျိုး | ၅ ပါးအလ္လာ (ဝိပါကဝဋ်) | |
| တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာသင်္ခါရ | ပစ္စုပ္ပန်အကြောင်း | ၅ ပါးအလ္လာ (ကမ္မဝဋ်) | |
| ဝိဉာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ | အနာဂတ်အကျိုး | ၅ ပါးအလ္လာ (ဝိပါကဝဋ်) | |

## ၄။ သုံးပါးသောအစွန်းဟူသည်ကား။

| | | |
|---|---|---|
| အတိတ်အကြောင်းတရား | ၅-ပါးကို | အတိတ်အစွန်းမည်၏။ |
| ပစ္စုပ္ပန်အကျိုးတရား | ၅-ပါး | ၎င်းတရား၂-ပါးသည် |
| ပစ္စုပ္ပန်အကြောင်းတရား | ၅-ပါး | ပစ္စုပ္ပန်အစွန်းမည်၏။ |
| အနာဂတ် အကျိုးတရား | ၅-ပါးသည် | အနာဂတ် အစွန်းမည်၏၊ |

## ၅။ အစပ်အားဖြင့် ၃ ပါးဟူသည်ကား

| | |
|---|---|
| သင်္ခါရဝိညာဏ်အကြားတွင် တစပ် | |
| ဝေဒနာနှင့် တဏှာတို့၏အကြားတွင်တစပ် | အစပ်အားဖြင့် |
| ဘဝနှင့်ဇာတိတို့၏အကြားတွင် တစပ် | ၃-ပါး |

ခြင်းရာ ၂၀ ဟူသည်ကား ၄ ပါးသောအလွှာတို့၏ ၅-ပါး ၄-လီ၊ သည်အခြင်းရာ ၂၀-ဖြစ်၏။

ဝဋ်သုံးပါးဟူသည်ကား——

| | | |
|---|---|---|
| အကြောင်းတရားသည် | ကမ္မဝဋ် | |
| အကျိုးတရားသည် | ဝိပါကဝဋ် | ဝဋ် ၃-ပါး။ |
| အဝိဇ္ဇာတဏှာ ဥပါဒါန်သည် | ကိလေသဝဋ် | |

ဤကဲ့သို့ မူလအားဖြင့် ၂-ပါး၊ ၁၂-ပါးသော အင်္ဂါ၊ အလွှာ ၄-ခု အခြင်းအရာ ၂၀-အစွန်း ၃-ဖြာ၊ ၃-သွယ်သော အစပ်၊ သုံး

ပါးသော ဝဋ် အစရှိသော ဤပဋိစ္စသမုပ္ပါဒ်တရားတော်၏အခေါ် အဝေါ် အမည်နာမအားဖြင့် နှုပ်တိုက်ရပါစေ၊ ပြလတံ့သော သံသရာလည်ပုံ သံသရာပြတ်ပုံကို သဘာဝနှင့်တကွ သိရှိနိုင်လိမ့်မည် ဖြစ်ပေသည်။

ခန္ဓာအာယတနဓာတ်တို့သည် တလစပ် ဖြစ်ပျက်နေတာကို သံသရာစက်ဝိုင်းကြီးဟူ၍၎င်း၊ ပဋိစ္စသမုပ္ပါဒ်တရားဟူ၍၎င်း ဘုရားဟောတော်မူတဲ့ ဒေသနာမှာ စက်ဝိုင်းကြီးဥပမာကဲ့သို့ လည်ပတ်နေတယ်။ အကြောင်းကိုစွဲ၍ တပေါင်းတည်းဖြစ်ပေါ် ဖြစ်ပေါ်နေရတာသည် မသိ၍သာ လည်ပတ်ဖြစ်ပျက်နေတယ်ဟု ဟောတော်မူလေသည်။

## ဇာတိမရဏ၊ ဟဘဝ၊ ဖြစ်ပျက်စဉ်ခါ သံသရာ

ငါဘုရားသည်၎င်း သင်ချစ်သားတို့သည်၎င်း အရိယသစ္စာတရားတို့ကို လျှောက်ပတ်စွာ ဝိပဿနာဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် အပဋိဝေဓ မဂ်ဉာဏ်ဖြင့် မသိခြင်းကြောင့် သံသရာကျင်လည်ခဲ့ရလေပြီ ဟူ၍ ဟောတော်မူလေသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာ၊ တို့ကို အနနုဗောဓာ၊ လျှောက်ပတ်စွာ မသိခြင်းကြောင့်။ မမဉ္စေဝ၊ ငါဘုရားသည်၎င်း။တုမှာကဉ္စ၊သင်ချစ်သားတို့သည်လည်းကောင်း ဧဝံ၊ဤသို့။ဣဒံဒီဃမဒ္ဓါနံ၊ဤအဓွန့်ရှည်သောသံသရာ၌။သန္ဓာဝိတံ သံသရိတံ၊ ကျင်လည်ခဲ့ရလေသည်။ ကောဋိဂါမ သစ္စကထာ မဟာဝါပါဠိတော်—

## သစ္စာလေးပါး မသိခြင်း ရှည်လျားသံသရာ

ကတမေသံစတုန္နံ အဘယ်သို့သော သစ္စာတရားတို့ကို မသိခြင်းကြောင့်။ မမဇ္ဈေဝ၊ ငါဘုရားသည်၎င်း၊ တုမှာကဉ္စ၊ သင်ချစ်သားတို့သည်၎င်း။ သန္ဓာဝိတံ သံသရိတံ၊ ကျင်လည်ခဲ့ရသနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခဿ အရိယသစ္စဿ၊ ဒုက္ခတည်းဟူသော အရိယသစ္စာကို မသိခြင်းကြောင့်၊ ဒုက္ခသမုဒယဿ အရိယသစ္စဿ၊ သင်းရဲ့ခြင်း၏အကြောင်းဖြစ်သော သမုဒယသစ္စာကို မသိခြင်းကြောင့်၊ ဒုက္ခနိရောဓဿ အရိယသစ္စဿ၊ ဒုက္ခ၏ချုပ်ဆုံးရာဖြစ်သော နိဗ္ဗာန်ကို အရိယာတို့မြင်အပ်သော ဉာဏ်ဖြင့် မသိခြင်းကြောင့်၊ ဒုက္ခ နိရောဓဂါမိနိပဋိပဒါယ၊ ဒုက္ခ၏ချုပ်ဆုံးရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်မြတ်ဖြစ်သော အရိယသစ္စာကို။ အနနုဗောဓာ၊ လျောက်ပတ်စွာ မသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ မဂ်ဉာဏ်ဖြင့် မသိခြင်းကြောင့်။ မမဇ္ဈေဝ၊ ငါဘုရားသည်၎င်း၊ တုမှာကဉ္စ၊ သင်ချစ်သားတို့သည်၎င်း၊ ဣဒံ ဒီဃမဒ္ဓါနံ၊ ဤအဓွန့်ရှည်သော သံသရာ၌ ကျင်လည်ကျက်စား ပြေးသွားခဲ့ရလေပြီ။

ရုပ်နာမ်ဖြစ်ပျက် ဒုက္ခကို သစ္စာဉာဏ်နဲ့ မသိခြင်းကြောင့်
ရုပ်နာမ်ဖြစ်ကြောင်းသမုဒယကို သစ္စာဉာဏ်နဲ့ မသိခြင်းကြောင့်၊
ရုပ်နာမ်ချုပ်ဆုံးရာ နိရောဓကို သစ္စာဉာဏ်နဲ့ မသိခြင်းကြောင့်၊
ရုပ်နာမ်ချုပ်ဆုံးကြောင်းဖြစ်တဲ့ မဂ္ဂပဋိပဒါ မဂ္ဂင်ရှစ်ပါး အကျင့်တရားကိုမသိခြင်းကြောင့် သံသရာရှည်ကြာရခြင်း ဖြစ်လေသည်။

အရိယာတို့ သိသင့်သိထိုက်သော ၄ ပါးသော အရိယာသစ္စာတရား တို့ကို လေးပါးလုံး ကွယ်ဝှက်ဖုံးကာ အဝိဇ္ဇာအမှောင်ဓါတ်သည်၊ သတ္တဝါဟုဆိုအပ်သော ရုပ်နာမ် ၂ ပါးတို့ကို ဇာတိကာစ မရဏာအဆုံး ဒုက္ခစက်ဘီးလုံးကြီးကို သူ့ကုံး၍ပေးလိုက်လေသည်။ ကုံး၍ပေးသွားသောစက်ဝိုင်းစက်ဘီးလုံးကား ဇာတိကာစ တဘဝ မရဏာအဆုံးရှိလေသည်၊ ထိုတဖန် ပဋိသန္ဓေသို့ပြန်ခါ တုန့်ခေါက်ဒုက္ခတုံး ဒုက္ခခဲကို မလဲ့ကေန် ရမြဲမှန်သဖြင့် တဖန်ပြင်းပြဆင်းရဲကို ခံကြရဘို့ဘဲရှိလေသည်။

ရရှိသောတရားများကား အိုရ နာရ သေရတာ အဖန်ဖန် ဇာတိပြန်ရခါ မရဏာဆုံး တသံသရာလုံးမဆုံးနိုင်အောင် ဒုက္ခဆင်းရဲ ပွားစီးကြောင်း မကောင်းသောတရားအပေါင်း တရားစုကြီးလည်ပတ်၍နေသောတရားအစုကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့်ရှု၍သိသင့်ပေပြီ။

မသိသေးသောသဘောတရား အဝိဇ္ဇာသည် သံသရာကိုလည်စေတယ်ဟူသော စာပုဒ်မှာ မေးဘွယ်ရာရှိပေ၏၊မသိသောသဘောတရား အဝိဇ္ဇာချည်းသက်သက်မည်ကဲ့သို့လည်ပါအံ့နည်း၊ သံသရာကိုလည်စေတာရယ်၊ လည်တဲ့ သဘောတရားရယ် သံသရာလည်အောင်ပြုလုပ်ပေးတာရယ် ၎င်းတရားလည်သဖြင့် အကျိုးတရားရတာရယ် သိဘို့ကား ယခုရေးလတံ့သော ပဋိစ္စသမုပ္ပါဒ်နည်းနယဖြင့် ကောင်းစွာရှင်းထားကာ လိုအပ်သဖြင့် ဖေါ်ပြရေးသားလိုက်ပါသည်။

ဥပမာ စက်ရုံတရုံ၌ ဓါတ်အားပေးသော စက်ဝိုင်းဘီးကြီးလည်ပတ်ခဲ့သည်ရှိသော် အားလုံးသောစက်ကြိယာတန်ဆာအားလုံးတို့သည် သက်ဆိုင်ရာလည်ပတ်ကြကုန်၏၊ သစ်စက်ဖြစ်ခဲ့ပါ

လျှင် သစ်တုံးကြီးငယ်တို့အား ခွဲစိတ်ဖြတ်တောက်ကြကုန်၏။ လို အပ်သောအသုံးသစ်များ ရရှိကြသကဲ့သို့၊ ၎င်းစက်ချုံ၊ ဥပမာ သစ်စက်သည် အလိုလိုလည်သည်မဟုတ်ပေ၊ စက်ဆရာအင်ဂျင် နီယာအတတ်ဖြင့် မောင်းနှင်၍သာ လည်ပတ်ခဲ့သည်မဟုတ်ပါ လော။ ဟုတ်ပေ၏။ ၎င်းဥပမာအတိုင်း။

လည်စေအပ်တာ စက်ဆရာ
လည်ပတ်နေတာ သစ်စက်ပါ
အကျိုးရတာ သစ်များစွာ
စက်ရုံဆောက်တာ လက်သမားဆရာ

၎င်းဥပမာကို ကောင်းစွာနှလုံးသွင်း၍မှတ်သားကြည့်ပါ၊ အသုံး သစ်များကိုတွေ့ရှိသောအားဖြင့် ၎င်းသစ်များဖြစ်ပေါ်ရာ သစ် စက်ကိုသိရမည်၊ ၎င်းသစ်စက်သည်လည်း စက်ဆရာမရှိပါဘဲ၊ မည်သည့်နည်းနှင့်မှလည်နိုင်မည်မဟုတ်ပေ၊စက်ဆရာရှိပြန်ပါလည်း စက်ကရိယာတန်ဆာပလာစက်ရုံမရှိပါက မလည်ပတ်နိုင် သို့ပါ၍ ဆောက်ပေးတတ်ထဲ့ လက်သမားဆရာကိုလဲ ၎င်းအသုံးဝင်သော သစ်တို့ရရှိအောင် စက်ရုံကိုကောင်းစွာဆောက်ပေးသဖြင့် ယင်း လက်သမားဆရာကိုလည်း မူလအချက်ဖြစ်ကြောင်း ကောင်းစွာ သိရှိထားရမည်။

ဘဝစက္ကဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်စက်ယန္တရား ဆိုးကြီးမှ ဓမ္မစက္က ဆိုတဲ့တရားတည်းဟူသောစက်ဝိုင်း (၂) ပါးဆိုရင် ဟပ်၍ထပ်မိ လျှင် ရပ်သွားသည့်ဒေသနာကို သေချာစွာနာယူမှတ်သားစေ ခြင်းငှါ မြတ်စွာဘုရားဟောကြားတော်မူသော အဘိဓမ္မာဝိဘင်း ပါဠိတော် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်ကို ကောင်းစွာကျက်

မှတ် ရွတ်ဖတ်သရဇ္ဈာယ်ကြည်ညိုနိုင်စေခြင်းငှါ အောက်တွင်ရေး သားထည့်သွင်းအပ်ပါသည်။

“ကြည်ညိုလေးမြတ်စွာ နှုတ်တက်ရွရွ ကျက်ဆောင်နိုင်စေရန် “ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသပါဠိတော်”

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ ဝိညာဏပစ္စယာ နာမရူပံ နာမရူပပစ္စယာ သဠာယတနံ သဠာယတနပစ္စယာ ဖဿော ဖဿပစ္စယာ ဝေဒနာ ဝေဒနာပစ္စယာ တဏှာ တဏှာပစ္စယာ ဥပါဒါနံ ဥပါဒါန ပစ္စယာ ဘဝေါ ဘဝပစ္စယာ ဇာတိ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ပါဠိတော်အနက်....အဝိဇ္ဇာပစ္စယာ၊ အဟုတ်အမှန် မသိမမြင် မထင် လင်းမှုဟူသော အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ သင်္ခါရာ၊ ပစ္စုပ္ပန်အမှု သံသရာအမှုတို့ကို ပြုစုပျိုးထောင်ခြင်းဟူ သော သင်္ခါရမှုတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပွါးကုန်၏။ သင်္ခါရပစ္စယာ၊ ပစ္စုပ္ပန်အမှု သံသရာအမှုတို့ကို ပြုစုပျိုးထောင်ခြင်းဟူသော သင်္ခါ ရတရား ထင်ရှားရှိနေခြင်းကြောင့်။ ဝိညာဏံ၊ ဘဝသစ်၌ ဝိညာဏ် သစ်ဖြစ်ပေါ်မှုသည်။ သမ္ဘဝန္တိ၊ ဖြစ်ပွါးကုန်၏။ ဝိညာဏပစ္စယာ၊ ဝိညာဏ်သစ်ဖြစ်ပေါ်မှုကြောင့်။ နာမရူပံ၊ နာမ်အစု ရုပ်အစုသည်။ သမ္ဘဝန္တိ၊ ဖြစ်ပွါး၏။ နာမရူပပစ္စယာ၊ နာမ်အစု ရုပ်အစုဖြစ်ပွါးမှု

ကြောင့်။ သဠာယတနံ၊ ဒွါရခြောက် (၆)မည် အကြည် (၆)ပါး သဠာယတနတရားစုသည်။ သမ္ဘဝန္တိ၊ ဖြစ်ပွါး၏။ သဠာယတန-ပစ္စယာ၊ ဒွါရခြောက်မည် အကြည်ခြောက်ပါး ထင်ရှားရှိခြင်းကြောင့်။ ဖဿော၊ အာရုံကို တွေ့မှုဟူသော ဖဿ ၆-ပါးသည်။ သမ္ဘဝန္တိ၊ ဖြစ်ပွါး၏။ ဖဿပစ္စယာ၊ ဖဿ ၆-ပါး ထင်ရှားရှိနေခြင်းကြောင့်။ ဝေဒနာ၊ အာရုံကို ခံစားမှုဟူသော ဝေဒနာ ၆-ပါးသည်။ သမ္ဘဝန္တိ၊ ဖြစ်ပွါး၏။ ဝေဒနာပစ္စယာ၊ ဝေဒနာ (၆)ပါး ထင်ရှားရှိနေခြင်းကြောင့်။ တဏှာ၊ ဝတ္ထုအာရုံ ကာမဂုဏ်ကို ခင်မင်တွယ်တာ သာယာကပ်ငြိသော တဏှာခြောက်ပါးသည်။ သမ္ဘဝန္တိ၊ ဖြစ်ပွါး၏။ တဏှာပစ္စယာ၊ တဏှာခြောက်ပါး ထင်ရှားရှိနေခြင်းကြောင့်။ ဥပါဒါနံ၊ မလွှတ်နိုင်မခွါနိုင်ပိုင်ပိုင်စေးခဲ အတွယ်မြဲသော ဥပါဒါန်တရားသည်။ သမ္ဘဝန္တိ၊ ဖြစ်ပွါး၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်တရားထင်ရှားရှိနေမှုကြောင့်၊ ဘဝေါ၊ လောကီအစီးအပွါး သံသရာအစီးအပွါးဟူသော ကံတရား ဝိပါက်တရားစုသည်။ သမ္ဘဝန္တိ၊ ဖြစ်ပွါး၏။ ဘဝပစ္စယာ၊ ပစ္စုပ္ပန်အစီးအပွါး သံသရာအစီးအပွါး ထင်ရှားရှိနေမှုကြောင့်။ ဇာတိ၊ အဖန်ဖန် ပဋိသန္ဓေနေရခြင်းသည်။ သမ္ဘဝန္တိ ဖြစ်ပွါး၏။ ဇာတိပစ္စယာ၊ ပဋိသန္ဓေနေမှု ထင်ရှားရှိနေမှုကြောင့်။ ဇရာမရဏံ၊ အဖန်ဖန် အိုမင်းရင့်ရော်မှု သေဆုံးမှုသည်၎င်း။ သောကပရိဒေဝ ဒုက္ခဒေါမနဿု ပါယာသာ၊ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းမှု ပင်ပန်းဆင်းရဲ နှလုံးမသာယာမှု သက်ကြီးရှိုက်ငင် ပင်ပန်းမှုတို့သည်၎င်း။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ သုခမဘက် သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ဤဒုက္ခအစု၏။ သမုဒယော၊ ဖြစ်ပွါးခြင်းသည်။ ဟောတိ၊ ဖြစ်၏။

## ခန္ဓာကိုယ်နှင့် ဓမ္မစေတီကျောင်းဥပမာ

ဓာတုစေတီ ဓမ္မစေတီ ပရိဘောဂစေတီ ဥဒ္ဒိဿစေတီဟူ၍ စေတီလေးပါးရှိသည်တွင် ဓမ္မစေတီကိုကိုးကွယ်သောသူတို့သည် ပဋိစ္စသမုပ္ပါဒ်ဒေသနာ ပါဠိတော်ကြီးများကို ရွှေပြားငွေပြားမှာ ရေး၍ကိုးကွယ်ရသည်ဟု ကျမ်းဂန်တို့မှာလာသည်တရပ်။ ဓမ္မာနုဿတိတည်ရှိသောသူ၏ ခန္ဓာကိုယ်သည် စေတီကျောင်းနှင့် အလားတူသည် လူနတ်ကပူဇော်ထိုက်သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ လာသည်တရပ် ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သည် ငါဘုရားကိုယ်စား ဘုရားအရာ၌ တည်သည်ဟု ဟောတော်မူသည်တရပ် ဤသို့လာသောအရာများကိုထောက်၍ ပဋိစ္စသမုပ္ပါဒ်ဒေသနာ အကျဉ်းအကျယ်ပါဠိတော်ကြီး များကို အရကျက်၍ အသက်ထက်ဆုံး အမြဲ ဆောင်ရွက်သော သူ ယောကျ်ားဖြစ်စေ မိမ္မဖြစ်စေ ဓမ္မစေတီကျောင်းတော်နှင့်တူ၏ လူနတ်တို့ရှိခိုးပူဇော်ခြင်းကို ခံထိုက်၏ဟု သိအပ်၏။ (လယ်တီဆရာတော်)

**တိုက်တွန်းချက်**——ဤမျှသော အကျိုးကိုထောက်ဆ၍၊ အနက်အဓိပ္ပါယ်သိ၍ ရှင်းလင်းနေသောသူ၏ ဥာဏ်သည် ဆိုဘွယ်ရာကားမရှိနိုင်တော့ပေ၊

ဤစာစောင်ရေးနေစဉ်မှာ ဝိပဿနာဗိမာန်ဓမ္မာရုံအတွင်း၌ ၇-ရက်တပတ် တကာဦးမောင်မောင်ကို တရားထောက်တရားနာခံ

ထား၍ ဟောကြားတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ်ဒေသနာ တော်နှင့် ဝိပဿနာတရားတော်မြတ်ကိုလည်း ဟောစဉ်နှင့်တကွ ထည့်သွင်းရေးသားအပ်ပါသည်။

“ပဏ္ဏာမတရားအချီး” ဒကာမောင်ရေ(ဘုရား)ကမ္ဘာ့အေး ဆရာတော်ဘုရား ဦးပညာဒီပ၏ ဝိပဿနာဗိမာန်ဓမ္မာရုံကြီးမှာ ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်ကို ဟောကြားမယ်ဆိုပြီး လွန်ခဲ့တဲ့ ၇-ရက်တပတ်လောက်က တရားကျေညာခဲ့တယ် (မှန်ပါဘုရား) တရားဟောရတာက အုပ်ဖိုမြို့အရှေ့တိမ်မြို့ကြီးရွာ ဒါယကာ ဦးဘိုးတင့် ဦးအုံးဆင်တို့က စာစောင်နှင့်တကွ မှတ်သားမိအောင် ရေးသား၍ ပေးသနားတော်မူပါလို့ တောင်းပန်လျှောက်ကြား ရာ ယခုဆရာတော်ရဲ့ ဓမ္မာရုံကြီးမှာဝင်း၊ စာစောင်ရေးသားရင် ဒကာမောင်နှင့်တကွ အားလုံးသောဒကာဒကာမတစုတို့က တရား ဟောရန် တောင်းပန်လျှောက်ကြားလေတော့၊ အဲဒီပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကိုဘဲ ဟောကြားရတော့မှာဘဲ(မှန်ပါဘုရား)

အဲဒီပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မြတ်ကြီးဟာ မြတ်စွာဘုရား ဗောဓိပင်နဲ့ ရတနာရွှေပလ္လင်မှာ မာန် ၅-ပါး အောင်မြင်တော် မူပြီး နေအာရုံတက်သည်နှင့်တကွ သဗ္ဗညုတဉာဏ်နှင့် အရဟတ္တ မဂ်ဉာဏ်ကို ရပြီးသကာလ၊အဲဒီဗောဓိပင်အောက် ရွှေပလ္လင်ပေါက် ရာ ၄င်းပလ္လင်တော်မှာ ၇-ရက်တိတိ အနုလောမ အစဉ်လိုက် ပဋိ လောမ အပြန်အလှန် အထပ်ထပ် ရှုဉာဏ်တော်ကြီးနဲ့ ဆင်ခြင် သုံးသပ်တဲ့ ဒေသနာတော်ကြီး ဖြစ်တယ်။ ဒကာမောင် —— (ဘုရား) ဒါကြောင့် မြတ်စွာဘုရားတို့ ပွင့်တော်မူမှ ကြားရ နာရ တာဖြစ်တယ်၊ ဦးပဥ္စင်းတို့ကလဲ ဘုရားရှင် ဟောတော်မူတဲ့ ဒေသ-

နာတော်မြတ်ကြီးကို မိမိတို့ဉာဏ်မှီသလောက် ဆရာတော် ဆရာမြတ်တို့ထံမှာ သဒ္ဒါတရား လက်ကိုင်ထားပြီး သင်ရ, ကြားရ မှတ်ရတယ်၊ အဲဒီ သင်ကြားမှတ်သားမိသလောက် ဒကာမောင်နှင့် ပရိတ်သတ်များကို ဟောကြားရတယ်၊ ခင်ဗျားတို့ကလဲ နာကြားရတယ်၊ အဲဒါဟာ ဝမ်းမြောက်ဘွယ်မဟုတ်ပါလား(ဒကာမောင်) ဝမ်းမြောက်ဘွယ်ပါဘုရား။

အဲဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်ဟာ ဥဒါန်းပါဠိတော်မြတ်လဲဖြစ်တယ်ဆိုနိုင်တယ်၊ သံသရာလည်ပုံအခြင်းအရာ သံသရာလယ်တဲ့သဘောတရား၊ အဲဒီသံသရာလည်ပါသဖြင့် အကျိုးတရားငင်းတရားတွေကို ရွှေဉာဏ်တော်နှင့် တပ်တပ်ထင်ထင်မြင်တော်မူပါသဖြင့် ဗုဒ္ဓဘုရားရှင်ဟာ သူကိုယ်တိုင် အကျိုးတရားတွေခံစားခဲ့ရတယ်အကြောင်းတွေ ယခုအခါမှာ အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိပါသဖြင့် အဲဒီပဋိစ္စသမုပ္ပါဒ်ဘဝအဆိုးသံသရာကြီး ရပ်ပြီး အကြောင်း အကျိုးတွေ ပြတ်ခါငါဘုရားရဲ့စိတ်ဓါတ်ဟာ သခ်ါရ သခ်ါတဆိုတဲ့ ပြုပြင်ခြင်းကင်းတဲ့ဝိသခ်ါတ နိဗ္ဗာန်ကို စိတ်သန္တာန်ကိန်းဝပ်ဝင်စားတော်မူတယ်၊ အဲဒီလိုဝင်စားတော်မူတဲ့အခါကြတော့ အလွန့်အလွန်အားရတော်မူပါသဖြင့် နှုတ်တော်မမြွက်ဘဲ စိတ်ထဲကနေပြီး ဥဒါန်းကျူးရင့်တော်မူတယ် အဲဒီဥဒါန်းဂါထာများကို ဒကာမောင်၊ ရဲ့ သားမျ (အမိန့်ရှိပါဘုရား) ဥဒါန်းဂါထာများကို တရားဆုံးမှာ [illegible] လိုရင်းတိုတို ကျဉ်းကျဉ်းက သည်[illegible] ပဌမဂါထာက ဗောဓိ

ကမ္ဘာအေး၊ ရန်ကုန်

ပက္ခိယ ၃၇–ပါးသော တရားတို့ ထင်ရှား ဖြစ်ပေါ်သဖြင့် အကြောင်းတရားတို့ ကုန်ရာ ကုန်ကြောင်းဖြစ်တဲ့ နိဗ္ဗာန်ကိုသိတော်မူတယ်၊ တတိယ ဂါထာက ကောင်းကင် ပြင်မှာ နေမင်းကြီး လမင်းကြီး ထွန်းလင်းသလို ထွန်းလင်း ပါသဖြင့် အမိုက်တိုက် ဖြစ်တဲ့ ကိလေသာ မာရ်အပေါင်းကို ပယ်ဖျက်သုတ်သင် ပြီးပြီ။

အဓိပ္ပါယ်လိုရင်းက—— အကြောင်း အကျိုး သိတော်မူတယ်၊ သိတော်မူသဖြင့် အကြောင်းကို ပယ်တယ်၊ အကျိုး ငြိမ်းတယ်၊ နေရောင်၊လရောင်မှာ အမှောင်ပျောက်သလို ကိလေသာတည်းဟူသော အမိုက်တိုက်ကိုပယ်ဖျက်ပြီး၍ ငါဘုရားရဲ့စိတ်သန္တာန်ဟာ အသင်္ခတ နိဗ္ဗာန် ပြေးဝင်သဖြင့် ငြိမ်းပြီ၊ အဲဒါကို ဝမ်းမြောက်တော်မူသဖြင့် ဥဒါန်းကျူးရင့်တော်မူတယ်။

တရားအကျိုး ပဏာမတော်လောက်ပြီ၊

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်တရားကို ဆက်ကြအုံးစို့။

## ပဋိစ္စသမုပ္ပါဒ်တရားတော်

တရားကြအုံးစို့ရဲ့ ဒကာမောင်.... (ဘုရား)။ ပဋိစ္စသမုပ္ပါဒ် သံသရာလည်တာကို သိရင် သံသရာပြတ်သောတရားကို သပ်သပ်ရှာကြံပြီး နာရအုံးမှာလား။ ဒကာမောင် ဒီနေရာမှာ သဒ္ဓါ၊ ပညာ ဦးစီးပြီး တရားနာမှဖြစ်မယ်၊ လည်တာကိုသိရင် ရပ်ထာက

လည်ပတ်နေတဲ့ စက်ဝိုင်းကြီးကို ရပ်လိုက်တော့၊ လည်ပတ်နေတဲ့ စက်ဝိုင်းကြီး ရပ်မသွားဘူးလား၊ (ရပ်ပါတယ်ဘုရား)။ ရပ်ရင် ပြတ်တယ်။ ရပ်ထာက သံသရာ၊ ပြတ်ထာက အကြောင်းနဲ့အကျိုး၊ အကြောင်းကို ပယ်လိုက်တော့ အကျိုးမဖြစ်ဘဲ ရပ်သွားတာဟာ အဲဒါပြတ်ထာနဲ့ ရပ်ထာဖြစ်တယ်။ ဒါဖြစ်ရင် အဲဒီပဋိစ္စသမုပ္ပါဒ် စက်ရဟတ် စက်ဝိုင်းကြီးကို လည်ပတ်နေတဲ့ သဘောတရားစုရယ် လည်ပတ်အောင် လုပ်ပေးတဲ့တရားရယ်၊ လည်ပတ်စေတာရယ်၊ သံသရာဆိုတဲ့ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ပတ်တော့ ရအပ်ခံစားအပ်တဲ့ အကျိုးတရားရယ်၊ အဲဒီ ၄-ဌာန သိဘို့လိုတယ်၊ ပဋ္ဌာန ကဏ္ဍမှာလဲ ပြခဲ့ပါတယ် (ဒကာမောင်) အမည်နာမကိုက ပဋိစ္စ-သမုပ္ပါဒ် အကြောင်းကို စွဲ၍ သမုပ္ပါန် ဖြစ်ပေါ်ကြကုန်၏။ အကြောင်းကို စွဲ၍ တပေါင်းထဲ ဖြစ်ပေါ်တဲ့ သဘောတရားကို ပဋိစ္စသမုပ္ပန္နလို့ ခေါ်တာ ဖြစ်တယ်။ ဒကာမောင်.... (ဘုရား)၊ မည်သည့် အကြောင်းကို မည်သို့သော သဘောတရားက စွဲပြီး ဖြစ်ထာလဲဆိုတာကို သိဘို့မလိုဘူးလားဗျာ (ဒကာမောင်)၊ လိုပါတယ်ဘုရား။ ဒါဖြင့်ရင်အတိတ်အကြောင်း, အနာဂတ်အကြောင်း, ပစ္စုပ္ပန်အကြောင်း ၃-ကြောင်း ရှိတယ်။ အတိတ်အကြောင်းကို တယ့်သန့်ပြီး ပြောဟောနေရင်လဲ ကုန်ဆုံးပြီဖြစ်တယ်။ အနာဂါတ်ကလဲ မရောက်သေးသဖြင့် ပြစရာ မရှိသေးဘူးဗျ၊ အဘယ် အကြောင်းကိုပြမှ ထင်ရှားသိနိုင်တဲ့ အကြောင်း ဖြစ်မလဲဆိုရင် ယခုပစ္စုပ္ပန်ရုပ်နာမ်က ပြမှ, ဟောမှ သဘောပေါက်မယ် (ဒကာမောင်၊ မှန်ပါ့ဘုရား)။ ကိုင်း တာဖြင့် ခင်ဗျားရုပ် နာမ်ထဲမှာ အဘယ်ကဲ့သို့သော သဘောတရားတွေရှိသလဲ၊ ရှိတာတွေကို မိမိရဲ့ ကိုယ်ကို မိမိအသိဆုံးဖြစ်ရမယ်။

ဒါဖြစ်ရင် မိမိခန္ဓာကိုယ် ထည်းမှ သဘောတရား တွေကို ဦးပဉ္စင်းကိုပြောပြစမ်းပါ၊ အမိန့်ရှိပါဘုရား ဒကာမောင်ရဲ့ခန္ဓာကိုယ်ထဲမှာ ရုပ်နာမ်ထဲမှာ ဝိဉာဏ် ဝိဉာဏ်ဆိုတဲ့စိတ်တွေ ရှိရမယ်၊ နာမ်ဆိုတဲ့အာရုံဆိုသို့ညွတ်မှု နာမ်တရားတွေလဲရှိရမယ်၊ ရုပ်ဆိုတဲ့ဓါတ်ကြီးလေးပါးနှင့်တကွ ၂၀ ပါးသောရုပ်တွေလဲရှိရမယ်။ ဝိဉာဏ်ရယ် နာမ်ရုပ်ကယ်ရှိပါသဖြင့် သဠာယတနဆိုတဲ့ စက္ခုအကြည် သောတအကြည် စတဲ့(၆)ပါးသော အကြည်ရုပ်တွေကောမရှိဘူးလား (ရှိပါတယ်ဘုရား) ၎င်းအကြည်ရုပ်ရှိပါသောကြောင့် အဲဒီအကြည်ပေါ်မှာ ရူပါရုံနှင့်တိုက်ဆိုင်သောအခါ တွေ့ထိတဲ့ဖဿဖြစ်ပေါ်တယ်၊ ရူပါရုံစက္ခုအကြည်တွေ့ဆုံဖဿဖြစ်ပြီးရပ်မနေဘဲအဲဒီဖဿ၏ကျေးဇူးပြုလိုက်တော့ ဝေဒနာပေါ်တယ် ဝေဒနာကလဲ ကောင်းတာလဲခံစားတယ် မကောင်းတာလဲရှုံ့မဲ့ပြီးခံစားတယ် အင်မတန်ပြင်းထန်တဲ့ဝေဒနာကို ချန်ထားပြီး မြင်တာ ကြားတာ နံတာ လျက်တာ တွေ့ထိတာတွေကို သိမ်းကျုံးပြီး သာယာစွာခံစားတယ်မှင်လမ်းငမ်းမြောက်စွာ ကြံဖန်အလေ့အလာပြုလုပ်ပြီးခံစားတယ်၊ ခံစားမှုကြောင့် သာယာတဲ့တဏှာဟာ ဖွါးဆိုပြီးပေါ်ပေါက်လာတယ် တဦးကိုတဦး ကျေးဇူးပြုပြီး၊ တခုဖြစ်ရင် နောက်တခုဖြစ်ရန် ကျေးဇူးပြုပြီး အကြောင်းပေးလေတော့ ကျေးဇူးခံတရားတွေပေါ်တယ်၊ ကိုင်းဒါဖြင့်ရင် ပေါ်လာတဲ့တရားတွေကို ကိုယ်တိုင်စစ်တမ်းထုပ်၍ဖေါ်ကြအုံးစို့၊ (၁)သိမှုကြံမှုဝိဉာဏ်ရယ်၊ အာရုံမှဆိသို့ညွတ်မှု၊ (၂)နာမ်ရယ် ဓါတ်ကြီးလေးပါးစတဲ့ရုပ်ရယ် စက္ခုဒွါရခြောက်ပါးမှာ အရိပ်ထင်စရာအကြည်ရုပ်ဆိုတဲ့၊ (၃)သဠာယတနရယ် စက္ခုအကြည်ရုပ်နှင့် ရူပါရုံတိုက်ဆိုင်၍ ၂-ပါးဆုံ၊ (၄)ဖဿဆိုတဲ့

အတွေ့ရယ်၊ ဖဿဖြစ်သောကြောင့် ခံစားမှုကောင်းမကောင်း ဝေဒနာစုရယ် ၎င်းအကျိုးတရား ၅-ပါးဟာ

၁။ ဝိညာဏ်
၂။ နာမ်ရုပ်
၃။ သဠာယတန
၄။ ဖဿ
၅။ ဝေဒနာ

ဒကာမောင်နှင့်တကွ အားလုံးသောပုဂ္ဂိုလ် တို့မှာ ရှိကြတယ်မဟုတ်ပါလား (ရှိပါတယ် ဘုရား) အဲဒီ ငါးပါးသော တရားဟာ မည် သည့် အကြောင်းကြောင့် ပေါ်လာတယ် ဆိုတာကိုမသိတဲ့ ဉာဏ်ဟာ(အဝိဇ္ဇာ)သိတဲ့ ဉာဏ် (ဝိဇ္ဇာ) ဒီနေရာမှာ သတိသားပြီး တရားနာပါ။

ဒါဖြင့်ရင် ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ အားလုံးသော တရား နာကြတဲ့ ပရိသတ်တို့၏ ခန္ဓာကိုယ်ထည်းမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန ဖဿ ဝေဒနာ အကျိုးတရားငါးပါး ရှိသလား မရှိ ဘူးလားအားလုံး ပရိတ်သတ်တွေပါဖြေပြပါ(ရှိပါတယ်ဘုရား)။

အဲဒီအကျိုးတရားငါးပါးဟာ မည်သည့် အကြောင်းကြောင့် ပေါ်လာတာလဲ၊ ဖြစ်ဆဲပစ္စုပ္ပန်မှာ စက္ခုဝိညာဏ်စိတ်ဖြစ်တာ လို ရင်းကို ဖြေပယ်ဆိုရင် ရူပါရုံကြောင့်ဖြစ်ပါတယ်၊ ဖြေရာရှိတယ်၊ သောတဝိညာဏ်စိတ်လဲ သဒ္ဒဆိုတဲ့အသံကြောင့် သောတဝိညာဏ် ဖြစ်တယ် ဆိုပါတယ်၊ စက္ခုဝိညာဏ်စိတ်၊ သောတ ဝိညာဏ်စိတ်၊ ဃာနဝိညာဏ်စိတ်၊ ဇိဝှါဝိညာဏ်စိတ်၊ ကာယဝိညာဏ်စိတ်၊ မနော ဝိညာဏ်စိတ် အဲဒီဝိညာဏ်စိတ် (၆) ပါးဟာ အကျိုးစိတ်တွေပေါ့၊ အဲဒီအကျိုးစိတ်တွေဟာ ဒကာမောင်နှင့် အားလုံးသော ပရိ သတ်တို့၏ ခန္ဓာကိုယ်ထဲမှာ မပျက်မစီးဘဲ အစဉ်သဖြင့် ဖြစ်ပြီး တည်နေသလား (မတည်ပါဘုရား) အဘယ်ကဲ့သို့တည်နိုင်မှာလဲ

ဗျား၊ဖြင်ထာကိုကစက္ခုဝိဉာဏ်စိတ်ဖြင်ထာ၊ ရူပါရုံတည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာရတာ ဖြစ်ပေါ်ပြီးရင်လဲ ချုပ်ရပြန်တယ် အကယ်၍များ စက္ခုဝိဉာဏ်စိတ်မချုပ်ဘဲ တည်နေမယ်ဆိုရင် နောက်တဖန်သောတဝိဉာဏ်စိတ်ကျန်တဲ့ဝိဉာဏ်စိတ်တွေ ဖြစ်နိုင်စရာမရှိတော့ဘဲ အဲဒီ စက္ခုဝိဉာဏ်စိတ်ချည်းဖြစ်နေမှာပေါ့ ကျန်တဲ့ ဝိဉာဏ် စိတ်တွေ မဖြစ်နိုင် တော့ပေ၊ ဒါကြောင့် သူ့အကြောင်းနှင့်သူ့အကျိုးတရားဟာ ဖွားဆိုပေါ်ပေါက်ပြီး ချုပ်ရပြန်တယ် အကယ်၍ ဝိဉာဏ်စိတ်တွေဟာ ရှိနှင့်တယ်အစဉ်သဖြင့်ရှိတယ် ယူရင် သဿတ ဒိဋ္ဌိဘက်မှာ အကြောင်း ကင်း၍သဘောအတိုင်းသာဖြင်တယ် အကြောင်းကင်းတယ်ဟုယူရင် ဥစ္ဆေဒဒိဋ္ဌိအယူ၊ ဒါကြောင့် ဒီနေရာမှာ ပစ္စုပ္ပန် တိတိ ဆိုရင် ရူပါရုံကအကြောင်း စက္ခုဝိဉာဏ်က အကျိုး ရူပါရုံ တည်းဟူသော အကြောင်း၊ အာလောကတည်းဟူသော အဆင်းကိုထင်နိုင်သော အလင်းရောင်၊ ကြည့်လို့ မြင်လိုတဲ့ နှစ်လုံးသွင်းမှု (စက္ခုရယ်) (အဆင်းရယ်)(အလင်းရယ်)(နှလုံးသွင်းမှုရယ်) ၎င်းလေးခု ဆုံ၍ ဝါ ပြည့်စုံ၍= (မြင်သိစိတ်) ကြားသိစိတ် နံသိလျက်သိ ကြံသိဆိုတဲ့ ဝိဉာဏ်စိတ် (၆)ပါးအလှည့်အလည်အားဖြင့် ပေါ်ရတယ် မဟုတ်လား (ဒကာမောင်) မှန်ပါဘုရား။ဒါဖြင့်ရင် အကျိုးကို အကျိုး အကြောင်းကိုအကြောင်းဟုမသိရင် အဝိဇ္ဇာဖြစ်နေတယ် အကျိုး အကြောင်း ကောင် ကောင်း သိထားရင် ဝါ သိအောင် ကျိုးစားပြီး စာနှုတရားနာ တရားကို ကိုယ်တိုင်ရှုမှတ်ရင်သိရမယ် မဟုတ်လား သာသနာတော်ကြီးမှာဒေသနာ တည်းဟူသော အလင်းရောင်ကြီးအောက်မှာ မိမိကိုယ်တိုင် ပဋိပတ္တိကျင့်စဉ်ကို အားထုတ်လိုက်ရင် လျှင်လျှင်မြန်မြန်သော်၎င်း၊ မကြာမတီအလယ်အ

လုပ်သော်ရင်း၊ ၎င်းမှမရရှိသေးရင်ကြိုးကြိုးစားစားအားထုတ်ရင် မရနိုင်ဘူးလား (ရနိုင်ပါတယ်ဘုရား) ရနိုင်လို့ ဦးပဥ္စင်း ကလဲ တိုက်တွန်းလိုက်ရပါတယ်။

ဒါဖြင့်ရင် အကြောင်းနှင့်အကျိုး ရှင်းလင်းတဲ့ ဉာဏ် မြင်ရင် ဒကာမောင် အဝိဇ္ဇာလား ဝိဇ္ဇာလား (ဝိဇ္ဇာပါဘုရား) အဲဒီ ဝိဇ္ဇာအလင်းရောင် တရားကြီးကို တိုက်တွန်း ချီးမြှင့်လိုက်ရပါတယ် ကိုင်း တရားပြန်ဆက် ကြအုံးစို့၊ ရူပါရုံ အကြောင်း တိုက်လိုက်တော့ စက္ခုရုပ်အာယတန အကြည်မှာ အရိပ်ထင်ပြီးလျှင် စက္ခုဝိညာဏ် စိတ်ဖြစ်တယ် ထိသုံးပါးဆုံသောကြောင့် ဖဿဖြစ်၊ ဖဿပစ္စယာ ဝေဒနာ ဖြစ်တယ်။

စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ အဲဒီ အကျိုးတရား ၅—ပါးဟာ ပစ္စုပ္ပန်အကြောင်းတွေ တိုက်ဆိုင်တိုင်း တိုက်ဆိုင်တိုင်း တဖွားဖွား မရပ်မနား ဖြစ်ပေါ်နေတာကိုသိရမယ်၊ ၎င်းပစ္စုပ္ပန်အကြောင်းနဲ့ အကျိုး ဖြစ်ပွားခြင်းကို ဉာဏ်နဲ့ ထင်နိုင်ခဲ့သောကြောင့် အန္ဓပုထုဇဉ် အသုတ ပုဂ္ဂိုလ်တို့ဟာ အိမ်မက်တောင် မမြင်မက်ဘူးကြပေ၊ ဉာဏ်နဲ့ ထင်နိုင်ခဲခြင်း အလွန်အလွန်ခဲယဉ်းသောကြောင့် အဲဒီမသိတရားကိုပစ္စုပ္ပန်အခွန့်လို့ခေါ်တယ်ပစ္စုပ္ပန်မှာ မသိတာကို သံသရာရှည်ကြာသောတရားဟု ဗုဒ္ဓ ရှင်တော်ဟောတော်မူတယ်၊ စက္ခု အကြည်ရယ်ရူပါရုံရယ် စက္ခုဝိညာဏ်ပေါင်းဆုံတာကို ဖဿ ဖြစ်တယ်ဆိုတော့ဖဿပစ္စယာဝေဒနာ ဖဿကအကြောင်းပစ္စယာ ဝေဒနာက ပစ္စယုပ္ပန်အကျိုး တဦးကိုတဦးကျေးဇူးပြုကြတဲ့တရား သဘောတွေဖြစ်တယ်၊ ဒါ့ကြောင့် ဝေဒနာဖြစ်တော့ ရပ်မနေဘဲ ဝေဒနာပစ္စယာ တဏှာလို့ ၎င်း ပါဠိတော်မှာ ပြခဲ့တယ် မဟုတ်

လား၊ ဝေဒနာဖြစ်ရင်တဏှာလဲ ဖြစ်မှာဘဲ၊ တဏှာဖြစ်မှာပေါ့ သူ့အကြောင်း နှင့် သူ့ အကျိုးဖြစ်တဲ့ တရားကို၊ မသိဘဲကိုး အကြောင်းလဲမသိအကျိုးလဲမသိ အဲဒီမသိဉာဏ်နဲ့ လက္ခဏာရေး ၃—ပါး မည်ကဲ့သို့ ဆင်ခြင်ပါမလဲ၊ အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ သဘောတရားကို မရှုမှတ်တတ်ရင် ဒသကျမ်းပင်တရားများ မဆင်ခြင်ရင်၊ အဲဒီ ဝေဒနာဟာ တဏှာဖြစ်တာ အမှန်ကြိန်းသေ ဖြစ်တယ်၊ ဒကာမောင်နှင့်တကွပရိသတ်တွေပါ=ဖြေပြပါ၊ လက္ခဏာရေး ၃—ပါး မရှုမှတ်ရင် (တဏှာဖြစ်ပါတယ်ဘုရား) ဤလူ့ဘဝ သာသနာ ခေတ်ကြီးမှာ လူလာဖြစ်ပြီး သံသရာတကြော မြေပြန် တော့ တာပေါ့၊ ဒကာမောင် တဏှာဖြစ်တော့ ဥပဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ၊ ပစ္စည်းတွေဆက်ဖြစ်ပြီး နောင်အနာဂတ်တဖန် သေရဘို့ပြန်ပြီး ဝိဉာဏ် နာမ်ရုပ်မဖြစ်လား (ဖြစ်ပါတယ်ဘုရား) အကျိုးတရားငါးပါးက ရပ်မနေဘဲ၊ အကြောင်းတွေ ဆက်ဆက် ပြုတာကို=

| | | | |
|---|---|---|---|
| အတိတ် အကြောင်း တရား ၅ ပါး | ပစ္စုပ္ပန်အကျိုး တရား ၅ ပါး | အနာဂတ် အကြောင်း တရား ၅ ပါး | အနာဂတ် အကျိုးတရား ၅ ပါး |
| အတိတ်အမှန် ကမ္မဝဋ် | ပစ္စုပ္ပန်အမှန် ဝိပါကဝဋ် | ပစ္စုပ္ပန်အမှန် ကမ္မဝဋ် | အနာဂါတ်အမှန် ဝိပါကဝဋ် |
| အဝိဇ္ဇာ | ဝိဉာဏ် | တဏှာ | ဝိဉာဏ် |
| သင်္ခါရ | နာမ်ရုပ် | ဥပါဒါန် | နာမ်ရုပ် |
| တဏှာ | သဠာယတန | ဘဝ | သဠာယတန |
| ဥပါဒါန် | ဖဿ | အဝိဇ္ဇာ | ဖဿ |
| ဘဝ | ဝေဒနာ | သင်္ခါရ | ဝေဒနာ |
| | | | ဇာတိဇရာမရဏ |

တာဖြစ်ရင်အခုလဲခံနောက်လဲခံ သံသရာကဲ့ တာတေလံအောင် ခံကြပေတော့ အိုဒုက္ခ နာဒုက္ခ သေဒုက္ခတွေတဆက်ထဲဘဲခံကြရတယ်၊ ဟုတ်ကဲ့လား ဒကာမောင် (မှန်ပါတယ်ဘုရား) သေသေချာချာ ဟုတ်တာမှန်တာများ ကိုယ်ဘိုင်သိကြတယ် မဟုတ်လား အိုကြရတယ်မဟုတ်လား အိုကြရတဲ့ဒုက္ခ နာကြရတဲ့ဒုက္ခ သေကြရတဲ့ဒုက္ခ။ အဲဒီဒုက္ခက နဂိုပါလာတဲ့ ဒုက္ခရင်း—အပိုဒုက္ခက သောကပရိဒေဝ ဒုက္ခဒေါမနဿဥပါယာသ ဆိုတဲ့ သားသေလို့လင်သေလို့ငိုရတယ် ပင်ပန်းရှုံ့ကင်င်၊ ပူပင်လိုက်လို့ အသဲစွဲအောင် ပါလာတဲ့ဒုက္ခကတော့ ဘုရားရဟန္တာလဲ မလွတ်နိုင်ဘူးခံရတယ်၊ ခုတင်ကပြောခဲ့တဲ့ အပိုဒုက္ခကတရားမရှုမှတ် မဆင်ခြင်ပါသဖြင့် အပိုဒုက္ခတိုးလာတယ်-နဂိုကပါလာတဲ့ဒုက္ခရယ်၊ သက်သက်အပိုဒုက္ခရယ် လုံးထွေးပြီးနေတဲ့ ဒုက္ခတုံးဒုက္ခခဲကြီးမှ လွတ်မြောက်ကြောင်းဖြစ်တဲ့ အကြောင်းအကျိုးချုပ်ငြိမ်းတဲ့ နိဗ္ဗာန်တရားကြီးကို ဗုဒ္ဓရှင်တော်ဘုရားသည် သတ္တဝါအပေါင်းတို့အား အကျိုးရုပ်နာမ်ဒုက္ခတရားကို မဖြစ်စေခြင်းငှာ အကြောင်းတရားကိုပယ်ရင်အကျိုးငြိမ်းတယ်ဟု မိမိကိုယ်တိုင်သိတော်မူသဖြင့် သတ္တဝါအပေါင်းတို့အား သိပြီးပယ်စေခြင်းငှာ ပဋိစ္စအကြောင်းကိုခွဲ၍ သမုပ္ပန္နတပေါင်းထဲဖြစ်ပေါ်ကြကုန်၏ဟု ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်ကိုဟောတော်မူလေသည်။ ဒကာမောင်နှင့်တကွအားလုံးသောပရိသတ်တွေပါ လွန်ခဲ့တဲ့ဘဝကို ဆင်ခြင်ရင်း ဒုက္ခခံခဲ့ရလေပြီ ယခုလဲဒုက္ခအဖုံဖုံမှ လွတ်ကင်းသလောက်လွတ်ကင်း၍ နောက်တဖန်ငှင်းဒုက္ခမှငြိမ်းချုပ်တဲ့ နိရောဓနိဗ္ဗာန်ကိုရကြရ ရောက်ကြရအောင် ကြိုးစား၍အားထုတ်ပါက မသိ

အဝိဇ္ဇာအမှောင်ဓါတ်ကိုရှင်းပြီး အလင်းကိုဆိုတဲ့ဝိဇ္ဇာတရားသော် မြတ်ကြီးကိုရောက်နိုင်ကြပါစေဗျား။

## အကြောင်း ၃ ပါး အကျိုး ၃ ပါး တရားတော်

အကြောင်း ၃-ပါးတရားနှင့် အကျိုး ၃-ပါးတရားတော်ကို တရားစကြာအုံးစို့ (ဒကာမောင်)ဘုရား - အဲဒီပဋိစ္စသမုပ္ပါဒ် ဒေသ နာတော်မှာ ပစ္စုပ္ပန်အကျိုးတရားကပြမှ ရှင်းမယ်လင်းမယ်လို့ ဦးပဥ္စင်းဟောကြားခဲ့တယ် ယခုလဲရှင်းလင်းလောက်ပြီအကြောင်း ၃-ကြောင်းရှိရင် အကျိုးတရားကလဲသုံးပါးရှိရမယ်၊ ရှိပုံက ယခု ပစ္စုပ္ပန်မှာ လူလာရှိဖြစ်ဘာ အတိတ်အကြောင်းတရား ၅-ပါး တည်းဟူသော အကြောင်းကြောင့်ဆိုတော့ အဲဒီ အတိတ်အ ကြောင်းတရား ၅ ပါးဟာ လွန်ခဲ့တဲ့အတိတ်ကအကျိုးတရားကင်း ပြီး အတိတ်အကြောင်းတရားငါးပါးဟာ မည်သည့်နည်းနဲ့ပေါ် မလဲ၊ အကျိုးတရားမရှိရင် အကြောင်းတရား မပေါ်ပေါက်နိုင် ဘူးပေါ့ ထာဖြင့်ရင်အတိတ်အကြောင်းတရား ၅ ပါးသည်ပြဟော တာနှင့် အကျိုးတရားရှိတယ်ဆိုတာ တထစ်ချမှတ်ကြရမယ်ဒကာ မောင်၊ သေသေချာချာသတိစိုက်ပြီးတရားနာပါ အကြောင်း အကျိုးဆိုတာလဲမှန်တယ် အဲဒါက အတိတ်အကြောင်းတရား ၅- ပါးနှင့် ယခုဖြစ်ဆဲပစ္စုပ္ပန်အကျိုးတရားရုပ်နာမ်ကို ဆိုတာဖြစ်တယ် ဒါဖြင့်ကောင်းပြီ နောင်အနာဂတ်ဖြစ်လတံ့သော ရုပ်နာမ်တ ရားရရှိရေးကို ယခုပစ္စုပ္ပန်ကအကြောင်းပြုရတယ်ဆိုတော့ မည် သိတရားကနေပြီး ၄င်းအကြောင်း’ကိုပြုပေးပါ့မလဲဆိုရင် ဖြစ်ဆဲ

ရုပ်နာမ်အကျိုးတရားက အကြောင်းပြုပေးရတယ်၊ ယခုဖြစ်ဆဲပစ္စုပ္ပန်မှာ အကျိုးနဲ့အကြောင်းဖြစ်နေပါတယ် ယခုဘဝနဲ့ နောင်ဖြစ်လတံ့သောဘဝ ၂-ပါးစပ်ဘို့ကို အကျိုးပေါ်ကအကြောင်းလုပ်ရတယ်၊ အတိတ်ဘဝနဲ့ ပစ္စုပ္ပန်အကြောင်းအကျိုး စပ်တယ် ယခုပစ္စုပ္ပန်ဘဝနဲ့ နောင်အနာဂတ်ဘဝရရှိရေးကို ကျိုးကြောင်းပြုလုပ်တယ် စပ်တယ် အနာဂတ်ရရှိတာက အကြောင်းအကျိုးဖြစ်၍စပ်ပြန်တယ်၊ အကြောင်းအကျိုး အကျိုးအကြောင်း အကြောင်းအကျိုး အကြောင်းအကျိုး အကျိုးမှတဖန်အကြောင်းဖြစ်—ကြောင်းကျိုးမပြတ် အဲဒါကိုဘဲ ပဋိစ္စသမုပ္ပါဒ်လို့ဟောတော်မူတာဖြစ်ပါတယ်။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်ဟာ သိတတ်လို့ကြည့်တတ်ရင် ယခုပစ္စုပ္ပန်တချက်ထည်းမြင်တာနဲ့ အတိတ်နဲ့အနာဂါတ်လဲမြင်တယ် တချက်မြင်ရင် ၃-ချက်မြင်ဖြစ်တယ်။

ယခုပစ္စုပ္ပန်မှာ မြင်အပ်တဲ့ကရားကို မြင်တတ်တဲ့ဉာဏ်မရှိရင် ဣမေသတ္တာ ဤပုထုဇဉ်သတ္တဝါအပေါင်းတို့သည် တန္တာကုလတဇာတာမရှင်းနိုင်သော ယက်ကန်းချည်ခင်ထွေးကြီးကဲ့သို့ အလွန့်အလွှပ်ရှုပ်ထွေး၍နေကြကုန်၏။ မုပဥ္ဇဗ္ဗဇဘူတာတာဖြူဆံမြက်ပြိန်းမြက်တောကဲ့သို့ အလွန်ထူထပ်ရှုပ်ထွေး၍နေကြကုန်၏၊ သကုဏဂုတ္ထိကဇာတာ စာပေါင်းသိုက်ကဲ့သို့ ထွေးရှုပ်လျှက်နေကျုကုန်၏၊ အပါယ်ချမ်းသာကင်းရာဖြစ်သော ဒုဂတိ မကောင်းသဖြင့် လားရာဖြစ်သော ဝိနိပါတံ အလိုဆန္ဒကင်း၍ကျရာဖြစ်သော သံက်ရံ ဇာတိဇရာဖရဏ စသည့်သောင်းပျောင်းဘေးဒုက္ခအပေါင်းမှ နာတိဝတ္တန္တိ မလွန်နိုင်ကြဘဲ လည်၍လိုက်ကြလေကုန်၏။ အာနန္ဒာအား ဘုရားဟောတော်မူလေသည်။

သို့ပါ၍ သံသရာစက်ရဟပ် အမှောင်ခေတ်ကို ဥာဏ်ရောင် မလင်းသဖြင့်ဒုက္ခတရားပေါင်းကိုစဉ်း၍ခံရလေသည်။ အဲဒါဟာ မသိလို့ဖြစ်ရ လည်ရ ခံရတာဖြစ်တယ် အကြောင်း အကျိုးကို ပေါ့ အဥာဏ မသိတာ အနန္တဇော လျောက်ပတ်စွာ မသိတာ အပင့်ဝေမ ထိုးထွင်းရှင်းလင်းစွာ မသိတာ ဒါကြောင့် ဒေသနာ တော်ကို တရားနာရင်း ရှင်းပါစာရှု စာဘတ်ရင်းရှင်း ဒါမှမရှင်း သေးရင် ပင့်စွသမပွါဒ် ဒေသနာတော်မြတ်ကို ရေးမှတ် ထားတဲ့ ဇယား၊ ပုံစံနှင့်ရှင်း=ရှင်းပါများမှရင် ဥာဏ်ရောင်လင်းသွားပစ် လိမ့်မယ်၊ ဤတရားကား အကြောင်း ၃ = ပါး တရား ဖြစ် ပါတယ်။

မူလ ၂ ပါး၊ အင်္ဂါ ၁၂ ပါး၊
အခြင်းအရာ ၂၀ ၄ ပါးသောအလွှာ၊
၃=သွယ်အစပ် ၃=ပါးသောအစွန်း ၃=ပါးဝဋ်
ကာလအားဖြင့် ၃=ပါး များလှစွာသော အကာရ
အခြင်းအရာများကို အကြောင်းနှင့်အကျိုး ရှင်းသွား
ရင် လင်းသွားသော် ဉာဏ်ရောင်ဟာ ၁၆=ပါး
သော ယုံမှားခြင်း ကင်းသွား လေသည်။

ရုပ်ခမ္မ နာမ်ခမ္မ ဆိုတာက အကျိုးတရားဖြစ်တယ်၊ ပစ္စယ ဆိုတာက အကြောင်းပစ္စည်း ဖြစ်တဲ့ အကြောင်း တရားပေါ့၊ ၎င်းတရားကို မဇ္ဈိမပဋိပဒါကျ ယူရမယ် ကျင့်ရမယ် ဆိုပါသဖြင့် ဒီနေရာမှာ သတ္တဝါတွေများသောအားဖြင့် မျက်စေ့လယ် နေ တယ် (မှန်ပါ့ဘုရား) ကုသိုလ်ပုညအစုတွေ ပြုသမျှ ငါပြုတာ

ငါခံစား ရလိမ့်မယ် ယူတဲ့အယူဟာ ကုသိုလ်ပညာပြုရင် ဒိဋ္ဌိဖြစ်ပြီး မှောင်နေတယ် မှောင်လို့ လွဲမှားနေတယ်၊ ဒါတင်မကသေးဘူး ဝိဥာဏ်ဆိုတဲ့ စိတ်ဟာတဲ့ နောင်အနာဂတ် ဘဝတွေမှာ ကုသိုလ်ကောင်းမှုတွေ တည်းဟူသော အကြောင်းကြောင့် ၎င်း ဝိဥာဏ်သည်ပင်လျှင် ကောင်းသော ဝိဥာဏ် ငါဝိဥာဏ်လို့ ယူပြန်တယ် အဲဒီလိုအယူရှိ နောက်တဖန် ၎င်းရုပ်တွေကောင်းသော ရုပ်နာမ်တွေ ဖြစ်ပါစေလို့လဲ ဆုတောင်းတယ် ကုသိုလ်မှုပြုတဲ့ အပေါ်မှာ မှားယူတာဟာ လွန်စွာမှဆုံးရှုံးနစ်နာတယ် ယခုလို သာသနာတော်ကြီး၏ ခေတ်မှာ တခုခုသော ကုသိုလ်ကောင်းမှုဟာ မရေမတွက်နိုင်သောအကျိုး အနန္တအကျိုး အပ္ပမေယျအကျိုး မဟာပ္ပလအကျိုး နိဗ္ဗာန်တည်းဟူသော အကျိုးရပါသဖြင့် နိရောဓ နိဗ္ဗာန်ကိုချန်ထားပြီး ငါခံစားရလိမ့်မယ်ဟု၎င်း ငါဝိဥာဏ်ဟာ ကောင်းတဲ့ ဝိဥာဏ် ဖြစ်လိမ့်မယ်ဟူ၍၎င်း၊ ရုပ်နာမ် ၂ ပါးလုံးကောင်းတဲ့ ရုပ်နာမ်တွေ ဖြစ်ပြီး ငါကောင်းကောင်းနေရမယ်၊ ချမ်းသာလိမ့်မယ်ဟူ၍၎င်း၊ အမျိုးမျိုးသော သဿတ အယူရှိ ဥစ္ဆေဒအယူရှိ ငါဟူသော သက္ကာယဒိဋ္ဌိ အယူရှိယူတဲ့ အယူတွေဟာ ဥပမာ ပြမယ် ရှိမယ် ဆိုရင် ပြည့်တန်သော ပတ္တမြား ကျောက်ကို ဒါးသွေးကျောက်နှင့် လဲယူတဲ့ ယောကျ်ားထက် မှားသေးတယ်ဟု ရှေးဆရာတော်ကြီးများ ပြဆိုတော်မူကြတယ်၊ မှန်လဲမှန်တယ်၊ ဒုက္ခဆိုတဲ့အကြောင်းပယ်ရင် အကျိုးငြိမ်းပြီးအစဉ်ငြိမ်းချုပ်နေတဲ့နိဗ္ဗာန်ကိုချန်ထားပြီး အကျိုး ဒုက္ခတရားကြီးကို ဉာဏ်မမြင်ပါသဖြင့် ငါထင်ကာ ပါစင်အောင် လွဲမှား လေသည်၊ ပြဆိုအပ်ခဲ့တဲ့ ဥပမာ ထက် များစွာ မှား လေသည်။

ဒကာမောင်—ဘုရား၊ မဇ္ဈိမပဋိပဒါ မဂ္ဂင်လမ်းကို တရားစကြာ အုံးစို၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ အယူတရား ၂—ပါးကို မယူမူ၍ အလယ်အလတ် ဖြစ်တဲ့ အကျင့်မြတ်လို့ ဆိုတယ်၊ မှန်ရဲ့လား၊ (မှန်ပါတယ်ဘုရား) ဒါဖြင့်ရင် သဿတဒိဋ္ဌိ ဥစ္ဆေဒ ဒိဋ္ဌိ တခုခု ကပ်ငြိနေရင် ပဋိပဒါကြပါမလား၊ (မကြပါဘုရား)ယခုဦးပဥ္စင်း ရေးသားဟောကြားမည့်ဒေသနာတော်က ဘုရားဟောတော်မူတဲ့ မဇ္ဈိမပဋိပဒါအလယ်အလတ်လမ်းပေါ့ ဗုဒ္ဓရှင်တော်ဘုရားဘယ်လို ဟောတော်မူသလဲဆိုရင်“အနရိယော အရိယာမဟုတ်သော တိတ္ထိ တို့၏ အကျင့်ဖြစ်သော အနတ္ထသံဟိတော ပစ္စုပ္ပန်သံသရာ အကျိုး စီးပွား မရှိဟု မှတ်အပ်သော— ယောစာယံ ယောစအယံ အတ္တ ကိလမထာနုယောဂေါ—အကြင် မိမိကိုယ်ကို ပင်ပန်းခြင်းနှင့်ယှဉ် ခြင်းလည်းကောင်း”လို့ ဟောတော်မူတယ်။

ပဌမ ပုဒ်က ကာမသုခလ္လိကာနုယောဂေါ အကြင် ကာမဂုဏ် ချမ်းသာ၌ တပ်ငြိသဖြင့် အဖန်တလဲလဲ ယှဉ်ခြင်းလည်းကောင်း၊ ဒါဖြင့်ရင် ဒကာမောင် အယုတ်တရား နှစ်ပါးအစုဟာ သံသရာ အကျိုး ပစ္စုပ္ပန်အကျိုးကို ရည်ညွှန်း၍ ဟောတာလား (ဖြေပါ) [မရည်ညွှန်းပါဘုရား] ဘယ်တရားကိုရည်ညွှန်းသလဲ၊ (နိဗ္ဗာန်ကို ရည်ညွှန်းပါတယ်ဘုရား) နိဗ္ဗာန်ကို ရည်ညွှန်း၍ မဇ္ဈိမပဋိပတ် အကြင့်မြတ်ကို ဟောတော်မူမည် ဖြစ်ပါ၍ ကာမ သုခလ္လိကာ နုယောဂေါ အတ္တကိလမထာ နုယောဂေါ ၁တဲ့ တရားကို တရား ပဏာမ အချီး ဒေ သ နာ တော် ဖြစ် တယ်၊ ကိုင်း....ဒါဖြင့်ရင်၊ ဒကာမောင်ခင်ဗျား ဓမ္မစက္ကပဝတ္တနဒေသနာတော်ကို ပါဠိအနက် အာဂုံရရဲ့လား၊ ရပါတယ်ဘုရား၊ ပါဠိအနက်အာဂုံရရင် အဲဒီ

ဒေသနာတော်မြတ် ပါဠိတော်ရဲ့ အနက်ထည်းမှာ ပစ္စုပ္ပန်ရဲ့ အကျိုး သံသရာရဲ့အကျိုးကို ရရှိအောင် ဟောတော်မူသလားဖြေပါအုံး၊ (မဟောပါဘုရား) ဘုရားသခင် ဟောတော် မူတာက ယခုပစ္စုပ္ပန်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် နောက်တဖန် အနာဂတ် မဖြစ်တဲ့ နိရောဓနိဗ္ဗာန်ကို တိုက်ရိုက် နိတတ္ထနှင့်ဟောတော်မူတယ် မဟုတ်လား၊ (မှန်ပါတယ်ဘုရား)တော့ မကသော ဝဋ္ဋ ၃—ပါး ကို ဒုက္ခထင်ပြီး ထင်အောင် မြင်အောင် ဟောတော်မူတယ်၊ ၎င်း ဒုက္ခရဲ့ ဖြစ်ကြောင်း သမုဒယတဏှာ လောဘကို ထင်မြင်အောင် ဟောတော်မူတယ်၊ အဲဒီ တဏှာ လောဘ သမုဒယကို ပယ်လိုက် ရင် ဒုက္ခငြိမ်းချုပ်တဲ့ နိရောဓ နိဗ္ဗာန်ကို ဟောတော်မူတယ်၊ အဲဒီနိရောဓနိဗ္ဗာန်ကို ရောက်ရာ ရောက်ကြောင်း ဖြစ်တဲ့ အကျင့် မြတ်ဖြစ်တဲ့ မဂ္ဂပဋိပဒါကိုဟောတော်မူတယ်၊ မဂ္ဂင်ရှစ်ပါးအကျင့် တရားတော်မြတ်ဖြစ်တယ်၊ မဂ္ဂက မဂ်ဆိုတော့ လမ်း ပဋိပဒါက ဖြောင့်ဖြောင့်တန်းတန်း ဖြောင့်တန်းတဲ့လမ်းဆိုရမယ်၊ဖြောင့်တန်း တဲ့လမ်းဖြစ်ပါသဖြင့် လမ်းထိပ်မှာရှိသောအရာဝတ္ထုကို အခေါး ကရော အနီးကရောမြင်တဲ့ဥပမာလိုပေါ့ ဒါတင်မကသေးဘူး အင်မတန်ကြည်လင်အားကောင်းတဲ့ မှန်ပြောင်းလဲတပ်ဆင်ပြီး ကြည့်ရှုလိုက်ရင် ထင်ထင်လင်းလင်းကြီးမြင်တဲ့ ဥပမာလိုပေါ့ ဒကာမောင်၊

၎င်းဥပမာကို ဗုဒ္ဓရှင်တော်ဘုရား မည်ကဲ့သို့ဟောတော်မူသလဲ ဆိုရင် အမှန်မြင်အမှန်သိ ကိလေသာမှ ငြိမ်းခြင်း ထူးသောဉာဏ် ဖြင့်သိခြင်း၊ မဂ်ဉာဏ်ဖြင့်သိခြင်း အဲဒီလိုသိသောကြောင့် နိဗ္ဗာန‌ာ- ယငြိမ်းခြင်း အကျိုးတရားတွေ ပေါ်လာတယ်၊ အမှန်မြင်တာက ဉာဏ် မြင်စရာကသစ္စာတရား၊ မည်သည့်တရားများကိုမြင်သလဲဆို

ရင် အကျိုးဒုက္ခရုပ်နာမ်၊ ရုပ်နာမ်လုပ်ပေးတဲ့ သမုဒယတဏှာ လောဘစတဲ့ သစ္စာတရားတွေမြင်တာဖြစ်တယ်၊

ကောင်းပြီ ဒကာမောင်(ဘုရား)၊သစ္စာတရားကို မှောင်နေရင် မြင်ပါ့မလား မမြင်ပါဘုရား (လင်းလို့မြင်တာဖြစ်တယ်) လင်းတဲ့တရားက ဝိဇ္ဇာ မည်သည့်အပေါ်မှာ လင်းမှာလဲ ဓမ္မဆိုတဲ့ ရုပ်နာမ်အပေါ်မှာ လင်းမှာပေါ့ အဲဒီဓမ္မဆိုတဲ့ ရုပ်နာမ်အကျိုး ၎င်းရုပ်နာမ်အကျိုးပေါ် ဉာဏ်ရောင်လင်းတော့ ပညာကဆက်ပြီး အဲဒီအလင်းပေါ်မှာ အပြားအားဖြင့် ဝေဖန်တယ်။

ဓမ္မအကျိုး ရုပ်နာမ်အကြောင်းကြောင့်ဖြစ်တာလို့ အပြားအားဖြင့်ဝေဘန်တာ ဝေဘန်သိလို့ စက္ခုံဥဒပါဒိ ဉာဏံဥဒပါဒိ ပညာဥဒပါဒိ ဝိဇ္ဇာဥဒပါဒိ အာလောကောဥဒပါဒိ လို့ဟော တော်မူတာ ဉာဏ်မျက်စေ့အလင်းဖြင့်မြင်တယ် ဉာဏံဥဒပါဒိ ပညာမျက်စေ့ဖြင့် အပြားအားဖြင့် သိတယ် ဝေဘန်တယ် ထိုးထွင်းပြီး အလင်းတည်းဟူသော ဉာဏ်ရောင်ဖြင့် သိတော်မူတယ် မောဟ၏ ဆန့်ကျင်ဘက်ဖြစ်တဲ့ အမောဟဖြင့်သိတော်မူတယ် အမှောင်ဓါတ်အဝိဇ္ဇာဟာ စင်ကြယ်သည်ထက် စင်ကြယ်ပါသဖြင့် ကြည်လင်သည်ထက်ကြည်လင်ပြီး သိတော်မူသောဉာဏ်ရောင်၏ ပရိယာယ်ပုဒ်တွေဖြစ်တယ်။

(စက္ခုံဥဒပါဒိ ဓမ္မအလင်းဝိဇ္ဇာ
(ဉာဏံဥဒပါဒိ ဉာဏ်အလင်းဝိဇ္ဇာ
အလင်းဝိဇ္ဇာ(ပညာဥဒပါဒိ ပညာအလင်းဝိဇ္ဇာ
၅-ပါး (ဝိဇ္ဇာဥဒပါဒိ ထိုးထွင်း၍လင်းသောအလင်းဝိဇ္ဇာ
(အာလောကော ဥဒပါဒိ မောဟမရှိ အမောဟ အလင်းဝိဇ္ဇာ

တကာမောင် (ဘုရား)၊ အဲဒီတရား ၅ ပါးဟာ အလင်းဝိဇ္ဇာ တရားတွေပေါ့(မှန်ပါ့)ဝိဇ္ဇာတရားတွေ၊ အဲဒီဝိဇ္ဇာအလင်းတရားကို မိမိကိုယ်တိုင် တရားနာ စာရှုတဲ့ သူတွေဟာ သဘောပေါက်ကျေနပ်ပြီး ဝမ်းမြောက်စွာ လက်ခံမှတ်သာ ကြဘို့လိုတာပါဘဲ။

ဒါဖြင့်ရင် ၎င်းဝိဇ္ဇာ ၅ ပါး အလင်းတရားကြီးဟာ မည်သည့် တရားပေါ်မှာလင်းသလဲဆိုပါရင် အထက်ကရှင်းပြခဲ့ပြီးပြီ ရုပ်နာမ်အကြောင်း အကျိုးပေါ်လင်းတယ် ဝေဘန်တယ် ဆင်ခြင်တယ် အပြားအားဖြင့်သိတယ် ထိုးထွင်း၍သိတယ်၊ ၎င်းရုပ်နာမ် ဒုက္ခတုံးဒုက္ခခဲဟာ မည်သည့်အကြောင်းကြောင့် ဖြစ်သလဲဆိုပြီး အလင်းပေါ်ကနေပြီး သိလိုက်ဝေဘန်လိုက်တော့ မည်သည့်တရားတွေသလဲဆိုရင် အဝိဇ္ဇာတဏှာဥပါဒါန်ဘဝဆိုတဲ့ အကြောင်း တရားပေါ် ရှင်းလင်းပြတ်သားစွာသိမြင်တဲ့ဉာဏ်ဟာ အကြောင်းကိုသိတဲ့ဝိဇ္ဇာဉာဏ်အလင်းတရားပါဘဲ အကျိုးတရားကိုရှင်းလင်းတဲ့ဉာဏ်မြင်နေပါသဖြင့် အဲဒီရုပ်နာမ်ဖြစ်ချုပ် တလှုပ်လှုပ်လှုပ်သမျှ ဒုက္ခသစ္စာတချုပ်သမျှလဲဒုက္ခ ဉာဏ်နဲ့ကောင်းစွာမြင်တယ် မည်သည့် တရားကိုမြင်ပါသလဲဆိုရင် မသိတာရယ် လိုချင်တာရယ် စွဲလမ်းတာရယ် ပြုလုပ်တာရယ် ရရှိတာရယ်(ရရှိတာကအကျိုးဓမ္မရုပ်နာမ် ဝိပါကဝဋ်ကောင်ကြီးရတယ်)။

(မသိတာကအဝိဇ္ဇာ
အလင်းပေါ်ကနေ၍ (လိုခြင်တာက တဏှာ
မြင်အပ်တဲ့အကြောင်း (စွဲလမ်းတာက ဥပါဒါန်
အကျိုး ၅ ပါး (ပြုလုပ်တာက သင်္ခါရ
(ရရှိတာက ဘဝ

ရရှိတဲ့အကျိုး ဒုက္ခတုံး ဒုက္ခခဲကို သေသေချာချာသိတဲ့ဉာဏ်၊ ၎င်းဒုက္ခတရားကိုပြုလုပ်ပေးတဲ့ ဖြစ်စေတတ်တဲ့တရားလဲ သိတယ် အကြောင်းနဲ့အကျိုး ရုပ်နာမ်ကို ဝိဇ္ဇာအလင်း ၅ ပါးနှင့် လင်းနေပါသဖြင့် အကျိုးဒုက္ခကိုမလိုချင် မလိုချင်ပေမဲ့ ရရှိနေတဲ့ဒုက္ခ ဝဋ်ကြောင်ကြီးကပယ်လို့မရ သိအပ်တဲ့တရားကို သိတတ်တဲ့ဉာဏ်နဲ့ သိနေတာ သိမှုဖြင့်ရင် နောက်တဖန် ဒုက္ခတရားကြီးမဖြစ်ရင်ကောင်းမှာဘဲလို့ တထစ်ချ သိပြီး ပယ်တာက ဒုက္ခဖြစ်ကြောင်းတရား သမုဒယတဏှာလောဘနဲ့ တဆက်ထဲဖြစ်နေတဲ့အကြောင်းတရားငါးပါးကိုပယ်တာကိုးဗျ။ ပယ်တဲ့တရားများက ဘယ်သင်းတွေလဲဆိုရင် မသိတာအဝိဇ္ဇာလိုချင်တာက တဏှာ) စွဲလမ်းတာက ဥပါဒါန်(ပြုလုပ်တာကသင်္ခါရ ရရှိတာက၊ ဘဝ)ယခုယောဂီရဲ့စိတ်သန္တာန်ထဲမှာ(သိမြင်တာတ ဝိဇ္ဇာ အမောဟ)မ လိုချင်တာကအလောဘ)(မစွဲလမ်းတာကအနုပ္ပါဒ)(မပြုလုပ်တာကအသင်္ခတ)(မရရှိတာကအဇာတိ)ဤနေရာ၌ ဆန့်ကျင်ဘက်တရားများ တခုပေါ်တခုပ်၊ တပါးပေါ်တပါးမပေါ် ရှင်းလင်းလောက်ပြီယှဉ်တွဲ၍ပြခြင်းဖြစ်တယ်။

၁။ ဒုက္ခသစ္စာဉာဏ်၌ (မှန်ကန်စွာသိတယ်) (ပိုင်းခြား၍သိတယ်)ဒုက္ခအပေါင်းကို သိပြီးပြီ။

၂။ သမုဒယသစ္စာဉာဏ်၌ ပယ်အပ်သောတရားကိုသိတယ် (ပယ်အပ်ပြီ)ပယ်၍ပြီးဆုံးပြီ။

၃။ နိရောဓသစ္စာ၌ (ချုပ်ငြိမ်းကို မျက်မှောက်ပြုအပ်သော တရားသိတယ်(မျက်မှောက်ပြုပြီ)မျက်မှောက်ပြုပြီးပြီ။

၄။ မဂ္ဂသစ္စာဉာဏ်၌(မဂ္ဂင်ရှစ်ပါးဖြင့် ပွားအပ်သောတရားကိုသိတယ်)မဂ္ဂင်ရှစ်ပါးတရားဖြင့်ပွားပြီး၊ ပွားအပ်ပြီးဆုံးပြီ။

(သစ္စာဉာဏ် ကိစ္စဉာဏ် ကတဉာဏ် ၁၂ ပါး)

| | | |
|---|---|---|
| ဒုက္ခ | သိအပ်တဲ့တရားက ဒုက္ခသစ္စာကို<br>သိတတ်သာက မဂ်ဉာဏ် | ပရိညာတဗ္ဗ |
| သမုဒယ | ပယ်အပ်တဲ့တရားကတော့ သမုဒယ<br>ပယ်တတ်တာက မဂ် | ပဟာတဗ္ဗ |
| နိရောဓ | ဆိုက်ရောက်အပ်တဲ့တရားက နိရောဓ<br>နိဗ္ဗာန် ဆိုက်သော တရားကား မဂ်<br>ဉာဏ်—ဖိုလ်ဉာဏ် | သစ္ဆိကာတဗ္ဗ |
| မဂ္ဂ | ပွါးအပ်သောတရားကား မဂ္ဂင်ရှစ်ပါး<br>ပွါးများတတ်သာက ဝိပဿနာ<br>ယောဂီပုဂ္ဂိုလ် | ပဗ္ဗာဂမဂ် |

ဤကဲ့သို့ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် (သစ္စာလေးပါးမှာ ဉာဏ် ၃ ဆင့် သစ္စာ - ၄ ပါး (ဉာဏ် ၃ - ပါး) အပြန်အလှန် ၁၂ - ပါးသော ဉာဏ်တို့ဖြင့် ငါဘုရားသည် စင်ကြယ်သန့်ရှင်း ဉာဏ်အလင်းဖြင့် ထိုးထွင်း၍ သိတော်မူသောအခါ—ဘုံ ၃ - ပါးမှာဘုရားဖြစ်ပြီဟု ဝန်ခံတော်မူသည်၊ အကြင် အခါမှာ ထို သစ္စ ကိစ္စ ကတ အပြန်အားဖြင့် ၁၂ - ပါးသော ဉာဏ်သည် မစင်ကြယ် သေးသော အခါမှာ ဘုရားဖြစ်ပြီဟု ငါဝန်ခံတော်မမူ သစ္စဉာဏ် မှန်ကန်စွာသိခြင်း၊ ကိစ္စဉာဏ်သိပယ် ဆိုက်ပွားတရားများကို သူ့မဂ်နှင့် သူ့ကိစ္စ ပြုလုပ်ခြင်း၊ ၎င်း ကိစ္စများပြုလုပ်၍ ပြီးဆုံးခြင်း၊ ၎င်းတရားများကို ၁၂ - ပါးသော ဉာဏ်

ဖြင့်သိခြင်း။ စင်ကြယ်စွာ သိခြင်းသည်၊ အလိုလို ပေါ်လာသည် မဟုတ်ပေ။ ဆိုအပ်ပြီးသောအလင်းဓာတ် ၅ - ပါးတရားကိုပြုလုပ် မှသာလျှင် ပေါ်ပေါက်ရရှိရအပ်သော တရားဖြစ်တယ်။ ဥပမာ အားဖြင့် ဖြောင့်တန်းသောလမ်းတွင် ကြည်လင်သော မျက်စေ့ ဖြင့် အရာဝတ္ထုကို မြင်ဘိသကဲ့သို့ ဆိုလိုသော အဓိပ္ပါယ်ဖြစ်တယ် သို့ဖြစ်ပါသောကြောင့် (ဓမ္မစက္ခု)(ဉာဏစက္ခု) (ပညာစက္ခု) ဝိဇ္ဇာ (အာလောက) ဆိုတဲ့တရားသည် ပဋိပဒါလမ်းသို့ တန်း တန်း မတ်မတ် မြင်သိ ရောက်ရှိသော တရားဖြစ်ပေသည်။ ငါ ဘုရားသည် တရိတဆစ် မကြားဘူး မဖြစ်ဘူးတဲ့ သစ္စာ တရား တို့ကို အလင်းရောင် တည်းဟူသော တရားမှ မဂ္ဂပဋိပဒါ အလယ် အလတ်ဖြစ်တဲ့ မပိုမလို မဂ္ဂင် ရှစ်ပါး ယာဉ်သာ တည်းဟူသော အကျင့်မြတ်ဖြင့် ၁၂ - ပါးသော အခြင်းအရာဖြင့် သိအပ် ပယ်အပ် ဆိုက်အပ် ပွားအပ်သော သစ္စာ တရားတို့၌ သိတတ် ပယ်တတ် ဆိုက်ပြီး၍ ပွားများ၍ ပြီးဆုံးပြီးပြီ။ ယခု ပြဆိုအပ်တဲ့ တရား သည် အလင်းဝိဇ္ဇာ ၅—ပါး မဂ္ဂင်ရှစ်ပါး သစ္စ ကိစ္စကတ ဉာဏ် ၁၂—ပါး။

## ကြောင်းကျိုးနှစ်ပြင် ဉာဏ်နှင့်မြင် မဂ္ဂင်ပဋိပဒါ

နာမ်ရုပ်ဓမ္မ အကျိုး၊ ၎င်းအကျိုးပေါ်မှ နာမ်ရုပ်အကြောင်း ဓမ္မစက္ခု၊ ဉာဏစက္ခု၊ ပညာစက္ခု ဝိဇ္ဇာ ထိုးထွင်း၍ သိသော ဉာဏ်၊ အလောက အမိုက်တိုက်ကင်း၍ အလင်းရောင်။

ရုပ်နာမ် ဓမ္မကို မြင်တတ်သော ဓမ္မစက္ခု၊ မျက်စေ့ သဘာယ် အလင်းအရောင်ဓာတ် ပေးသည်။ ရုပ်နာမ်ဓမ္မကို သိတတ်သော ဉာဏ်စက္ခု၊ ပစ္စယ ဓမ္မ သိတတ်သည်။ ရုပ်နာမ်ဓမ္မကို အပြား

အားဖြင့် ပညာစက္ခု သစ္စာ ၄-ပါး အပြားအားဖြင့် ဝေဘန်း ဝေဘန်တတ်သော——

ရုပ်နာမ်ကို ထိုးထွင်း၍ လင်းသော၊ ဉာဏ်ရောင်ရှိသော—— ဝိဇ္ဇာထိုးထွင်း၍ သိမြင်သောဉာဏ်——

ရုပ်နာမ်ဓမ္မအပေါ်၌ မြေးရှက်
တတ်သော မောဟကင်း၍ } အာလောက၊ အသင်းရောင်၊
အ မောဟတည်းဟူသော

မဂ္ဂင်္ဂ ၈ ပါး အထက်တခွင်မှာမပြတ်ရှင်ကြဘို့ မဂ္ဂင်ဆိုက် လှေတော်ကြီးကို ကတ္တာန ဦးကတော့ ဝိပဿနာ ပဲ့မှာတော့ သမထ လှလှ ပပ ကျနကြော့ပြေ ၂ ထွေလုပ်ငန်း ကမ္မဋ္ဌာန်း တည်းဟူသော အလုပ်တို့ကို ဝိရိယေန ကြိုးပမ်းတကုပ်၊ လွန်အား ထုတ်လျက်၊ ဝါကျုံးကာပျော်ပျော်၊ ရှန်းကာလှော် လိုက်ကြပါကုန်စို့တကား။ ကရိယာမ လက်ညီ တက်ညီ အချက်ညီညီနဲ့ အထက်ဆီ၊ နိဗ္ဗာန်နန်းသို့ မပင်ပန်းဘဲ၊ ရှင်လန်းကာ ကူးမြောက်နိုင်ကြပါစေသတည်း။

## နိဗ္ဗာန်တရားထူး ရှေးဦးစွာမြင် အဘိဉာဏ်

မဂ္ဂပဋိပဒါနှင့် သစ္စဉာဏ် ၁၂—ပါးရေးသား ဟောကြားပြီးပါ၍ ယခုအခါတွင် ထိုမဂ္ဂင် ရှစ်ပါး တည်းဟူသော လမ်းဖြောင့်ဖြောင့် နိဗ္ဗာန်သို့ ရောက်လို အာရုံပြုလို မျက်မှောက် ပြုလိုသော ယောဂီ ပုဂ္ဂိုလ်တို့၏ တရားရှုမှတ်စဉ် ဉာဏ်မြင် တိုးပွားပြီးလျှင်၊ ကြိုးစား ရှုမှတ်သော ယောဂီ၏ စိတ်သန္တာန်တွင် ပဌမရှေးဦးစွာ မြင်သိမှတ်ထင်သော ငြိမ်းချမ်းသာ-နိရောဓသည် တကြိမ်တခါ

ဘူးမှ မမြင်မသိ မမှတ်ထင်သော တရားထူးဖြစ်၍ ယခုအခါ၌ မဂ်ဇောကြလတ္တံ့သော ယောဂီ၏ စိတ်၊ ဉာဏ်သည် ထူးသော တရား နိဗ္ဗာန်ကိုထူးသော ဉာဏ်ဖြင့် တွေ့မြင်မှတ်ထင်၏ ထိုသို့ တွေ့မြင်မှတ်ထင်သော ဇော စိတ်ကို ထူးသော ဉာဏ်ဟူ၍ ၎င်း၊ ဂေါတြဘူ ဟူ၍၎င်း၊ အဘိဉာဏ် ဟူ၍၎င်း၊ ခေါ်ဆို အပ်၏။ ဝါ ဂေါတြဘူဇော ဟု ခေါ်ဆို၏။

ဒကာမောင်- (ဘုရား) မဂ္ဂပဋိပဒါကို ဟောကြားရေးသား ပြီးပြီ၊ တရား စကြအုံးတို့ ရဲ့ (မှန်ပဘုရား) ဂေါတြဘူ စိတ်ကို မြတ်စွာဘုရားသည် အဘိညာဟူသော အမည်ဖြင့် ဟောတော်မူ တယ်၊ ဟောတော်မူပုံက (အဘိညာယ ထူးသော ဉာဏ်ဖြင့် သိ မြင်ခြင်းငှါ)လို့ ဟောတော်မူတယ်။ ထူးတဲ့ဉာဏ်နဲ့သိမြင်တာဟာ သာမည တရားကို သိမြင်(ပလား) ထူးသောတရားကို သိမြင်ပါ ပါသဖြင့် ထူးသောဉာဏ်ဟုအမည်နာမထား၍ ဟောတော်မူတာ ဖြစ်တယ်။ နိဗ္ဗာန်ကိုမြင်တာကို နိဗ္ဗာန်ထက်ထူးတဲ့တရားကား မရှိ တော့ဘူးပေါ့၊ မှန်ပဘုရား ကိုင်း ဒါဖြင့်ရင် ထူး တဲ့ တရားကို မြင်တဲ့ ထူးတဲ့ ဉာဏ်ဆိုတဲ့ တရားဟာ မည်သို့သော အကြောင်း ကြောင့် ပေါ်ပေါက်လာသလဲဆိုတာ သေသေချာချာ သိဘို့မလို ဘူးလားဗျာ၊ (လိုပါတယ်ဘုရား)တာကြောင့် ငါဘုရားရဲ့ သာသနာ တော်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်စျာန်(ဂေါတြဘူအဘိညာ) ဤ ၅-ပါးသောတရားများကို သင်ခြင်း ကြားခြင်း၊ နာယူခြင်း၊ ထိုး ထွင်း၍သိမြင်ခြင်း စတဲ့ တရားများကို အားထုတ် ကျက်ဆောင် မှတ်သား၍ သိမြင်ခြင်းရှိခဲ့ပါလျှင် ငါဘုရား၏ သာသနာတော် မဆိတ်ရာ၊ ၎င်းတရားကို ကျက်ဆောင်မှတ်သား ကျင့်ကြံ အား

ထုတ်သော သူတို့သည်လည်း အသုတာဝါ မဖြစ်မူ၍၊ သုတ အရိယာသာဝက ဖြစ်နိုင်ကြောင်းကို ဟောကြားတော်မူတယ်။ အဌကထာများမှာလဲ ဆိုသေးတယ်၊ အဲဒီ ဆိုအပ်ပြီးတဲ့တရားများကို သင်ခြင်းကြားခြင်း ဆည်းပူးစုဆောင်း မှတ်သားခြင်းနှင့် ပြည့်စုံသောသူတို့ဟာ ဥပစိတတ္တာ ပဋိသမ္ဘိဒါပတ္တာလို့ ဖွင့်ပြတော်မူကြသေးတယ်။ ယခုဘဝတွင်လဲ ရဟန္တာ ဖြစ်နိုင်တယ်၊ ပဋိသမ္ဘိဒါ ၄-ပါးနှင့်ပြည့်စုံတဲ့ ရဟန္တာလဲဖြစ်နိုင်တယ်လို့ ဟောတော်မူတယ်။

ဒါကြောင့် ဒကာမောင်ခင်ဗျားတို့လဲ အဲဒီမဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်စျာန် အဘိညာဆိုတဲ့တရားများကို နာသင့်ကြားသင့်အားထုတ်သင့်တဲ့တရားဖြစ်တယ်၊ ၎င်းတရားကို ရအောင်လဲ ကြိုးစားအားထုတ်ရမယ်၊ ဒိဋ္ဌဓမ္မ နိဗ္ဗာနပတ္တမဖြစ်တောင်၊ နောင်သောအဖြစ်ဘဝ၏ လျင်မြန်သောဉာဏ် လွယ်သောအကျင့်ရှိသော ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်တယ်လို့ ဟောတော်မူတယ်။

သို့ပါသောကြောင့် ဒကာမောင် ဂေါတြဘူဆိုတဲ့ အဘိညာတရားကို စအုံးစို့ရဲ့ (မှန်ပဘုရား) ဒကာမောင် အဘိညာတရားဆိုတာ ဂေါတြဘူအဘိညာဏ်စျာန် အဘိညာဉ်ဉာဏ် အဘိဉာဏ်ရယ် စသည်ဖြင့် အဘိဉာဏ်အမျိုးမျိုးရှိတယ်၊ အဲဒီအဘိညာဉ်တို့တွင် ယခုဆိုရင် ဂေါတြဘူအဘိဉာဏ်နှင့် မဂ်အဘိဉာဏ်ကို ဟောကြားရေးသားမယ် ကောင်းစွာနှစ်လုံးသွင်းတရားနာပေါ့ (မှန်ပဘုရား)။

အဘိဉာဏ်ဆိုတာ (အဘိဉာဏ) ပုဒ်မှ လာသော အခေါ်အဝေါ်စာပုဒ်ဖြစ်တယ်၊ ၎င်းပုဒ်မှာဆိုရင်(အဘိ)ဆိုတာက အထူးကို ဟောသော သဒ္ဒါပုဒ်ဖြစ်တယ်။ ဉာဏဆိုတာက ဉာဏ်ပေါ့

၄င်း ၂=ပုဒ်ပေါင်းလိုက်တော့ အဘိဉာဏ်ဖြစ်တယ်။ အဓိပ္ပါယ်က အထူးသိတဲ့ဉာဏ်လို့ ဆိုလိုတယ်။ နိဗ္ဗာန်ဆိုတဲ့ တရားထူးကို ရှေးဦးဖြစ်သောကြောင့်လဲ ဉာဏ်ထူးလို့ ခေါ်ဆိုအပ်တယ်။ အဲဒီဉာဏ်ထူး ဝေါတြဘူ အဘိညာဇောစိတ်ဟာ မည်သည့်အကြောင်းကြောင့် ပေါ်ပေါက်လာသလဲဆိုတာကို သိရမယ် (ဒကာမောင်ဘုရား) အဲဒီအဘိညာဇော ဉာဏ်ထူးဟာ အလိုလိုပေါ်ပေါက်လာသလား (အလိုလိုမပေါ်ပါဘုရား) တခုမှတ်ရမယ်၊ မည်သည့်တရားမဆို အကြောင်းကင်းပြီး ပေါ်ပေါက်တဲ့ တရားဟူ၍ မရှိဟု တထစ်ကြမှတ်ယူရမယ် ဒါဖြင့် အဲဒီ ဝေါတြဘူ အဘိညာတရားဟာ မည်သည့်အကြောင်းကြောင့် ဖြစ်ပေါ်သလဲ ဆိုရင် ဉပသမာယ ဆိုတဲ့ ကိလေသာငြိမ်းလို့ ပေါ်ပေါက်တာဖြစ်တယ်၊ ကိလေသာငြိမ်းခြင်း၊ ၄င်းကိလေသာဟာလဲ အလို့အလို ငြိမ်းနိုင်သော သဘောတရားမဟုတ်၊ မည်သည့်အကြောင်းကြောင့် ငြိမ်းရပေါသလဲ သဘာဝကို စစ်တမ်းထုတ်ရင်၊ ဓမ္မဆိုတဲ့ ရုပ်နာမ်တရားကို ဓမ္မကို ဓမ္မအတိုင်း ပစ္စယကို ပစ္စယအတိုင်း သိမြင်ပါသောကြောင့် ရုပ်နာမ်အကျိုး၊ ရုပ်နာမ် အကြောင်းကို မှန်မှန်ကန်ကန် သိမြင်ပါသောကြောင့် (အကြောင်းအကျိုး) အကျိုးအကြောင်းကို သိမြင်သောကြောင့်လို့ ဆိုလိုတယ် ဒါဖြင့် အဲဒီအကျိုးတွေအကြောင်းတွေ(အကြောင်းတွေအကျိုးတွေ)အတက်မှာလဲ အကြောင်းအကျိုး ၅=ပါးအထပ်ထပ်ရှင်းပြီးခဲ့ပါပြီ၊ ယခုလဲ ၄င်းတရားကနေပြီး ရှင်းရမယ် ဒါမှဘဲရှင်းမှာဘဲ၊ နောင်လဲ အဲဒီတရားကိုဘဲရှင်းရမှာဘဲ၊ ၄င်းတရားမှတပါး ရှင်းစရာမရှိဘူး၊ ၄င်းအကြောင်း အကျိုးတရား ၅=ပါးကို ချန်ထားရင် ရှင်းစရာမလို၊ ရှင်းစရာမရှိတော့ဘူး၊ ဒါကြောင့်စာရှုသူ အပေါင်းတို့ပါး

စိတ်ဉာဏ်ရှင်းအောင် နည်းအမျိုးမျိုးနဲ့ ထပ်ခါထပ်ခါ ပထမ ကမ္ဘာကစပြီး ရေးသားဖေါ်ပြခဲ့တယ်။ ယခုဆိုရင် အဘိညာဉ် တောင်ရောက်လာပြီ၊ ကိုင်း ဒါဖြင့်ရင် အဲဒီရုပ်ဓမ္မ နာမ်ဓမ္မဆိုတဲ့ အကျိုးတရားရယ်၊ ပစ္စယဆိုတဲ့ အကြောင်းတရားရယ် သိမြင်ပါ သဖြင့် ကိလေသာ ငြိမ်းတယ်လို့ဟောထားတယ်၊ ဒါဖြင့်ရင် ရုပ် နာမ်အကြောင်း အကျိုးကိုမြင်တယ် (မြင်ဒါဉာဏ်ပေါ့) အဲဒီ မြင်တဲ့ဉာဏ်ကော ဖမောင်ရင်မြင်ပါမလား....မြင်အောင် အလင်း ခေါက်ကြီး ၅-ပါး ရှိရမယ်၊ အဲဒီအလင်းခေါက်ကြီး ၅-ပါးကိုလဲ မရရှိသေးရင် ရရှိအောင်၊ မရရအောင် ကျိုးစားရမယ်၊ အထပ် ထပ် ဟောခဲ့ရေးခဲ့တယ်မဟုတ်လား၊ ဒါကြောင့် ယခုရေးသားမဲ့ တရားက အဘိဉာဏ် ဝေါဟာရ ဇောစိတ်ကို ရေးသားမှာ ဖြစ် တယ်။ အရေးကြီးပုံကလဲ မဂ်ဝင်ဖိုလ်ဝင် နိဗ္ဗာန်မြင် တရားဖြစ် တယ်။ ၎င်းတရားထက် ထူးတဲ့တရားလဲမရှိတော့ဘူး၊ ဒါကြောင့် အဆက်ဆက်ဉာဏ်ရဲ့ လမ်းစဉ်တွေကိုဘော်ပြ၍ တပါးကိုတပါး တဦးကိုတဦး ကျေးဇူးပြုပုံမှ ဖြစ်ပေါ်ပုံအထိ ဟောကြား ရေး သားလိုပါ၍ ဘော်ပြခြင်းဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓရှင်တော် ဘုရား မည်ကဲ့သို့ ၎င်းအဘိဉာဏ်ကိုဟောသလဲဆိုရင် စက္ခုကရဏီ၊ ဉာဏကရဏီ၊ ဥပသမာယ၊ အဘိညာယ၊ သမ္ဗောဓာယ၊ နိဗ္ဗာနာ ယ သံဝတ္တတိလို့ဓမ္မစက္ကပဝတ္တန သုတ်မှာဟောတော်မူတယ်။ စက္ခု ကရဏီ သစ္စာလေးပါးကို မြင်သော ပညာမျက်စိကို ပြုပြင်တတ် သော ဉာဏကရဏီ သစ္စာလေးပါးကို သိသော ဉာဏ်အမြင်ကို ပြုပြင်တတ်သော မဇ္ဈိမ ပဋိပဒါ မဇ္ဈိမပဋိပတ် အကျင့်မြတ်သည် ဥပသမာယ ကိလေသာတို့၏ ငြိမ်းခြင်းငှါသဉပဒိသေသ နိဗ္ဗာန်ကို ယူ အဘိညာယ သစ္စာလေးပါးတရားတို့ကို ကောင်းစွာသိမြင်

ခြင်းငှါ ဝါ အနုပါဒိသေသ နိဗ္ဗာန်၏အကျိုးငှါ နိဗ္ဗာနာယ နိဗ္ဗာန်၏ အကျိုးငှါ ဝါ ငြိမ်းခြင်းငှါ သံဝတ္တတိ ဖြစ်၏။

ယခု ဟောကြားတော်မူတဲ့ ဒေသနာက အစဉ်လိုက် တဦးကို တဦး ကျေးဇူးပြု၍ ငြိမ်းချုပ်တဲ့ နိဗ္ဗာန်ကို ရရှိတယ်ဟု ဟောတော်မူတာ၊ ဒါဖြစ်ရင် ငြိမ်းချုပ်တဲ့ နိဗ္ဗာန်ကိုရတာဟာ သမ္မောဓာယဆိုတဲ့ ဉာဏ်ကြောင့် ရတယ်ဆိုရမယ်၊ မဂ်ဉာဏ် ဟာလဲ မည်သည့်အကြောင်းကြောင့် ရသလဲဆိုရင်။ အဘိညာယ တူးသော ဉာဏ်ဖြင့် သစ္စာ ၄=ပါးကို သိမြင်ခြင်းကြောင့် ရတယ်။ ၎င်းအဘိဉာဏ်ဆိုတဲ့ ဂေါတြဘူ ဉာဏ်သည်လည်း ဥပသမာယ တဲ့ဆို ကိလေသာဆိတ်သုံးငြိမ်းခြင်းကြောင့် ပေါ်ပေါက်ရတယ်။ ကိုင်း ဒါဖြင့် အဲဒီဥပသမာဆိုတဲ့ ကိလေသာငြိမ်းတဲ့ သဘောတရားကလဲ မည်သည့်အတွက်ကြောင့် ကိလေသာ ငြိမ်းရသလဲဆိုရင်= ဉာဏကရဏီ သစ္စာ ၄=ပါးကို သိသော ဉာဏ် အမြင်ကို ပြုပြင်တတ်သော စက္ခုကရဏီ သစ္စာ ၄-ပါးကို မြင်သော ဉာဏ်မျက်စေ့ကို ပြုပြင်တတ်သော ပဋ္ဌမ ပုဒ်ရင်းက ငါဘုရားသည် သစ္စာလေးပါး မဂ်ဉာဏ် တရားတို့ကို ထိုးထွင်း၍ သိတာဟာ အကျင့် အလယ်အလတ်ဖြစ်တဲ့ မဇ္ဈိမပဋိပတ် မဂ္ဂင် ၈=ပါး အကျင့်မြတ်ဖြင့် သစ္စာလေးပါးကို ဉာဏ်မျက်စေ့ဖြင့်၊ မမြင်၊ မြင်အောင် ပြုလုပ်တယ် အားထုတ်တယ်၊ ၎င်းသစ္စာလေးပါးကို ဉာဏ်မျက်စေ့နှင့်မြင်တော့ ပညာတည်းဟူသော သိအောင်ဉာဏ်အမြင်ကို ပြုလုပ်ကျိုးစားအားထုတ်တယ်၊ အဲဒီ စက္ခုကရဏီ ဉာဏကရဏီ ဉာဏ်မျက်စိအလင်း ပညာမျက်စိ အလင်းကို ပြုပြင်အားထုတ်ကြိုးစား၍ မြင်အောင်သိအောင် အားထုတ်တော်မူတယ်။

သို့ပါ၍ အဆက် ဆက်သော ဉာဏ်တွေဖြစ်ပြီး နိဗ္ဗာန်ဆိုတဲ့ တရားထူးကို ရတော်မူတယ်၊ ဤကဲ့သို့ ဟောတော်မူသဖြင့် အမြင်ခေတ်၊ အလင်းခေတ်အသိခေတ်ကို ပဋ္ဌမရရှိအောင် လုပ်ရမယ်လို့ ဟောတော်မူတယ် မဟုတ်ပါလား၊ ကိုင်းဒါဖြင့် မည်သည့်တရား ပေါ်လင်းရမှာလဲ၊ မြင်ရမှာလဲ သိရမှာလဲဖြေပါ၊ (ရုပ်နာမ်ပေါ် မှာပါဘုရား)၊ တည်နေသလား၊ မတည်ပါဘုရား (နာမ်တရားက လဲ ထိုနည်းအတိုင်းမတည်ဘူးပေါ့။ ရုပ်ဖြစ်တာ အကြောင်းကင်း ၍မဖြစ် နာမ်ဖြစ်တာအကြောင်းကင်း၍မဖြစ်၊ အကြောင်းကြောင့် ဖြစ်တယ်၊ အကျိုးဒုက္ခ အကြောင်းသမုဒယ အဲဒီရုပ်နာမ်မြင်ရင် မည်သည့်တရားကို မြင်မှာလဲ ဖြေပါအုံး။ အကြောင်းအကျိုးကို မြင်တယ်၊ ရုပ်ကြီးဘဲ နာမ်တရားဘဲ ခေါ်ဆိုပညတ် သမုတ်ပြီး ခေါ်လိုက်တာ (သဘောတရားက ဆိုရင် အ ကြောင်း တွေ အ ကြောင်းပြည့်စုံတာ အကြောင်းနဲ့အကျိုး ထိုတရား ၂-ပါးအပြင် မြင်စရာ တပါးသောတရားမရှိတော့ဘူးဆိုတာကို သိထားရမယ်။ ဆိုပါတော့ အဲဒီအကြောင်းကလဲချုပ် အကျိုးကလဲချုပ် နောက် တဖန် အကြောင်းညီရင် ပြန်ဖြစ် ဖြစ်ပြီးချုပ် ဖြစ်ချုပ် ဖြစ်ချုပ် တလှုပ်လှုပ်နဲ့ အဲဒါကို ရုပ်ဘောက်ပြန်တယ်၊ နာမ်က ညွတ်တယ် သိတယ်ဘောက်ပြန်တယ်။ အဲဒါကို ရုပ္ပတီတိရူပံ နာမေတီတိ နာမံ လို့ ဋီကာကျော်မှာ ခေတ်ပစ္စည်းတွေနဲ့ ဟောတာ ရုပ္ပတိ ဘောက် ပြန်တတ်၏ ဣတိတသ္မာ ထိုကြောင့် ရူပံ ရုပ်မည်၏။

နာမေတိ၊ အာရုံမမှဆီသို့ ညွတ်တတ်၏။ ဣတိတသ္မာ၊ ထို အာရုံမမှသို့ ညွတ်တတ်သောကြောင့်။ နာမံ၊ နာမ်မည်၏။ အဲဒီ ဝိဂ္ဂဟ်စနစ်တွနှင့်လဲညီပါတယ်၊ ဝိဉာဏ် (၆)ပါး အာရုံ (၆) ပါး

ပြိုင်၍ ဖဿပစ္စယကြောင့် ဝေဒနာပေါ်ပုံတပါးဖြစ်၊ တပါ•မဖြစ်၊ ပဋိစ္စ သမုပ္ပါဒ် ကဏ္ဍမှာ ထပ်ခါ ထပ်ခါ ရုပ်ဖြစ်ပုံ နာမ်ဖြစ်ပုံ အကြောင်း ၅-ပါး အကျိုး ၅-ပါးတရားတို့ကို ရေးသားပြီးပါပြီ။ (ဤအဘိညာပိုင်းတွင် အလင်း ၅-ပါးတရားမှ ရုပ်နာမ်ကြောင်း ကျိုးမြင်သောတရားကို အမြွက်မျှ ဖော်ပြအပ်သော တရားဖြစ် ပါတယ်။

| | |
|---|---|
| ဖြစ်ချုပ် ဖြစ်ချုပ် တလှုပ်လှုပ်.... လှုပ်သမျှ | ဒုက္ခ |
| ဖြစ်အောင်ပြုသမျှ | သမုဒယ |
| အကြောင်းသမုဒယပယ်တာ | မဂ္ဂ |
| အကျိုးငြိမ်းချုပ်တာက | နိရောဓ |

အဲဒီ အဘိဉာဏ်ပိုင်းမှာဆိုရင် အကြောင်းအကျိုးကရားမှစ၍ အသိအမြင်အမှတ်အယူမှ ဂေါတြဘူအဘိဉာဏ်ထိအောင် တဆက်တည်း ဖြစ်ပုံကို တရား (နိဂုံး)အနေနှင့် ရေးသား ဟောကြားသော တရားကို ဤကဲ့သို့ နာယူမှတ်သားပေတော့။

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိ ဆိုအပ်သော ပုဗ္ဗဘာဂ ပဉ္စင်္ဂိကမဂ် ၅-ပါးက ဆိုအပ်ခဲ့ ပြီးသောအလင်းဝိဇ္ဇာ သမ္မာဒိဋ္ဌိကကောင်းစွာမြင်ပေးတယ်။ ကောင်းစွာမြင်ပေးပါသဖြင့် ၎င်းတရား ဖြစ်ချုပ်ပေါ်မှာ သမ္မာသင်္ကပ္ပ ဆိုတဲ့ စေတသိက်က ကောင်းစွာ ကြံတယ်။ ကောင်းစွာ ကြံစည်သောတရားအပေါ်မှာ ကြံစည်နိုင်စေရန် ဝိရိယ တည်းဟူသော သမ္မာဝါယမ တရားက အာရုံ၏ သမ္ပယုတ္တဓမ္မတွေကို ကောင်းစွာ ထောက်ပင့်ပေးတယ်။ သမ္မာသတိကမဂ်ကုသိုလ်တရားကိုကောင်း

စွာထင်ခြင်းဖြင့် မှတ်ပေးတယ်။ မေ့ပျောက်စေတတ်တဲ့ မောဟ အဝိဇ္ဇာတရားကို ကောင်းစွာ အသမ္မောဟဖြင့် ထင်စေတယ်။ ထို အသမ္မောဟတရား ထင်စေအောင် သမ္မာသမာဓိဆိုတဲ့ သဘော တရားက ထိုသို့အပ်ခဲ့ပြီးတဲ့ မဂ် ၄-ပါး၏ ကိစ္စပြည့်စုံ စေခြင်းငှါ မလှုပ်မရွေ့ ရှားစေခြင်း ကိစ္စဖြင့် တည်ကြည်ပေးတယ်။

၁။ ကောင်းစွာမြင်တယ်၊ ၂။ ကောင်းစွာကြံတယ်၊ ၃။ ကောင်းစွာအားထုတ်တယ်၊ ၄။ ကောင်းစွာကုသိုလ်တရားတို့ကို မပျောက်ပျက်ရန် မှတ်ပေးတယ်၊ ၅။ ကောင်းစွာ တည်ကြည် ပေ တယ်။ ၎င်းကိစ္စ ၅=ချက်ဖြင့် ပြည့်စုံတဲ့ ယောဂါဝစရ ပုဂ္ဂိုလ် သည် ဖြောင့်တန်းသောလမ်းကို ရောက်နေပေပြီ၊ ထိုသို့သော အင်္ဂါလက္ခဏာ ပြည့်စုံပါသဖြင့် မဂ္ဂပဋိပဒါလမ်းသို့ ရောက်ရှိပေ ပြီ၊ ၎င်း ၅—ပါးပြည့်စုံတဲ့ပုဂ္ဂိုလ်သည် မရရှိသေးသော ကုသိုလ် တရားများကိုလဲ နောက်မဆုတ်တော့ဘဲ ရည်မှန်းသော ပန်းတိုင် သို့ ရောက်ရှိရန် မိမိ၏ ဆန္ဒ စိတ္တ ဝိရိယ ဝိမံသဆိုတဲ့ ဣဒ္ဓိပါဒ် ၄— ပါးဖြင့် မိမိအလိုရှိသော နိဗ္ဗာန်သို့ ဆန္ဒစိတ် ဝိရိယ ဖြင့်၎င်း၊ ပညာဖြင့်၎င်း ဆုံးဖြတ်နိုင်ပြီ။

၎င်းရုပ်ဓမ္မ နာမ်ဓမ္မအပေါင်း အကြောင်းအကျိုး ဖြစ်ချုပ် တရားကို လက္ခဏာ ၃—ချက်နှင့် အနိစ္စ ဒုက္ခ ဖြင့် သင်္ခတ ဆိုတဲ့ ကံ စိတ် ဥတု အဟာရ အကြောင်း ၄-ခု ပေါင်းစုတဲ့ ပြုပြင်အပ် သော တရားကိုလည်း ဉာဏ်မှာထင်ပြီ၊ ပြုပြင်၍ ဖြစ်နေ ချုပ်နေ ဖြစ်ချုပ်တရားကိုလဲ ကောင်းစွာထင်ပြီဖြစ်၍ ထိုဖြစ်ချုပ် ရုပ်နာမ် ကို တပ်နှစ်သက်ခြင်း၊ ထိုရုပ်နာမ်၏ အကျိုးတရား ၅—ပါး ဝေဒ နာခံစားလိုသော တရားသည်လည်း ကင်းပြတ်လေ၏။ ထိုရုပ်

နာမ်တရားမှ ကင်းသော ဝါမဖြစ်သော ချုပ်ငြိမ်းသောတရားကို ကောင်းသောတရား မြတ်သောတရား ဒုက္ခအပေါင်းမှ လွတ်သော တရားဟု သူကိုယ်တိုင် ဉာဏ်မှာထင်ရှိပေ၏။ ဤကဲ့သို့ ထင်သော ဉာဏ်ကို သန္တိပဒဉာဏ်ဟု ခေါ်ဆိုအပ်၏၊ သန္တိပဒေဉာဏံ၊ ထင်ရှားရှိသော တရားကို ထောက်ဆ၍ ဉာဏံ၊ သိသောဉာဏ် တနည်းဖြင့် သန္တံ၊ ထင်ရှားရှိသောဒုက္ခသစ္စာ ရုပ်နာမ်ကို ထောက် ဆ၍ ထိုဒုက္ခသစ္စာ ရုပ်နာမ်မှလွတ်သော(ပဒေ)ပဒဟူသောနိဗ္ဗာန် သည်ရှိ၏၊ ကောင်း၏၊ မြတ်၏၊ ငြိမ်း၏ဟု သိသော၊ ဉာဏံ၊ ဉာဏ်တည်း။ ဤကဲ့သို့ သိမှတ်သော ဉာဏ်သည် မှန်လဲမှန်၏၊ မြတ်လဲမြတ်၏၊ ထိုသန္တိပဒ ဉာဏ်ဖြင့် ၎င်းယောဂါဝစရ ပုဂ္ဂိုလ် သည် နောက်မဆုတ်မူ၍ ဘာဝိတော ဗဟုလီကတော အဘိညာ ယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဘုရားရှင်သည် တိုက်တွန်း တော်မူ၍ ဗောဇ္ဈင်သုတ်၌ ဟောတော်မူ၏။

ထိုသို့ထပ်ဆင့်ပွါးခါ ဝိပဿနာ ဘာဝနာကို ဘာဝိတဗ္ဗ ဗာဝိတ ဖြင့် ကြိမ်ဖန်များစွာ ပွါးများပါသော အကြင် ယောဂီအား၊ အကြောင်းအကျိုး ၂—ပါးသည်၎င်း။ ဖြစ်ချုပ် ရုပ်နာမ်၌ တင် အပ်သော လက္ခဏာရေးသုံးပါးသည် ထင်တတ်သော ဉာဏ်မှာ သဘာဝအားဖြင့် အနိစ္စ ဒုက္ခ အနတ္တဟူ၍၎င်း၊ ပုဗ္ဗဘာဂ ၅=ပါး သော မဂ်စိတ်ဖြင့် ပဉ္စင်္ဂိက မဂ်ဖြင့်၊ မဇ္ဈိမပဋိပဒါကျခါ ဥဇုကော နာမသော မဂ္ဂါဟု ဘုရားဟောပါဠိတော်အတိုင်း လမ်းဖြောင့်သို့ ရောက်ရှိနေပေ၏။ သံသရာခရီး ပဋိစ္စသမုပ္ပါဒ် စက်ရဟပ်ကို လှည့် ပတ်၍ မလိုက်တော့ဘဲ ထိုခရီးမှလမ်းဖွဲ့ကာ၊ ဘုရားရှင်ဟောတော် မူတဲ့ ပိုလည်းမပို လိုလည်းမလို မပိုမလိုယာဉ်သာ မဂ်ပညာဖြင့်၊

မဇ္ဈိမ ပဋိပဒါထပ်ရှုပွါးများပါသောကြောင့်၊ အဘိဉာဏ်ဂေါ တြဘူဇော ကျလာတယ်၊ အဘိဉာဏ် ဆိုတာက ထူးတဲ့ဉာဏ်။ (နိဗ္ဗာန်တရားထူးရှေဦးစွာမြင် အဘိညာဉ်ခေါင်းစဉ်မှာ ရေးသားသည့်အတိုင်း • နိဗ္ဗာန် ပဌမဦးဆုံးမြင်ပေတယ်၊ ဂေါတြဘူဉာဏ် ဆိုတာက ပုထုဇဉ်နှင့် အရိယာတို့၏နယ်ခြားမှာ ဖြစ်ပေါ်၍ အရိယာအနွယ်ကို စောင့်ရှောက်ပေးတတ်သော သဘာဝတ္တ ဖြစ်ပါသဖြင့် ဂေါတြဘူဉာဏ်လို့ ခေါ်သည်၊ ၎င်းဂေါတြဘူဉာဏ်ကို မြတ်စွာဘုရားသည် အမျိုးမျိုးသော ဂုဏ်ထူးတို့ဖြင့် ဟောတော်မူတယ်။

ဝိသုဒ္ဓိမဂ္ဂ သညာ ခေါ် ပေါဌပါဒ ပဌမံ ဥပဇ္ဇတိ
ပစ္ဆာဉာဏံ ပေါဌပါဒ

အို ပေါဌပါဒ ခေါ်စင်စင် သညာ၊နိဗ္ဗာန်ကို အမှတ်ပေးသော သညာသည်၊ ပဌမံ၊ ရှေးဦးဖြစ်၍၊ ပစ္ဆာ၊ နောက်မှ။ ဉာဏံ၊ မဂ်ဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

(အဘိဓမ္မတ္ထသင်္ဂဟ)ဂေါတြဘူ ဉာဏ် နိဗ္ဗာန မာလမ္ဗိတ္ဝာ

ဂေါတြဘူဉာဏ်၊" ဂေါတြဘူဉာဏ်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့၊ အာလမ်ိတွာ၊ အာရုံပြု၍။

အနုပ္ပါဒံ နိဗ္ဗာနံ ပက္ခတိတိ ဂေါတြဘူ

အနုပ္ပါဒံ၊ ဖြစ်ခြင်းမရှိသော။ နိဗ္ဗာနံ၊ အပဝတ္တ နိဗ္ဗာန်သို့။ ပက္ခန္ဒတိ၊ မဖြစ်လိုသောအားဖြင့် အာရုံပြုကာပြေးဝင်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဂေါတြဘူ၊ ဂေါတြဘူမည်၏။

သညဂ္ဂံ-သညာ အဂ္ဂံ မြတ်သောသညာ ပေးခြင်း၊ တပါးမက များလှစွာ အမည်ဂုဏ်ထူးတို့ဖြင့် ထိုဂေါတြဘူစိတ်ကို ဟောတော်မူ၏။ ဓမ္မစက္ကပဝတ္တန ဒေသနာတော်၌ကား အဘိဉာဏ်ဟုဟောတော်မူ၏၊ ဟောတော်မူပုံကား စက္ခုံကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ စက္ခုံကရဏီ၊ ဉာဏ်မျက်စေ့အလင်း ဉာဏကရဏီပညာမျက်စေ့ အလင်းရှိခြင်းကြောင့် ကိလေသာငြိမ်းတယ်၊ ကိလေသာငြိမ်းပါသဖြင့် ထူးသောအဘိဉာဏ်ဖြင့် သစ္စာ ၄-ပါးကို ကောင်းစွာသိတယ်၊ ဖိုလ်ဉာဏ်ဖြင့် ငြိမ်းတယ်ဟူ၍ ဟောတော်မူပါသော ကြောင့် ၎င်းဂေါတြဘူစိတ်သည် အဘိဉာဏ်ဇောမည်၏။ ဤကဲ့သို့ နိဗ္ဗာန်ကို ဂေါတြဘူ အဘိဉာဏ်ဇောက အာရုံပြုကာ သညာအမှတ်ပေးပါသဖြင့် ၎င်းပေးအပ်သော သညာကို တဆက်တည်းအာရုံပြုလျက် ၎င်းဇောယူအပ် သိအပ် အနုပ္ပါဒ အပဝတ္တ နိဗ္ဗာန်ဆိုတဲ့အာရုံကို အာရုံပြုကာ သိလျက် ဂေါတြဘူဉာဏ်နှင့် တဆက်တည်းဖြစ်သော သောတာပတ္တိမဂ်စိတ်ဖြစ်ပေါ်လေသည်။ မဂ်စိတ်ဖြစ်ပေါ်ခိုက်မှာ အနုသယ ကိလေသာပါ အကြွင်းအကျန်မရှိ၊ ကင်းစင်ငြိမ်းသွားပါသဖြင့် နောက်ထပ် ၃-ကြိမ်လောက်ကျတဲ့ ဇောတွေက ငြိမ်းခံစားတယ်၊ ဤကဲ့သို့ ငြိမ်းစွာခံစားတဲ့ ဇောကို ဖိုလ်ဇော,ဖိုလ်စိတ်လို့ခေါ်ပေသည်၊ အနုသယကိလေသာကို ပယ်သတ်လျက် ဖိုလ်ဇောအထိဆိုရာ အကျဉ်းအားဖြင့် ပြဆိုရာဖြစ်ပါသတည်း။

## ဘဝစက်တည်းဟူသော အနုသယ ကိလေသာကို ဓမ္မစက်တည်းဟူသော မဂ်ကပယ်ပုံနှင့် ဉာဏ်အဘိညာဉ်ခန်း ဝေဘန်ချက်

ဘဝစက်ဆိုတဲ့ လည်၍ဖြစ်စေတတ်သော ကံတို့၏ ပြည့်စုံ၍ ဖြစ်ရာသောဘဝတို့သည် ဆိုအပ်ခဲ့တဲ့ မဂ်ဖြင့် မပယ်သတ်သေးသော အနုသယကိလေသာ၏ အစွမ်းဖြစ်တယ်၊ ဖြစ်ပုံက ဝိတိက္ကမ ကိလေသာကို မဂ်ဖြင့် မပယ်သတ်သေးလို့ ပေါ်တာဖြစ်တယ်၊ အကြင်အခါမှာ မဂ်ဖြင့် သက်ဆိုင်ရာဖြစ်တဲ့ သူ မဂ်နှင့် သူ့ကိလေသာ (ချေလိုက်၊ ပယ်လိုက်ရင်) ၎င်းပယ်အပ်ပြီးသော ကိလေသာတို့ဟာ မည်သည့်အကြောင်းနှင့်မှမပေါ်ပေါက်တော့ဘူး၊ ဒါဖြင့် ဝိပါက ဆိုတဲ့ ရုပ်နာမ် ဒုက္ခသစ္စာတရားကြီးဟာ ကမ္မဝဋ် တည်းဟူသော အကြောင်းတရားကြောင့် ဖြစ်တာ၊ အဲဒီ ကမ္မဆိုတဲ့ ကံအမျိုးမျိုး တွေဟာလဲ ကိလေသာတည်းဟူသော အကြောင်းတရားကြောင့် ဖြစ်ထာမှန်တယ် (ဝိပါကဝဋ်) (ကမ္မဝဋ်) (ကိလေသာဝဋ်) ဝဋ်သုံးပါး ဖြစ်ပုံ ဇယားလဲ ဖေါ်ပြခဲ့ပြီးပြီ၊ စေ့စေ့စပ်စပ် ဘတ်ရင်၊ နားကြားရင် ရှင်းနိုင်ပြီ။

သတ္တဝါတွေရဲ့ ဖြစ်ပုံ၊ ပျက်ပုံ၊ ခံရပုံ ဘဝစက်ကို ဤနေရာက နေပြီး ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူသော ဝိဘင်ဆိုတဲ့ ဝေဘန်ချက် ဒေသနာ၊ ပဋိစ္စကို စိတ်မဆွရအောင် သဘာဝကို ဉာဏဆိုတဲ့ အသိဉာဏ် ထင်လင်း၍ ရှင်းဘို့ အရေးကြီးပါသဖြင့် ဝေဘန်အပ်ပါတယ်၊ (ဂေါတြဘူဇော စိတ် ဉာဏ်ဟာ နိဗ္ဗာန်ကို အမှတ်သညာ ပေးတယ်၊ နောက်မှ မဂ်ဇောကျတယ်လို့ ဘုရားဟော ဒေသနာတော်နှင့် ဖေါ်ပြခဲ့တယ်၊ အဲဒီ ဂေါတြဘူဇောရဲ့

အမှတ်သညာပေးတာကို သေသေချာချာ နှလုံးသွင်း မှတ်ထား အုံးပေါ့)ဂေါတြဘူဇောစိတ်က နိဗ္ဗာန်ကို သညာအမှတ်ပေးသော သညာဖြင့် တဆက်တည်း မဂ်ဇော ကျလာတယ်လို့ ဖေါ်ပြခဲ့ပါ တယ်၊ နိဗ္ဗာန်ကို သညာပေးနိုင်သောကြောင့် ဂေါတြဘူလို့ခေါ် တယ်၊ ပုထုဇဉ်အနွယ်ကို ဖြတ်၍ အရိယာအနွယ်ဇာတ်ကို စောင့် ရှောက်ပြီးလျှင် ထူးသောနိဗ္ဗာန်ကို သညာပေးသောကြောင့် အဘိညာဏ် ထူးသောဉာဏ် ခေါ်ရတယ်။

အဲဒါကြောင့် (ဂေါတြဘူအဘိဉာဏ်ဟူသော အမည်ထူးဖြင့် ဘုရားရှင် ဟောတော်မူတာ၊ တသံသရာလုံး မည်သည့်တရားတွေ မှတ်ပြီး အာရုံပြုလာသတဲ့ ဒကာမောင် (ဘုရား)၊ တသံသရာလုံး (ကာမဂုဏ်တရားတွေ အာရုံပြုလာတယ်) အဲဒီ ရူပ,သဒ္ဒ,ဂန္ဓ,ရသ, ဖောဋ္ဌဗ္ဗ ဆိုတဲ့ အာရုံတရားတွေ အာရုံပေးပြီး၊ မွေ့လျော်ပြီး၊ အမှတ်သညာဖေါက်ပြန်ပြီးလာတဲ့ သံသရာတခွင်မှာ ယခု ဗုဒ္ဓရှင် တော်ဘုရားရဲ့ သာသနာအလင်းရောင်နှင့်တွေ့တဲ့အခါ ဝိပဿနာ တရား အားထုတ်လိုက်တော့ တသံသရာလုံးမှတ်ထင်လာတဲ့ အမှတ် သညာဟုတ်သေးရဲ့လား၊ မည်သည့်တရားတွေ တွေ့သလဲ မေးမယ် ဆိုရင် အဖြေကတော့ အနိစ္စ, ဒုက္ခ, အနတ္တ သဘော သဘာဝတွေ မဟုတ်လား၊ ပြန်ပြီး ဝိပဿနာအသိဉာဏ်နဲ့ ဖြေစမ်းပါအုံး၊ မမြဲ ဆင်းရဲ အစိုးမရ သဘာဝကို မိမိဉာဏ်နှင့် အသိဖြစ်ပါတယ်၊ အဲဒီ ဝိပဿနာပွါးများတဲ့အမှတ်လက္ခဏာ သညာဖြင့် အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာဖြင့် မိမိခန္ဓာကိုယ် ရုပ်နာမ် ၂-ပါး အား တရားရှုမှတ်တယ်ဆိုတာ ပဋ္ဌမ ယောဂါဝစရ ယောဂီပုဂ္ဂိုလ် အား ပညာတရားကအရင်ဖြစ်ပေါ်လား၊ အမှတ်သညာလက္ခဏာ

က အရင်ဖြစ်ပေါ်မှာလား၊ "အမှတ်သညာတရားက အရင် ဖြစ်ပေါ်တယ်ဘုရား"၊ ဒါကြောင့် သညာအမှတ်ပေးသော တရားကို ပညာက ဝေဘန်တယ်၊ ပညာက မည်ကဲ့သို့ ဝေဘန်သလဲဆိုတော့ ဤသည်ကား ရုပ်၊ ဤသည်ကား နာမ်၊ ဤသည်ကား မမြဲသော သဘော၊ဆင်းရဲသောသဘော၊အစိုးမရသောသဘောဟု သဘော သဘာဝတွေထိအောင် ဉာဏ်နဲ့သိတယ်၊ ထပ် ထပ် ပွါးများတော့ ဉာဏ်က စင်ကြယ်သည်ထက် စင်ကြယ်ကာ ထိုးထွင်း၍ သိတယ်၊ အဲဒါကို ဝိဇ္ဇာလို့ခေါ်တယ်၊

ကိုင်း ဒါဖြင့်ရင် ဒီနေရာမှာ ပုစ္ဆာပြဿနာတွေထုတ်မှရှင်းမယ်၊ ဝိပဿနာတရား မရှုပွါးခင်မှာ ဒိဋ္ဌိဖြစ်နေတာ ယူနေတာ၊ အဲဒီ အယူ မည်သည့်တရားကြောင့် သက္ကာယဒိဋ္ဌိအယူကို ယူပါသလဲ ဆိုရင် အဲဒီ မိမိခန္ဓာကိုယ်ကို သမ္မာသတိ အမှတ်သညာ ကင်းပြီး၊ တရားမရှုမှတ်ဘဲ အမှတ်လွတ်နေလို့ ဖြစ်တယ်၊ ယခုအမှတ်မှန်ပြီ၊ ရုပ် နာမ် အမှတ်မှန်သဖြင့် အသိမှန်ပြီ၊အသိမှန်သဖြင့် အယူမှန်ပြီ၊ အယူမှန်သဖြင့် မှားသောဒိဋ္ဌိ မရှိဘဲ၊ ဒိဋ္ဌိပယ်၏၊ ပယ်တာကမဂ်သို့ ဟောကြား ရေးသားခဲ့တယ်၊ မဂ် ၂-မျိုးရှိတယ်၊ ပုဗ္ဗဘာဂမဂ်၊ အရိယာအဋ္ဌင်္ဂိကမဂ်၊ မဂ် ၂-ပါးလုံး ကိလေသာကိုပယ်တာ မှန်တယ်၊ ပုဗ္ဗဘာဂ ပဉ္စင်္ဂိကမဂ်က ဝီတိက္ကမပရိယုဋ္ဌာန ကိလေသာကို ပယ်တယ်၊ အဋ္ဌင်္ဂိက အရိယာမဂ်က အနုသယ ကိလေသာကို ပယ်တယ်၊ ပုဗ္ဗဘာဂမဂ်ဆိုတာ သောတာပတ္တိမဂ်၏ ရှေ့အဘို့မှာ ကိလေသာတွေကို အားအလျော့က် ပယ်တာ၊ ဒါဖြင့် မဂ်လို့ခေါ်တာ အဘိဉာဏ်ကို ဝေဘန်ရာမှာ ဆိုရင် ပုဗ္ဗဘာဂမဂ် ဝိပဿနာ ဉာဏ် အဘိဉာဏ်ကောက်ယူရမယ်၊ ဂေါတြဘူစိတ်ကို အဘိဉာဏ် ဇော ကောက်ရမယ်၊ မဂ်စိတ်ကို မဂ်အဘိဉာဏ်ကောက်ရမယ်။

ပုဗ္ဗဘာဂမဂ် ဝိပဿနာဉာဏ်ကတော့ လောကီသင်္ခတ အာရုံထဲမှ ထူးသောဉာဏ်တွေ ရောက်ရှိပြီး သင်္ခတဆိုတဲ့ ကံ စိတ် ဥတု အာဟာရ ဆိုတဲ့ အကြောင်းတို့ကြောင့် ဖြစ်ပေါ်တဲ့ ရုပ်နာမ်ကို အဟုတ်အမှန်ဉာဏ်နဲ့သိလို့ ဝိပဿနာအဘိဉာဏ်လို့ ခေါ်ဆိုထိုက်ပါသဖြင့် ဝိပဿနာအဘိဉာဏ် ဖြစ်ပါတယ်။ ဂေါတြဘူ အဘိဉာဏ်ကို ဘော်ပြီး မဂ်အဘိဉာဏ်ဆိုပါရင် ကိလေသာ အကြွင်းအကျန် နောက် တဖန် မဖြစ်ပေါ်အောင် မဖြစ်ရှိသေးသော အနုသယ ကိလေသာကို ပယ်သည်။

## ဓမ္မစက္ကပဝတ္တန ဒေသနာတော်မှာ

စက္ခုံကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ
သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

စက္ခုံကရဏီ၊ သစ္စာ ၄-ပါးကိုမြင်သော ပညာမျက်စိကို ပြုပြင်တတ်သော အဲဒီဓမ္မစက္ခု ဉာဏ်အလင်း၊ ဉာဏစက္ခု ဉာဏ်အလင်းတွေဟာ အလိုလိုနေမင်းကြီးဓမ္မတာအားဖြင့် ပေါ်ထွက်လာသလို ပေါ်လာတာလား၊ ဤကဲ့သို့မဟုတ်ဘဲ ပြုပြင် ပြုကျင့်အားထုတ်မှ ပေါ်လာတာလား ဆိုတာကို ဓမ္မစက္ကပဝတ္တနဒေသနာကို သေသေချာချာ အနက်သဘော ညက်ညောအောင် ကျက်မှတ် ဘတ်ရှုပြီး နာကြားပါ၊ ဓမ္မစက္ကပဝတ္တန ဒေသနာတော်မြတ်ကို ဗုဒ္ဓဘာသာနိုင်ငံတော်တွေမှာ ကလေးသူငယ် အမျိုးသမီးငယ်တွေလဲ ရကြတယ်၊ ဝတ်အသင်းဖွဲ့၍ ရွတ်ကြ ဘတ်ကြတယ်၊ အနက်သဘောကို ရှင်းပြီလား၊ ဉာဏ်မျက်စိ အလင်းကို ပြုပြင်တတ်သော၊ ပညာမျက်စိအလင်းကို ပြုပြင်တတ်သော သစ္စာ ၄-ပါးကိုမြင်တတ်သော ဉာဏ် သိတတ်သောဉာဏ် ဝေဘန်တတ်သောပညာ——

အဲဒီနေရာမှာ ရှင်းဘို့လိုသေးတယ်၊ 'သစ္စာ ၄-ပါး တရားက ဒကာမောင်ထံ ပေါ်ပေါ်ပြီး၊ အလိုလိုလာပြီး ရှင်းမှာလား….၊ သစ္စာ ၄-ပါး တရားကို သိအောင်၊ မြင်အောင် ရှင်းရမှာလား (သစ္စာလေးပါးတရားကို) သူ့သဘာဝဓမ္မအတိုင်း ရှင်းလို့၊ ရှုတ်နေတာက မိမိဉာဏ်မလင်းလို့၊ အဲဒီ မရှင်းမလင်းတဲ့ မိမိဉာဏ်ကို ရှင်းအောင်, လင်းအောင် ပြုပြင် ပြုလုပ်ရမယ်၊ ဗုဒ္ဓရှင်တော်က ဟောတာ၊ သူ့ကိုယ်တိုင် တရားအလုပ် လုပ်ရတာကိုအသိဖြစ်တယ်၊ ဘုရားရှင်လက်ထက်မှ စ၍ လွန်ခဲ့တဲ့ အတိတ်သာသနာတော်မှာ အနေးနဲ့အမြန် ဆိုတာလိုပါဘဲ၊ ၎င်းသစ္စာ ၄-ပါး တရားကို သိအောင် ကြိုးစားရတယ်၊ အားထုတ်ရတယ်၊ အားထုတ်ရတဲ့ အကြောင်းကိုလဲ ပြုကျင့်ပုံနည်းနဲ့တကွ ဟောကြားခဲ့တယ်။ မဂ္ဂပဋိပဒါမဂ်လမ်းမှာ သမ္မာဝါယမဆိုတဲ့ မဂ္ဂင်ကိုလဲ ဟောကြားခဲ့တယ်။ တိုတို နိဂုံးချုပ်လိုက်ရင် (တရားက) တရားဘဲ၊ တရားကို ရှင်းပြီး လင်းအောင် ကြိုးစားအားထုတ် ရှုမှတ်ရမယ်။

ယခုရေးဆိုပြအပ်ပြီးသောတရားစုတွေကို လိုရင်းဖြင့် အတိုဆုံးအကျဉ်းဆုံးပြောမယ်ဆိုရင် ဤကဲ့သို့ မှတ်ယူရမယ်၊ ပဋိစ္စသမုပ္ပါဒ်သံသရာ စက်ရဟတ် ဘဝဆိုးကြီး လည်ပတ်နေတာ ဒီ မသိလို့ ဉာဏ်မရှင်းလို့ လည်ပတ်ရတာဘဲ၊ သာသနာအလင်းရောင်အောက်မှာ ဓမ္မစက္ကအလင်းမြင်ပါသဖြင့် ဝေဘန်တတ်သော ပညာ ဖြစ်ပေါ်လာတယ်၊ ၎င်း ရုပ်နာမ်ကြောင်းကျိုး ဝေဘန်တတ်သော ပညာ ဖြစ်ပေါ်လာတယ်၊ ၎င်း ရုပ်နာမ်ကြောင်းကျိုး ဝေဘန်တတ်ပိုင်းခြား သိတတ်သောတရားသည် ဝိဇ္ဇာတရား ပေါ်ရတယ်၊ ၎င်းဝိဇ္ဇာတရား ဉာဏ်ရောင်ထွန်းလင်းပါသဖြင့် အာလောကဆိုတဲ့

မောဟရဲ့ဆန့်ကျင်ဘက်(အသံမောဟ)ဆိုတဲ့ အမောဟတရားကြီး ထင်ရှားဖြစ်ပေါ်လာတယ်။

အဲဒါကြောင့် ဥဒပါဒိ ၅ ချက်နဲ့ ပေါ်တာဖြစ်တယ် (ဥဒဏံပါဒိ)ထင်ရှားဖြစ်ပေါ်၏ ပေါ်ပြရေးသားခဲ့ပြီးပြီ။

ဤကဲ့သို့ ရုပ်နာမ်သဘာဝကို ငါးချက်သောအလင်းဉာဏ်ရောင်ဖြင့် အမှောင်မရှိဘဲ တိတိကျကျ မိမိဉာဏ်နဲ့ သိရှိသောအခါမှာ အမှတ် အသိ အယူ(သညာ စိတ္တ ဒိဋ္ဌိ ဘောက်ပြန်သော မှတ်ခြင်း သိခြင်း ယူခြင်းကို စိတ်ဉာဏ်မှာစွန့်လွှတ်ခါ အမှတ်မှန် အသိမှန် အယူမှန်ရောက်ရှိပါသဖြင့် သင်္ခတရုပ်နာမ်အား အမုန်းကြီးမုန်းခါ ဆုံးရာအရပ်သို့ရောက်ချင်သောကြောင့် အာရုံပြုတာက ဝိပဿနာ အထွဋ်အထိပ်ဖြစ်တဲ့ ဝိပဿနာ အဘိဉာဏ်ဤကဲ့သို့ ဝိပဿနာပရိကံ ဉာဏ်အပေါင်းက အာရုံပြုခိုက်မှာ သင်္ခတနယ်နိမိတ်မှလွတ်တဲ့နိဗ္ဗာန်ကို လက်ညှိုးထိုး၍ပြဘိသကဲ့သို့ အမှတ်သညာပေးလိုက်တာက ဂေါတြဘုဉာဏ် ပေးအပ်သော အမှတ်သညာရပါသဖြင့် တဆက်ထဲရပ်ဆိုင်းခြင်းမရှိဘဲ တဟုန်ထိုးကျဆင်းလာသလို ဇောတဖန်ကြတာက မဂ်ဉာဏ် အဲဒါမဂ်အသိတရားပါဘဲ။

ပရိကံ ဥပပာ အနုလုံ(ဝိပဿနာဉာဏ်အထူး အဘိညာ)
ပုထုဇဉ်နှင့် အရိယာနယ်ခြား ဂေါတြဘု ဉာဏ် ထူး
အဘိညာ

(မဂ္ဂဟတာ ကိလေသာ ဣဝ ပတ္တာနုပ္ပတ္တိဓမ္မတံ)မဂ်၌ ပယ်အပ်သောကိလေသာတို့သည် တဖန်ဖြစ်ခြင်းမရှိသည်ဖြစ်၍ ပယ်အပ်သောတရားကို ပယ်သတ်တာက(မဂ်အဘိညာဉ်ဉာဏ်)

ဘဝစက်ကို ဓမ္မစက်နှင့်ရင်ဟပ်ခါ စပ်လိုက်တော့ထပ်မိပါ သဖြင့်(တိ)ဆိုရပ်သွားတယ်။

သောတာပတ္တိ-မဂ် ဒိဋ္ဌိ ဝိစိ သီလပရာမာသ ပယ်
သကဒါဂါမိ ပဋ္ဌမမဂ်ပယ်စဉ် ၂ ကြိမ်ကာမရာဂ
ခေါင်းပါးအနာဂါမိ ကာမရာဂ ပယ်
အရဟတ္တ ကျန်ရှိသောကိလေသာအကြွင်းမဲ့ ပယ်။

ကိလေသာကိုမဂ်ကပယ်တယ် ဟု ရေးသားဖော်ပြခဲ့တယ်၊ ကိလေသာကိုမဂ်ကပယ်တယ်ဆိုတော့ သောတာပတ္တိမဂ်ဇောကျမှ ကိလေသာပယ်တယ်ဟု ယူဆထားရင်သဘာဝကော သာဓကရော အာဂမကော မကိုက်ညီလှဘူး၊ အဘိဓမ္မတ္ထသင်္ဂဟမှာဖွင့်ပြထား တယ်၊ နိဗ္ဗာနံ နိဗ္ဗာန်တရားသည် မဂ္ဂဖလဉာဏဘူတံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ ဘူတံတင်အပ်သော အသခ်တံ ကံ စိတ် ဥတု အဟာရတို့ပြုပြင်ခြင်းကင်းသော အသခ်ဟံ နိဗ္ဗာန်ရင်းလို့ ဖွင့်ပြ ထားတယ် မဂ်ဉာဏ် ဖိုလ်ဉာဏ်မှာ ထင်ရှားအပ်တဲ့တရားက အသခ်တနိဗ္ဗာန်တဲ့၊ ၎င်းမဂ်ဖြစ်ခိုက်မှာ ထင်ရှားသော မည်သည့် ကိလေသာရှိအုံးမှာလဲ ဒီနေရာမှာအထူးသတိပြုရမယ် မဂ်ဇော ဖိုယ်ဇောကျမှ ကိလေသာကင်းပင်ကင်းပြတ်တယ်လို့ ဟောထား တယ်၊ ပယ်စရာထင်ရှားသော်လဲ လုံးဝမရှိဘူးဗျ၊ ကိလေသာဆို တာကလဲ ရုပ်နာမ်ဓမ္မကိုစွဲ၍ဖြစ်တာဖြစ်တယ်၊ ယခုအခါမှာ အသခ်တအာရုံပြုနေတယ်။

ဖော်ပြခဲ့ပြီးတဲ့ အဘိဉာဉ်ပိုင်းမှာရေးသားခဲ့တယ် ထင်ရှား မရှိမဖြစ်သေးသော် အနုသယကိလေသာဓါတ် အနုကိုနောက် တဖန်မဖြစ်ပေါ်ရန် အနုသယကိလေသာကို မဂ်ကပယ်တယ်၊

ဝိတိက္ကမကိလေသာ ပရိယုဋ္ဌာန ကိလေသာကို ပုဗ္ဗဘာဂမဂ်ဝိပဿနာဉာဏ်ပယ်တယ်။

## သို့ဖြစ်၍ ဋီကာကျော်မှာ

ကိလေသေ မာရေန္တော ဂစ္ဆတီတိမဂ္ဂေါ၊ ကိလေသေ ကိလေသာကို မာရေန္တောသတ်လျက် ဂစ္ဆတိသွားတတ်၏ ဣတိတသ္မာသို့ကြောင့် မဂ္ဂမည်၏။ မောမသည် မာရေတိ သတ်တတ်၏၊ ဂေါ သည်ပစ္စတိသွားတတ်၏၊ ယောစ အကြင်သဘောတရားသည်၊ သောစ ထိုကိလေသာအပေါင်းကိုသတ်၍ သွားတတ်၏၊ ဣတိ တသ္မာ(ငှ)မဂ္ဂေါမဂ္ဂမည်၏။ ပုဗ္ဗဘာဂမဂ်က ဝိတိက္ကမကိလေသာ ပရိယုဋ္ဌာနံ ကိလေသာပယ်တယ်။ သောတာပတ္တိမဂ်က မဖြစ်ပေါ်သေးသောအနုသယ နောင်တဖန်မဖြစ်ပေါ်ရန်ပယ်တယ်၊ ထင်ရှားမရှိသောကိလေသာကို နောင်မရှိအောင် မည်ကဲ့သို့ပယ်ပါ အံ့နည်းဟု စောဒနာရန်ရှိတယ် ဥပမာ—အသီးသီးသော သစ်ပင်ငယ်ကို နောင်တဖန်မျိုးဟူသော အသီးမသီးရန် အသီးထင်ရှားမရှိသောသစ်ပင်ငယ်ကို အသီးမသီးရန် နုတ်ပယ်လိုက်၏၊ ထင်ရှားမရှိသောအသီးကို မဖြစ်ပေါ်ရန်ပယ်လိုက်၏။ နိဗ္ဗာန်ဟူသော အပဝက္ကမဖြစ် အနိမိတ္တ နိမိတ်မရှိ အနုပ္ပါဒဖြစ်ခြင်းမရှိ အသင်္ခတပြုပြင်ခြင်းမရှိသောနိဗ္ဗာန်တရားထူးကို အာရုံရပါသဖြင့် ကိလေသာအပေါင်း အဘယ်မှာ ဘယ်မှာဖြစ်နိုင်ပါအံ့နည်း။ မဂ်ပယ်စဉ်အတိုင်းယူပါ။

မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ ရှေ့မှာထင်အပ်တဲ့ အာရုံပြုအပ်သောပြုပြင်ခြင်းကင်းသောနိဗ္ဗာန်ကို အာသေပန အားကောင်း

ကောင်းနဲ့ အာရုံပြုလိုက်တယ်၊ ၎င်းမဂ်ဇောရဲ့ နောက်ထပ် ၂ ကြိမ် ၃ ကြိမ်ကြတဲ့ဇောက ဖိုလ်ဇောဖြစ်တယ်၊ ဤကာလာတွင် သင့်လောက်ပြီ။

ယခုရေးသားခဲ့သောတရားကား ဓမ္မ``က္ကဖြစ်တယ်၊ ဘဝစက္ကကို ဓမ္မစက္ကဉာဏ်အမြင်ဟပ်လိုက်ရင် ဘဝစက္က ဘဝဆိုးကြီးရပ်သွားတယ်။

သံသရာရယ် သံသရာလည်တာရယ် အကျိုးတရာ ရယ် လည်ပတ်စေတာရယ် အကြောင်းတရားရယ်၊ အကျိုးတရားရယ်၊ ၎င်းအကြောင်းတရား အကျိုးတရားကိုဉာဏ်ရယ် မြင်တတ်တဲ့သဘာဝဉာဏ်အလင်းဝိဇ္ဇာ ၅ ပါးရယ်၊ ဉာဏ်အဘိညာဉ်ဂေါတြဘူ အဘိညာဉ် မဂ်အဘိညာဉ် ဖိုလ်ဉာဏ် ၎င်းတရားတွေသည် တခုသောတရားက တခုသောတရားကိုအကြောင်းပြုကာ ဆက်ခါ ဆက်ခါဖြစ်သောတရားများ ရှင်းလင်းလောက်ပြီ ဖိုလ်ဉာဏ်စိတ်ဇောထဲမှာ လွန်ငြိမ်းသွားလေသည်၊ အဘယ်ကြောင့်ငြိမ်းပါသနည်းမေးဘွယ်၊ ကျန်တာတွေ စရာရှိတယ် ဤသို့မှတ်ရမယ်၊ စက္ခုကရဏီ ဉာဏကရဏီဉပသမာယ အဘိညာယ သမ္ဗောဓါယ နိဗ္ဗာနာယသံဝတ္တတိ)

(ဥပသမာယကိလေသာတို့)မှ ငြိမ်းခြင်းငှါလို့ ပါဠိတော်ဒေသနာကို ဟောပြခဲ့တယ်၊ ကိလေသာခငြိမ်းမှာပေါ့၊ကိလေသာဆိုတာ ရုပ်နာမ်ဓမ္မစုဲလမ်းသာယာဖြစ်တာ ယခုအလင်းဓါတ်ကြီးက ရှင်းပေးပါသဖြင့် စွဲလန်းဘို့မဆိုထားဘိရုပ်နာမ်ချုပ်ရာကို အလိုရှိနေတယ်၊ ကိလေသာညိမ်းနေတယ်၊ သီလသိက္ခာလဲ အနွောဂတေအတွင်းရောက်နေပြီ ယောဂီရဲ့စိတ်သန္တာန်မှာ ကာယကံမှု

ဝစီကံမှု မနောကံမှု ဆိုတဲ့ ဒုစရိုက်တရားတွေကြူးလွန်ဖြစ်များ ခြင်းကင်းနေတယ်၊ သမာဓိဆိုတဲ့ တရားကကော သမ္မာ၊ ကောင်း စွာ။ ဓိယတိ၊ တည်ကြည်တတ်၏။ ထို့ကြောင် သမ္မာသမာဓိ မည်၏၊ သမာဓိသိက္ခာကလဲ တည်ကြည်နေတယ်၊ ပညာသိက္ခာက တော့ ရှင်းစရာမလိုဘူးပေါ့။ ဒီနေရာမှာ သိက္ခာ ၃-ပါးညီတယ် ဆိုရမယ်၊ မဂ်မကျခင် (အခိုက်အတန့် ညီတယ်လို့ မှတ်ယူရမယ်) အာဂမဒေသနာမှာလဲ ဝေဘန်ကြည့်မယ်ဆိုရင်——

ဥပသမာယ ဆိုသော ပါဠိတော် (ပုဒ်မှာ ဥပ ဟူသော ပုဒ်၌ သမီပေ)ဟု ဖွင့်ကြပါတယ်၊ (သမဟူသောပုဒ်ကလဲ အညီအမျှ ဟူသောအနက် ရှိပါတယ်၊ (အာယ) သဒ္ဒါကလဲ ပြည့်စုံခြင်းငှါ ဟူသော အနက်ရှိတယ်၊ ဥပ သမ အယံ ( အယ၊ အကြင်သိက္ခာ ၃ ပါးသည် ဥပသမီပေ၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်၏အနီး၌ သမအာယ အညီအမျှ ဖြစ်ခြင်းကြောင့် ကိလေသာတို့မှ ငြိမ်းခြင်းငှါဟု အနက်သမ္ဗန်ကြတော်မူတယ်၊ အဲဒီ ပဋိပဒါမဂ္ဂင်ဇောထဲမှာလဲ ငြိမ်းဧ (ဆက်လက်၍ အားထုတ်ပါသဖြင့် ပရိကံဇောထဲမှာလဲ ကိလေသာဖြစ်ခွင့်မရ ဥပစာဇောထဲမှာလဲ ဆိုရင် သခ်တဆိုတဲ့ နယ်နိမိတ်ရဲ့ လွတ်ရာတရား။ အသခ်တနယ်နိမိတ်ဟု ဆိုအပ်တဲ့ အနီးအနား ထက်ဝန်းကျင်ကို အာရုံပြုခိုက်မှာ အနုလုံဇောက ကိလေသာ ပယ်ရှားပေးတယ်၊ ကိလေသာ ဖယ်ရှားပေးစဉ်မှာ ကင်းစင်သည်ထက်ကင်းစင်သော ကိလေသာရှိပါသဖြင့် ချုပ်ငြိမ်း တဲ့တရားကြီး ကောင်းတယ် ကောင်းတယ်ဟု ပညာက ဖောန်ပြီး သညာက နိဗ္ဗာန်ကို အမှတ်ပေးလိုက်တယ်၊ အဲဒီသညာ ပေးလိုက် သော ဇောကို မှီတွယ် ကျလာတဲ့ဇော၊ အဲဒီဇောကို အဘိညာဉ်

ဇောလို့ခေါ်တယ်၊ အဘိညာဉ်ဇောကို နိရောဓမဖြစ်ဘဲ ချုပ်ငြိမ်းအစဉ်ငြိမ်းနေတဲ့ နိဗ္ဗာန်ကို လက်ညှိုးထိုးပြသလို သညာက ပြပါသဖြင့် မဂ်ဇောက အဲဒီမဖြစ်ချုပ် နိရောဓတရားကြီး အသင်္ခတတရားကြီး နိဗ္ဗာန်ကို အာရုံပြုပေးလိုက်တော့ ဖိုလ်ဇော ၂-၃-ကြိမ်က ငြိမ်းတယ်၊ ငြိမ်းတယ်ဆိုပြီး ခံစားလိုက်တာ အဲဒါကို ကိလေသာမှလွတ်လို့ ဝိမုတ္တိဖိုလ်ဉာဏ်နဲ့တွေ့ထိလို့ ရသ အဲ့ဒါဝိမုတ္တိရသတရားတော်ကြီးပါဘဲ။

အဲဒီလို ခံစားနေတဲ့ ဇောစိတ်ကို စေတောဝိမုတ္တိလို့ ဘုရားဟောတော်မူတယ်၊ စေတောက စိတ်၊ ဝိမုတ္တိက ကိလေသာမှအထူးလွတ်တာ၊ (စေတောဝိမုတ္တိ) ပါဠိလိုခေါ်တာ ဖြစ်တယ်။ ဝိမုတ္တိ ရသ တရားတော် မဂ်ဉာဏ်က ဝိဇ္ဇာ၊ လွတ်တာက ဝိမုတ္တိ ဝိဇ္ဇာဝိမုတ္တိ။

| | |
|---|---|
| သိတာ မြင်တာက | သဘာဝဝိဇ္ဇာအလင်း ၅–ပါး |
| ထူးကဲစွာ မြင်တာက | အဘိညာဉ် |
| ပယ်တာက | မဂ် |
| ငြိမ်းထဲ့တရားက | ဖိုလ်ဉာဏ် |
| ချုပ်ငြိမ်း အစဉ်တောက | နိဗ္ဗာန် |

ရပ်တာက သံသရာ၊ ပြတ်တာက အကြောင်းနှင့် အကျိုး။

သို့ဖြစ်ပါသောကြောင့် ဗုဒ္ဓဘုရားရှင်သည် ဝိမုတ္တိတရားတော်ကို အထိဋ္ဌ်တင်ထားပြီး ကျင့်ပုံ နည်းနိသျဉ်းကို ခန္ဓသံယုတ် အနတ္တလက္ခဏသုတ်မှာ ဟောတော်မူသည်။

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ ဝေဒနာယပိ နိဗ္ဗိန္ဒတိ သညာယပိ နိဗ္ဗိန္ဒတိ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ဝိရာဂါဝိမုစ္စတိ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ ခီဏာဇာတိဝုသိတံ ဗြဟ္မစရိယံနာပရံ ဣတ္ထတ္တာကာတိ ပဇာနာတီတိ။

**အနက်**—— ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ သို့။ ပဿံ ပဿန္တော၊ ရှုသည်ရှိသော်။ သုတဝါ၊ အကြားအမြင်ရှိသော။ အယံ အရိယာသာဝကော၊ ငါဘုရား၏ တပည့်သား အရိယာသာဝကသည်။ ရူပသ္မိံပိ၊ ရုပ်၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝေဒနာယပိ၊ ဝေဒနာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သညာယပိ၊ သညာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သင်္ခါရေသုပိ၊ သင်္ခါရတရားအပေါင်း၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝိညာဏသ္မိံပိ၊ ဝိညာဏ်၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နိဗ္ဗိန္ဒံ နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့သည်ဖြစ်၍။ ဝိရဇ္ဇတိ၊ တပ်ခြင်းကင်း၏။ ဝိမုတ္တသ္မိံ၊ ကိလေသာ လွတ်ပြီးသောဖိုလ်၌။ အဟံ၊ ငါသည်။ ဝိမုတ္တံ၊ လွတ်သည်။ အမိ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့။ ဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ ဇာတိ၊ ပဋိသန္ဓေနေခြင်းသည်။ ခီဏာ၊ ကုန်ပြီ။

ဗြဟ္မစရိယံ၊ မဂ်ဟူသောသီတင်းကို။ ဝုသိတံ၊ သုံးသပ်ပြီ။ ကရဏီယံ၊ ပြုဘွယ်ကိစ္စကို။ ကတံ၊ ပြုအပ်ပြီ။ အပရံ၊ တပါးသော ဣတ္ထတ္တာယ၊ တဆယ့်ခြောက်ပါးသော ကိစ္စဖြစ်ခြင်းငှါ။ နအတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ သောတာပတ္တိမဂ်ဉာဏ်မှစ၍ အင်ဟတ္တဖိုလ်ကိုရည်၍ ဝိမုတ္တိတရားကို ဟောတော်မူသည်။

ဤသို့သော အားဖြင့် အမှောင်ကိုခွင်း အလင်းရောင်တို့သည်၊
ကမ္ဘာသူ ကမ္ဘာသား လူသားအပေါင်းတို့အား တထိန်ထိန်ထွန်း
လင်းတောက်ပလျက် သူရိယတည်းဟူသော နေမင်းသည် လှည့်
လည်ကျက်စားလျက်ရှိသော၊ ဤလောက ဓာတ်သား အပေါင်း
တို့အား ဗုဒ္ဓတည်းဟူသော၊အာဒိစ္စ ဗန္ဓုနေမင်း၏အဆွေဖြစ်တော်
မူသော ဗုဒ္ဓ ဘုရားရှင်၏အလင်းရောင်တရားကြီးသည်၊ဤလောက
ဓာတ် လူသားအပေါင်းတွင်မျှမက နာနာသတ္တာဘုံကိုးဝနှင့်ဝိညာဏ်
လျှင် တည်ရာအဆုံးရှိသော သတ္တလောက အားလုံးနှင့်တကွ
လူ နတ် ဗြဟ္မာအပေါင်းတို့အား အလင်းရောင် တည်းဟူသော
ဓမ္မစက်ဖြင့် မှောင်အတိပြီးသော ဘဝစက်တည်းဟူသော ပဋိစ္စ
သမုပ္ပါဒ် သံသရာခရီးကြောင်းမှမဇ္ဈိမပဋိပဒါ ပိုလည်းမပိုလိုလည်း
မလို(မပို မလို) မဂ်ယာဉ်သာဖြင့်ကယ်တင်အပ်သော အဘိညာဏ်
ဂေါတြဘူ ဝိဇ္ဇာ ဝိမုတ္တိဒေသနာ ရွှေစကြာကို ခမြသွက်ခါအောင်
ဟောတော်မူပါသော ငါးပါး ဝဂ္ဂီ စုံအညီနှင့် မဟာ တသောင်း
တိုက်အပေါင်းမှ ခညောင်းကပ်လာ နတ်ဗြဟ္မာအား ဝါဆိုလပြည့်
စနေနေ့ဝယ် ကြွေ့ကြွေ့လျှံတက် ဓမ္မစက်ကို မိန့်မြွက်ထွေပြား
ဟောဖေါ်ကြားသည် တရားနတ်စည်ရှန်းတယ်ကို (လယ်တီဆရာ
တော်)ဤသို့ ကြွေ့ကြွေ့လျှံတက် ဓမ္မစက် ဒေသနာအရောင်သည်
ကမ္ဘာရောင် ရတနာရောင်၊ နတ်ဗြဟ္မာတို့၏ တန်ဆာရောင်တို့
ထက် ဆဆတက်ကဲလွန် အမွန်အမြတ်ဆုံး လူသား အားလုံးနှင့်
တကွ နတ်ဗြဟ္မာတို့၏နှလုံးသားမှ ဓမ္မစက်တည်းဟူသော နေရောင်
ဖြင့် ရွှေတောင်ကို ဟပ်သလို အဝိဇ္ဇာတည်းဟူသော အမှောင်
ဓာတ်ကို ခွင်းလျက် တဆက်ထည်း ဝိဇ္ဇာတရားကြီးလင်းနိုင်ကြပါ
စေသတည်း။

ဤသည်လျှင် တဆယ့်ခြောက်နှစ်သားမှ စ၍ လောကုတ္တရာ-တရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်နှင့် တကွ ဗုဒ္ဓဘုရားရှင်၏ပရိယတ္တိဓမ္မကို သင်ကြားပို့ချပေးတော်မူကြကုန်သော ဆရာတော်အရှင်မြတ်အပေါင်းနှင့်တကွ၊ သာယာဝတီခရိုင် အုတ်ဖိုမြို့အရှေ့ ၅-မိုင်ကွာဝေးသော ချောင်းခွရွာလျှင် ဖွားရာဇာတိရှိပါသော တိမ်မြိုကြီး ဗိုလ်ရုံကျောင်း ဆရာတော်ဘုရား၏ နောင်တော် ယခု စာစောင်ရေးသား ကျမ်းပြုအပ်ပါသော ဦးသုန္ဒမိပတိ၏ဘခမည်းတော်သည်၊ ၎င်းကျမ်းပြုသူအသျှင် ၁၃ နှစ်သားမျှသော အချိန်မှ တမလွန်ဘဝသို့ ပြောင်းရွှေ့ခါကောင်းသော ပဋိသန္ဓေဇာတိ ထင်အပ်သော လွန်အပ်သော ဘဝရှိသော ဘခမည်းတော် ဦးမြဂွန်အား အထူးသဖြင့် ရည်မှန်းခါ ဝိဇ္ဇာ ဝိမုတ္တိ တရားရပါစေသားဟု ပဌနာပြုလျက် ယခုသာယာဝတီခရိုင် စစ်ကွင်းမြို့ အနောက် ၂-မိုင်၊ ၂-ဖါလုံ ကွာဝေးသော ရွာမရွာတွင် ဖွားရာဇာတိရှိသော ၎င်းရွာတွင် နေထိုင်အပ်ပါသော အသက်အားဖြင့် ၇၈-နှစ်ရှိ ကျန်းမာစွာ မိခင်မယ်တော်ကြီးဒေါ်သုံအား၎င်း၊ ဓမ္မဒေသနာ ဤကျမ်းစာဖြင့် မယ်တော်ဘတော်တို့အား ကျေးဇူးပြုလိုက်ပါ၏။

ဦးသုန္ဒ မိပတိ

ဘဝစက်တည်းဟူသော အကြောင်းအကျိုး ရုပ်နာမ်ကို ဓမ္မစက်အလင်း ဝိမုတ္တိတရား ပဌမပိုင်း ပြီးဆုံးပါပြီ။

# ဒုတိယကဏ္ဍ

## (အစပ် ၃ စပ် အပြတ် ၃ ပြတ် နိဗ္ဗာန်နှစ်ခုတ်)

ဝေဒနာနှင့် တဏှာတစပ်စပ်၏။

စက္ခုသမ္ဖဿဇာ ဝေဒနာ ပစ္စယာ တဏှာ ရူပတဏှာ။
သောတသမ္ဖဿဇာဝေဒနာ ။ သဒ္ဒတဏှာ။
ဃာန သမ္ဖဿဇာဝေဒနာ ။ ဂန္ဓတဏှာ။
ဇိဝှါ သမ္ဖဿဇာ ဝေဒနာ ။ ရသတဏှာ။
ကာယ သမ္ဖဿဇာဝေဒနာ ။ ဖောဋ္ဌဗ္ဗတဏှာ။
မနော သမ္ဖဿဇာဝေဒနာ ။ ဓမ္မတဏှာ။

### ဘဝနှင့် ဇာတိတစပ်

၁။ ကာမဘဝ
၂။ ရူပဘဝ
၃။ အရူပဘဝ
၄။ သညာဘဝ
၅။ အသညာဘဝ
၆။ နေဝသညာ နာသညာ ဘဝ
၇။ ဧကဝေါကာရဘဝ
၈။ စတုဝေါကာရဘဝ
၉။ ပဉ္စဝေါကာရဘဝ

ဇလာဗုဇ ပဋိသန္ဓေ၊ အမိဝမ်းခေါင်း၌ ရုပ်နာမ်အစ၊ အဏ္ဍဇ ပဋိသန္ဓေ၊ ဥခွံတွင်း၌ ရုပ်နာမ်အစ၊ ဥပပါတ် ပဋိသန္ဓေ၊ ကိုယ်ထင်ရှား ဖြစ်ခြင်း၊ သံသေဒဇ သစ်ပင် စသည်တို့၌ ပဋိသန္ဓေ စွဲမှီခြင်း။
၄-ပါးသော ပဋိသန္ဓေ၊ ၉-ပါးသော ဘဝဇာတိ တစပ်စပ်၏။

ဘဝသစ်သို့ကပ်ရောက်မှုခြင်း တည်းဟူသော ဥပပတ္တိဘဝ ၉ပါး။

## သင်္ခါရနှင့်ဝိညာဏ်တစပ်

၁။ ပုညာဘိသင်္ခါရ စက္ခုဝိညာဏ် ဘဝသစ်၌ဖြစ်ပေါ်မှု
၂။ အပုညာဘိသင်္ခါရ သောတဝိညာဏ် ပဋိသန္ဓေဝိညာဏ်
၃။ အာနေဉ္ဇာဘိသင်္ခါရ ဃာနဝိညာဏ်
၄။ ကာယသင်္ခါရ ဇိဝှါဝိညာဏ်
၅။ ဝစီသင်္ခါရ ကာယဝိညာဏ်
၆။ စိတ္တသင်္ခါရ မနောဝိညာဏ်

## သင်္ခါရ ဝိညာဏ်ဝပ်ပုံ

ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် ရူပါဝစရ ဘာဝနာကုသိုလ် အရူပါဝစရဘာဝနာကုသိုလ် တရားအစုသည် ပုညာဘိသင်္ခါရဖြစ်၏။ ပုည — အဘိသင်္ခါရမည်၏။ ပုည ကုသိုလ်ကောင်းမှုတို့၌ (အဘိ၊ နှစ်သက်စွာ ပြုစုပျိုးထောင်၏၊) ဤသို့ နှစ်သက်ရွှင်လန်းစွာ ကုသိုလ်ကောင်းမှုကို ပြုလုပ်၏။ ထိုသို့ ကောင်းမှုကို ပြုလုပ်သောကြောင့် (ပုည—ကောင်းမှု) (အဘိ နှစ်သက်)သင်္ခါရပြုလုပ်၏။ ထိုသို့ ဒါနမယ သီလမယ ဘာဝနာမယ ကုသိုလ်ကောင်းမှုကို ပြုလုပ်သောကြောင့် ကာမဘုံ ရူပဘုံသို့ ကပ်ရောက်ရ၏။ ထိုသို့ ကပ်ရောက်ရသည့် ဘုံဘဝကို ဉပပတ္တိ ကိုယ်ထင်ရှားဖြစ်ခြင်း အစရှိသော ပဋိသန္ဓေ ၄-ပါး နှင့်တကွ ပဋိသန္ဓေဝိညာဏ် ပဘတ္တိ ဝိညာဏ်တရားတို့ထင်ရှားဖြစ်၏။ ၎င်း တရား ၂ပါးကို သင်္ခါရနှင့်ဝိညာဏ်တစပ်ဖြစ်သည်။ (၎င်းတရား ပဋိသန္ဓေဝိညာဏ်ရရှိရေးပြုလုပ်သော သင်္ခါရသည်လည်း အကျိုး ရရှိသော ဒုက္ခကို မသိ၍ပြုလုပ်သည်၊ ရရှိသော တရားကား

အကျိုးဒုက္ခရရှိ၏။ ၄င်းသင်္ခါရဝိညာဏ်က စပ်ပေးသော ပဋိသန္ဓေ ပဝတ္တိ ဝိညာဏ်ရရှိပြန်၏၊ ရရှိသောတရားကား။

ဝိညာဏ် ) ပဋိသန္ဓေနှင့်တကွ ပဝတ္တိပစ္စုပ္ပန် ဝိညာဏ်စသော
နာမ်ရုပ် ) အကျိုးတရားကို မထင်မလင်း ဉာဏ်ဖြင့်ရှင်းစွာ
သဠာယတန) မသိခြင်းကြောင့် အကျိုးတရား ၅-ပါးတည်းက
ဖဿ ) ဝေဒနာသည် တဏှာအားကျေးဇူးပြု၏။
ဝေဒနာ )

ဝေဒနာတရား(၆)ပါးသည် တဏှာ(၆)ပါးတရားကိုကျေးဇူး ပြုပါသဖြင့် (ဝေဒနာနှင့်တဏှာစပ်၏)။

တဏှာဥပါဒါန်ဘဝ၊ သာယာနှစ်သက်စွဲလမ်းသောကြောင့် မသိအဝိဇ္ဇာတရားနှင့်ပြုလုပ်ပါသဖြင့် ဘဝနှင့်ဇာတိ ဘဝကြီး ၉-ပါး၌ ဇာတိဆိုတဲ့ပဋိသန္ဓေ ရုပ်အစနာမ်အစဖြစ်ရပြန်သဖြင့် (ဘဝနှင့်ဇာတိတစပ်)အစပ် ၃ စပ်ဖြစ်၏။

သင်္ခါရနှင့်ဝိညာဏ်တစပ်) သုံးပါးသောအစပ်တို့သည် မသိတရား
ဝေဒနာနှင့်တဏှာတစပ် ) နှင့် လိုချင်သာယာသော တရားတို့က
ဘဝနှင့်ဇာတိတစပ် ) ဦးစီး ဦးဆောင်ပြုကာ အကြောင်း
နှင့်အကျိုးကို၄င်း၊ အကျိုးတရားမှ အ
ကြောင်းကို၄င်း၊

အကြောင်းတရားမှတဖန် အကျိုးကို၄င်း စပ်ခါစပ်ခါအစမထင် သောသံသရာတခွင် အစဉ်မပြတ် လည်ပတ်၍နေပေသည်၊ သို့ ကြောင့် မသိတရားအဝိဇ္ဇာ လိုချင်သာယာ(တဏှာ၊ ထိုနှစ်ပါး တရားကို မူလ ၂ ပါးဟု)ဟောတော်မူသည်။

## အစပ် ၃ စပ် အပြတ် ၃ ပြတ်တရားတော်

ဝေဒနာနှင့်တဏှာကို ဝိပဿနာဉာဏ်ကဖြတ်သည်
သင်္ခါရနှင့် ဝိညာဏ်ကို ဂေါတြဘုဉာဏ်ကဖြတ်သည်
ဘဝနှင့် ဇာတိကို မဂ်ကဖြတ်သည်။

## ပဋ္ဌမကဏ္ဍက ရုပ်နာမ်အကြောင်းအကျိုး

သဘာဝအလင်း ပဋိပဒါအလင်း အဘိညာဏ်ဂေါတြဘုမဂ် ပိုလ် ဝိမုတ္တိတရားကိုဟောပြောရေးသားခဲ့တယ်၊ အပြတ် ၃ ပြတ် အစပ် ၃ စပ်တရားကို ထည့်သွင်းရေးသားခြင်းမပြုခဲ့ပါ၊ ရေးသား ဟောပြောခြင်း မပြုတာသည် တရားရှုပ်ထွေးပြီး နားလေးမှာ စိုးပါသဖြင့် ရေးသားဟောပြောခြင်းမပြုခဲ့ပါ။

ဒီကနေ့ သံသရာလဆန်း (၁) ရက်နေ့ကစပြီး အကြောင်း ကြောင့် အကျိုးတရားတွေဖြစ်တဲ့ရုပ်နာမ်ကို ပြုလုပ်ပေးတဲ့ စပ် ပေးတဲ့လက်သယ်ကို တွေ့အောင်ရှာရမယ်၊ နိဒါန်းကစပြီးမသိလို့ သံသရာလယ်တယ်လို့ ဟောခဲ့တယ်၊ ယခုဆိုရင် အသိတရားနဲ့ သံသရာလည်အောင် လုပ်တဲ့လက်သယ်ရယ် စပ်ပေးတဲ့တရားရယ် ဉာဏ်ထဲမှာရှင်းသွားပြီး သိသွားရင်၊ သံသရာရပ်မယ်မဟုတ်လား (မသိလို့တပတ်ပတ်)သိရင်ပြတ် မသိလို့တွယ် သိတော့ပယ် တွယ် တာကဘေး၊ ပယ်ရင်ဧ မနေ့းမြန်စွာ သာသနာမှာ မှန်စွာအသိ ရရှိဘို့အရေးကြီးတယ်လို့ဆိုတယ်၊ အကြောင်းကြောင့် အကျိုး တရားဖြစ်တယ်ဆိုတာကိုဒီတော့ရှင်းပြီ၊ ဒါဖြင့်ရင် ထပ်ခါထပ်ခါ အကြောင်းတွေဟာ အကျိုးတရားဖြစ်အောင် ပြုလုပ်နေရသလဲ ဆိုတာကိုရှင်းမှ အလင်းပေါက်မယ် အသိရောက်မယ်၊ ဝိညာဏ်

စိတ်တွေ နာမ်စိတ်တွေအကြောင်းတရား တိုက်ဆိုင်တဲ့ အခါ ဝိညာဏ်စိတ်ဖြစ်ပေါ်ပြီး ရူပါရုံ သဒ္ဒါရုံစတဲ့ အာရုံတရားတွေကို မြင်သိ ကြားသိ နံသိ စားသိ ထိသိ ကြံသိ ကောင်း မကောင်း ခံစားမှု စံစားမှု ၄င်းခံစားမှုကြောင့် သာယာနှစ်သက်မှု အဲဒါဟာ ဝေဒနာနှင့်တဏှာစပ်လိုက်တာဖြစ်တယ်။

အဲဒီဝေဒနာနဲ့တဏှာဟာလဲ သူတို့သဘောတရားသက်သက်ကြီး ဖြစ်နိုင်တာမဟုတ်ဘူး၊ အဝိဇ္ဇာအမိုက်တိုက်က သစ္စာ ၄-ပါးကို မသိအောင်ကွယ်ကာထားလို့ဖြစ်တယ်။

ဒီနေရာမှာ ဉာဏ်နဲ့စဉ်းစားဆင်ခြင်သမ္မဇဥ်ရှိရင် မြင်အပ်တဲ့ ရူပါရုံကိုမြင်တတ်တဲ့စက္ခုဝိညာဏ်က အကျိုးတရား၊ အကြောင်း တိုက်ဆိုင်လို့မြင်တာဘဲ၊ (စသည် အသိမျိုးအနည်းငယ်မျှမသိဘဲ နှင့် မဆင်ခြင်ဘဲ၊ ယောကျ်ား၊ မိန်းမ သူသူငါငါယူမှတ်ပြီး ဝမ်း မြောက်ဝမ်းသာဖြစ်ခါ ရူပါရုံအဆင်းပေါ်မှာ သာယာနှစ်သက် စွဲလမ်းတယ်၊ မှတ်ထင်စွဲယူတာက ဒိဋ္ဌိ ဝမ်းမြောက် ဝမ်းသာ အာရုံ ၏အရသာကို ခံစားတာက ဝေဒနာ၊ သာယာနှစ်သက်မခွဲရက် အောင် စွဲလမ်းတာကတဏှာနဲ့ ဥပါဒါန်၊ မြင်သမျှ ကြားသမျှ နံသမျှ စားသမျှ သိသမျှ ကြံသမျှ အလှည့်အလည်မှာ စွဲတယ် ဝမ်းမြောက်တယ် သာယာတယ် အဲဒါဟာဒိဋ္ဌိနဲ့ ယှဉ်တဲ့ဝေဒနာ နှင့်တဏှာဘဲမဟုတ်လား။

အကြင်အခါမှာ မြင်သမျှ ကြားသမျှစတဲ့ အာရုံဓမ္မပေါ်မှာ တိုက်ဆိုင်လိုက်ရင် အကြောင်းညီလို့ပေါ်တာ အကြောင်းလဲ ချုပ်တယ်၊ အကျိုးလဲချုပ်တယ်၊ မြင်အပ်တဲ့အကြောင်း အကျိုး တရားကိုဉာဏ်နဲ့ဆင်ခြင်လိုက်လို့ သိရင် အကြောင်း အကျိုး သိတဲ့ဉာဏ်မဟုတ်ပါလား။

ဒါဖြင့်ရင် အကြောင်းတရားကိုရှင်းပြအုံးမယ်၊ ရူပါရုံတည်း ဟူသောအကြောင်း(စက္ခုဝိညာဏ်စိတ်၏ ပတ်ဝန်းကျင်)ပြည့်စုံရာ မှာ(စက္ခုအကြည်)(အဆင်းရူပါရုံ၊ အာလောကအလင်းရောင်) နှစ်လုံးသွင်း၊ အဲဒီအကြောင်းတရား ၄-ပါးပြည့်စုံရင် မြင်သိစိတ် ပေါ်တယ်၊ အသံနှင့်နားတွင်းမှာလဲ ထိုနည်းတူစွာ အကြောင်း ကြောင့်ဖြစ်တဲ့မြင်သိစိတ်၊ ကြားသိစိတ် နံသိစိတ် လျက်သိစိတ် ထိသိစိတ် ကြံသိစိတ်၊ အဲဒီဝိညာဏ်စိတ်(၆)ပါးအပြင် ရုပ်နာမ် ထဲမှာရှိသေးသလားအဲဒီ(၆)ပါးသောဝိညာဏ်ဝိတ်တွေဟာ ဖြစ် ပေါ်စရာရှိရင် သူ့သဘောနှင့်သူဖြစ်တာကို မသိတာကို (အညာဏ အဝိဇ္ဇာ)မသိတရားနဲ့ပြုလုပ်တာ သင်္ခါရ၊ (အဝိဇ္ဇာသင်္ခါရ) ၄င်း တရားကိုမသိရင်ဆက်ဖြစ်တဲ့တရားများကား ဒိဋ္ဌိတဏှာမာန ဆက် ဖြစ်ဆက်ဖြစ်။

## ဝိသုဒ္ဓိမဂ်အဋ္ဌကထာ

ဧဝံအယံ အဝိဇ္ဇာ ဟေတု သင်္ခါရာ ဟေတု သမ္ဘူတာ ဥဘောပေတေ ဟေတု သမ္ဘူတာတိ ပစ္စယပရိဂ္ဂဟေ ဓမ္မ ဋ္ဌိတိဉာဏံ

**အနက်**။ ဧဝံ ဤသို့ အယံ အဝိဇ္ဇာ အဝိဇ္ဇာသည်ကား ဟေတု အကြောင်းတည်း။ သင်္ခါရာဟေတု သင်္ခါရဟူသော အကြောင်း သည် အဝိဇ္ဇာဟေတု အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သမ္ဘူတာဖြစ်သော အကျိုးတို့သည်၊ ဥဘောပေတေ၊ နှစ်ပါးကုန် သော၊ အဝိဇ္ဇာသင်္ခါရတို့ကြောင့် ဖြစ်ကုန်သော အကျိုးတို့ကို ပစ္စ ယပရိဂ္ဂဟေ အကြောင်းကြောင့်ဖြစ်သောတရားဟု ဝါ-အကျိုး

တရားဟု အပြားအားဖြင့်သိသော အသိပညာကို ဓမ္မဋ္ဌိတိဉာဏ်ရုပ်နာမ်တရား၏အပေါ်မှာသိသော ဉာဏ်မည်၏ ဓမ္မဋ္ဌိတိ ဉာဏ်မည်၏။

ဒီနေရာမှာ အဋ္ဌကထာဆရာအရှင်ဟာ ဉာဏ်ဟု ဟောပြဆိုတယ်၊ မည်သည့်တရားကို သိမြင်ရမလဲဆိုရင် အဝိဇ္ဇာသင်္ခါရကို ဦးတည်ဖေါ်ပြတယ် (ဝေဒနာတဏှာအစရှိတဲ့ တရားကို မဖေါ်မူ၍ အဝိဇ္ဇာသင်္ခါရကိုသာ မည်သည့်အကြောင်းကြောင့် ဖေါ်ပြရသလဲဆိုရင်၊ ၎င်းဆရာရှင်အာဘော်ဟာ ဒေသနာလဲ ဉာဏ်နှင့်မိတယ် အကြောင်းရင်းလဲမှန်တယ်၊ မှန်တဲ့အကြောင်းက ပဋိစ္စသမုပ္ပါဒ်ဒေသနာမှာဆိုရင် အတိတ် အနာဂတ် ပစ္စုပ္ပန် ၃-တန်နှင့် အလှာ ၄-ခု အစပ် ၃-စပ်ကို စက်လှည့်ပြီး ဟောကြားတော်မူတဲ့ ဒေသနာဖြစ်တယ်၊ အလှာ ၄--ခုကို အ ကြောင်း အကျိုး ပြု ပြီး အစပ် ၃—စပ်နှင့် ဟောတော်မူတာ ဖြစ်တယ်၊ အကြောင်းပြု၍ ဟောတော်မူတဲ့ အကြောင်း တရား ၃--ပါးထဲမှာ အဲဒီ အဝိဇ္ဇာသင်္ခါရ တရားတို့ဟာ အမြဲပါတယ်၊ အစပ် ၃—စပ်ထဲမှာလဲ အမြဲပါတယ်၊ ဒါကြောင့် အကြောင်းတရားကို ပြဆိုသော အခန်းမှာ အဝိဇ္ဇာဟောတု သင်္ခါရဟောတု သမုပ္ပန္နံလို့ ပြဆိုတာဖြစ်တယ်။ ဒေသနာတော်၏ အာဘော်လဲ မိပါတယ် မရှင်းသေးရင် ပဌမကဏ္ဍမှာ ပြန်ကြည့်ပေါ့၊ ဤသည်ကား ဒေသနာတော်ရဲ့ အရာဖြစ်သည်။

အကြောင်းကိုရှင်း၊ အကျိုးကိုရှင်း၊ ဉာဏ်မြင်မရှင်းသေးရင်၊ မြင်သမျှ ကြားသမျှ နံသမျှစားသမျှ ထိသမျှကြံသမျှအကျိုးတရား

သည်မှားယူမယ်၊ မှားခံစား၊ မှားပြီးသာယာမယ်မဟုတ်လား အဲဒီလိုမှားလို့ပါသဖြင့် ဝေဒနာတဏှာ စပ်သွားလေသည်၊ မလွတ်နိုင်မခွါနိုင်တဲ့ ဥပါဒါန်ကြောင့် နောက်တဖန်ဘဝဇာတိဥပပတ္တိ(ကမ္မဘဝကံအပြုတရားတွေထပ်ကြခပ်ကြပြန်တယ်၊ အဲဒီတော့ သင်္ခါရတရားကဝိညာဏ်(၆)ပါးကိုသင်္ခါရ(၆)ပါးနဲ့ပြုပေးတာကိုသင်္ခါရနှင့် ဝိညာဏ်စပ် စပ်ပြန်တယ်၊ ဒီနေရာအစပ်မှာ ရှင်းမပြတ်အောင်ဖြတ်နိုင်မှာ၊ (ဒါဖြင့်ရင် ဥပမာနှင့် ရှင်းကြည့်မယ်ဆိုရင်၊ ဥပမာပြုကြစို့ရဲ့ ခန္ဓာကိုယ် အကျိုးတရားဟာ ဘယ်အတွက်ကြောင့်ရသလဲဆိုရင် တဏှာဥပါဒါန်ဘဝ အဝိဇ္ဇာသင်္ခါရ အတိတ်အကြောင်းတရား ၅-ပါးကြောင့် ရတယ်ပေါ့၊ ဒါဖြင့်ရင် ရရှိတဲ့အကျိုးတရားကား မည်သည့်တရားတွေလဲဆိုရင် ဝိညာဏ်နာမ်ရုပ်သဠာယတန ဖဿဝေဒနာတွေဖြစ်တယ်။ အကျိုးတရားကိုအကျိုးတရားဒုက္ခမထင် သုခမင်ကာ တွင်တွင်ကြီးမြင်၊ သိုကြားသိစတဲ့တရားအပေါင်းကို ကောင်းအောင်ပြုပြင်တယ်၊ တန်ဆာဆင်ခြင်းစတဲ့တရားတွေပြုလုပ်တယ်၊ ထို့တွင်မက ဗဟိဒ္ဓ အာရုံမှ ဆိုတဲ့ရူပသဒ္ဒစတဲ့တရားတွေကိုလဲ ကောင်းနိုးရာရာရှာဖွေတယ်၊ ဆည်းပူးတယ်၊ စုဆောင်းတယ်၊ ဆောင်နှင်းတယ် အဲဒါဟာ ကောင်းတယ်ထင်ပြီး သာယာလို့ပေါ့၊ ဒါဖြင့်ရင် စိတ်အစဉ် နှင့် တကွဝေဒနာနှင့်တဏှာစပ်ပြီးနေတာဖြစ်တယ်။

အဲဒီလိုစပ်နေရင် အစပ်မပြုတ်ဘဲ ကိုင်းနောက်တဖန် (ဘဝ-၉ပါး)တပါးပါးနဲ့ ဇာတိပဋိသန္ဓေ ၄-မျိုး တမျိုးမျိုးနဲ့ ဘဝနဲ့ ဇာတိ ပဋိသန္ဓေနေလိုက် ပဋိသန္ဓေနေရင် သေဘို့မရဏလဲအမှတ်ရ၊ သိထားလိုက်ပါလို့မှာလိုက်ပါတယ်။

အစပ် ၃—စပ်မှ မပြတ်သေးရင် မရဏာဘေးကြီးက တန်းလန်းကိုး၊ မသေရမှန် မနာရမှန် မအိုရမှန် မြတ်နိဗ္ဗာန်ကို အလိုရှိတဲ့ အကြင်အမျိုးကောင်း သားသမီးတွေဟာဖြင့်ရင် အဲဒီအစပ်ဖြတ်ပြစ်ရမယ်။ အတိတ်က အစပ်ကစပ်ပြီးပြီ။ အနာဂါတ်က အစပ်က မရှိသေးဘူး ဘယ်အစပ်ကိုဖြတ်မလဲ ပြတ်အောင်ဖြတ်မလဲ ဆိုရင် အကျိုးတရား ၅-ပါး ဒုက္ခသစ္စာတရားကြီး၊ ဒုက္ခခဲကို အတ္တ အတ္တ နိယ မစွဲဘဲ၊ အဲဒီအကျိုးတရားပေါ်မှ ဖြစ်ပေါ်နေကြ၊ ဝိညာဏ် စိတ်တွေကို ဝေဒနာမှ တဏှာမဖြစ်အောင် ပယ်လိုက်ရင်၊ တဏှာ မဖြစ်၊ ဒီနေရာမှာ (ဝေဒနာနဲ့ တဏှာအစပ်ပြတ်မယ်)။

ဒီနေရာမှာ ဉာတပရိညာ တီရနပရိညာ ပဟာနပရိညာ ပယ်စဉ် ၃-ပါး၊ ပရိညာတရားနဲ့ယူရမယ်။

ဒါမှ ပယ်စဉ်တရားနှင့်ကိုက်ညီမယ်၊ တရားပယ်စဉ်မှာ အနှေး အမြန် တခဏခြင်း ပယ်နိုင်မှုကား ဒေသနာတော်၏ အရာမဟုတ်၊ ပုဂ္ဂိုလ်၏ ဉာဏ်အရာသာဖြစ်တယ်၊ သာဓကယုတ္တိများစွာ ရှိလေသည်။ သမန္တပါသာဒိကအဋ္ဌကထာ၌

ပဋိစ္စသမုပ္ပါဒံ သဗ္ဗာကာရတော ဇာနာတိ ပဿတိ
အညာတိပဋိဝိဇ္ဈတိ တံ ဉာတဋ္ဌေနဉာဏံ ပဇာနနဋ္ဌေန
ပညာတေနဝုစ္စတိ ပစ္စယပရိဂ္ဂဟေ ပညာဓမ္မဋ္ဌိတိ ဉာဏန္တိ
ဣမိနဓမ္မဋ္ဌိတိ ဉာဏေန ဘဂဝါ တေဓမ္မေ ယထာ ဘူတံ
ဉတွာ။

ပဋိစ္စသမုပ္ပါဒံ ပဋိစ္စ သမုပ္ပါဒ်ကို သဗ္ဗာကာရတော အလုံးစုံသော အခြင်းအရာအားဖြင့် ဇာနာတိ သိတော်မူ၏ ပဿတိ ကောင်းစွာ မြင်တော်မူ၏ အညာသိ ကိုယ်တိုင်သိတော်မူ၏၊ ပဋိ

ဝိဇ္ဇုတိ ထိုးထွင်း၍သိတော်မူ၏၊ တံ ထိုသို့ ထိုးထွင်းဉာဏ် အလင်းဖြင့် ဉာတဋ္ဌေန သိတော်မူခြင်းကြောင့် ဉာဏံ ဉာဏ်မည်၏၊ ပဇာနဋ္ဌေန ခွဲခွဲခြားခြား အပြားအားဖြင့် သိတော် မူခြင်း ကြောင့် ပညာ ပညာမည်၏၊ တေန ထိုသို့ထွင်းဖေါက်အလင်းပေါက်၍ သိမြင် ခြင်း သ ဘော တရားကို ပစ္စယပဋိဂ္ဂဟော ပညာအကြောင်းအကျိုးကို သိမ်းဆည်းသောပညာသည် ဓမ္မဋ္ဌိတိဉာဏံ၊ ဓမ္မဋ္ဌိတိဉာဏ်ဟူ၍ ဝုစ္စတိ ခေါ်ဆိုအပ်၏။ ဣမိနာဓမ္မဋ္ဌိတိဉာဏေန ဤဓမ္မဋ္ဌိတိဉာဏ်ဖြင့် ဘဂဝါ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသခင်သည်၊ တေဓမ္မေ ထိုပဋိစ္စသမုပ္ပါဒ် တရားအပေါင်းကို ယထာဘူတံ ဟုတ်မှန်တိုင်း ဉ တွာ သိတော်မူ၍၊ ဝဋ္ဋကိုငြီးငွေ့ဘော်မူ၏၊ ငြီးငွေ့တော်မူသဖြင့် ထိုသံသာရ စက္က အစပ် အကန့်အကွက်တို့ကို ဖျက်ဆီး၍ ငြိမ်းခေတော်မူ၏။

မြတ်စွာဘုရားသည်၊ ခပ်သိမ်းသော အခြင်းအရာ အားဖြင့် သိတော်မူတယ်။ သိတော် မူသဖြင့်လည်း ပတ်စေသော သံသရာဘဝစက္ကကို ရွှေဉာဏ်တော်နှင့်သိပြီး ရပ်စေတော်မူတယ်၊ ဘုရားရှင်ကိုယ်တော်မြတ် သံသရာရပ်စေတာဟာ အကြောင်းနဲ့အကျိုးကိုပြတ်စေတာဟာ ဝိပဿနာဆိုတဲ့ဉာဏ်ကပဓာနရှေးဦးဘဲမဟုတ်လား။

အတြင်အခါမှာ ဗုဒ္ဓဘုရားရှင်နှင့်တကွ မည်သူမဆို ဝိပဿနာတရားကိုပွားများအားထုတ်လို့ ဉာဏ်အား ပညာအားကောင်းလာတဲ့အချိန်အခါမှာ ၄င်းပြဆိုအပ်ခဲ့တဲ့ ကြောင်းကျိုးရုပ်နာမ်ကို မည်ကဲ့သို့ဉာဏ်နဲ့မြင်မှာလဲဆိုရင်၊ ဖြစ်ချုပ်ဖြစ်ပြီး ချုပ်နေတဲ့တရားဟာ မမြဲအနိစ္စ မမြဲသဖြင့် မကောင်းသောသဘော ဆင်း

ရဲဒုက္ခတရား၊ ဖြစ်ချုပ်မပြဲဆင်းရဲပါသဖြင့် သူ့သဘောအတိုင်းသူ ဖြစ်နေတာကို ပြုပြင်ခြင်း စိုးတရရှိခြင်း၊ ငါဟူသောအမှတ် သညာကင်းသွားတယ်၊ ကင်းပြတ်သောဉာဏ်ဖြင့် ရှုပွါးပါသော ယောဂီ၏ဉာဏ်မှာ ဝိညာဏ်စိတ် နာမ်စိတ် အကြည်(၆)ပါး သောရုပ် ဘူတရုပ် ၄င်းရုပ်နာမ် ၂-ပါးဖြစ်ကြောင်းပျက်ကြောင်း စသောသဘောတရားကို ကောင်းစွာဉာဏ်မှာ တင်မယ်မဟုတ် လား(အဲဒီရုပ်နာမ်ကို လက္ခဏာ ၃ ချက်ဖြင့်ထင်၊ သဘာဝဉာဏ် အလင်း ၅-ချက်နဲ့မြင်၊၄င်းရုပ်ဝေဒနာသာခါရ ဝိညာဏ်အစုတွေ ကို သဘာဝဉာဏ်နဲ့မြင်တော့ ဒုက္ခတုံး ဒုက္ခခဲသက်သက်သော သံခမဘက် ဒုက္ခရဲ့ဒါဏ်ချက်ဖြင့်ခံခဲ့ရတယ်၊ ဒုက္ခအကျိုးတရားကို မည်သည့်တရားက ပြုလုပ်ပေးသလဲလို့ ဉာဏ်နဲ့ရှင်းကြည့်တော့ တဏှာကစပ်ခါစပ်ခါပြုလုပ်ပေးတယ်၊ မည်သည့်အကြောင်းတရား ရပြီး ပြုလုပ်ပေးသလဲလို့ ဉာဏ်နဲ့ရှင်းကြည့်တော့ တဏှာစပ်ခါ စပ်ခါပြုလုပ်ပေးတယ်၊ ဒီနေရာမှာ ဝေဒနာပစ္စယ ဝေဒနာတည်း ဟူသော အကြောင်းတွေ့တယ်၊ အဲဒီဝေဒနာကလဲ ခံစားချင်သော သဘောကို အမြဲသဖြင့်ရှည်ခါ ကောင်းတယ်ထင်ပြီးခံစားတာ ကောင်တယ်ထင်ပြီး ခံစားတာကိုက မှားလှဲပြီး အဝိဇ္ဇာ ဦးစီးကာ မသိတရားကြီးခြံရံထားတယ်။

အဲဒါကြောင့် အဝိဇ္ဇာ ပရိခိတ္တေန အဝိဇ္ဇာသည် ခြံရံအပ် သော တဏှာမူလကေန တဏှာလျှင် အကြောင်းရင်း ရှိသောလို့ အဘိဓမ္မာဝိဘာဝနီမှာဆိုတယ် ဒါကြောင့်ဘဲ မလင်းလို့မှောင်ပြီး မဲလေလေ တဏှာတည်းဟူသော အစေးကမြဲလေလေပေါ့၊ ယခု အခါမှာ တရားရှုပွါးနေတဲ့ယောဂီဟာ ယောဂီ ပြုလုပ်နေတာကို

ပြောတာမဟုတ်ဘူးဗျ၊ ယောဂီ၏ ဝိပဿနာဉာဏ်စိတ်ထည်းမှာ ထင်တာ မြင်တာကို ဖေါ်ပြ ရေးသား နေတာပါ၊ အကြောင်းတရားနဲ့ အကျိုးတရား အဲဒီအကျိုး တရားရဲ့ ဝေဒနာစု သညာစု စတဲ့ အစုငါးစုကို သေသေချာချာဉာဏ်နဲ့ သဘာဝဉာဏ်နဲ့ ရှင်းလေလေ၊ မည်သို့သောတစုံတခုတရားမရှိ ဒုက္ခဒုက္ခ အတိသာ မြင်တယ်၊ အဲဒီလို ဒုက္ခမြင်ရင် တဏှာစတဲ့ ကိလေသာတွေလဲမဝင်ဘူးပေါ့ ယခုယောဂီရှဉာဏ်အမြင်ဟာ အမှန်မြင်တယ်၊ အမှန်သိနေတယ်၊ အမှန်ယူနေပြီ။

အဲဒီလိုမြင်နေတဲ့ ဉာဏ်ရှိသော ယောဂီရဲ့စိတ် အစဉ်ထဲမှာ တဏှာကင်းပြတ်တယ်၊ တဏှာဖြစ်ထာက မသိလို့သာယာနှစ်သက်နေတာ ယခုဆိုရင် သင်္ခတ ကံ စိတ် ဥတု အာဟာရစတဲ့အကြောင်းတရား ၄-ပါးထောက်ပံ့ပြီး ပြုပြင်ပြောင်းလဲတဲ့သင်္ခါရ ရုပ်နာမ်ကိုမလိုချင်မုန်းပြီး မလိုချင် အမုန်းကြီးမုန်းခါ (သင်္ခတအကြောင်း ၄- ပါး)သင်္ခါရ ပြုပြင် ရုပ်နာမ်တို့၏ဆုံးရာကို အာရုံပြုတယ်၊ (အဲဒါဟာ သဘာဝဉာဏ်ရောင် ၅-ပါးနဲ့ လက္ခဏာရေး ဒါဏ်ချက်ပေါ့) (နောက်ထပ် မနားမနေ ရှုမှတ်ပွါးများတဲ့ ယောဂီဟာ သဘာဝဉာဏ်နဲ့ သဘာဝတရားကို တိတိကျကျ မိမိရရ ဉာဏ်မှာထင်ပါရော အဘယ်ကဲ့သို့ထင်သလဲဆိုရင် (ဖြစ်ခြင်း ချုပ်ခြင်းသင်္ခတ) (မဖြစ်ခြင်းအစဉ်ငြိမ်းချုပ်ခြင်း အသင်္ခတ)အဲဒီတရား ၄-ပါးကို သိတယ်။

အဲဒီသဘာဝသက်သက် ၄-ချက်ဟာ ဝိပဿနာဉာဏ်ရဲ့အထွဋ်အထိပ်မှာ ထင်တာမြင်တာဖြစ်တယ်၊ ဖြစ်တဲ့တရားကတဏှာ ဥပါဒါန်ဘဝမဖြစ်တဲ့တရားက အဲဒီတဏှာစတဲ့ တရားတို့ရဲ့ မရှိရာလွတ်

ရာ မဖြစ်ရာကိုသိပါသဖြင့် ဖြစ်ခြင်းချုပ်ခြင်း သင်္ခတလောကီ ရုပ်နာမ် ဒုက္ခမဖြစ်ခြင်း ငြိမ်းချုပ်ခြင်း နိရောဓနိဗ္ဗာန်။ သန္တိသုခ။ ဒုက္ခတုံး ဒုက္ခကိုတွယ်မှာလား ပယ်မှာလား။ အဲဒါကြောင့် ဝိပဿနာရဲ့ အထွဋ်အထိပ်ကြတဲ့ဉာဏ်က ဝေဒနာနဲ့ တဏှာ အစပ်ကို ဖြုတ်လိုက်တယ်၊ ပယ်တယ်၊ သတ်တယ်၊ စွန့်လွှတ်တယ် အတူတူပါဘဲ။

အဲဒီလို ဝေဒနာတဏှာအစပ်ကို ဖြတ် ဖယ်လိုက်တော့၊ နိရောဓဆိုတဲ့ နိဗ္ဗာန်ကို လက်ညှိုးထိုးပြသလို အာရုံပေးတာက၊ ဂေါတြဘုဉာဏ်ပေါ့ အဲဒီဂေါတြဘုဉာဏ်ကလဲ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာန ဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် စက္ခုဝိညာဏ်စတဲ့ ဝိညာဏ်စိတ်တွေ လွတ်ပြီး မနောဒွါရ ဇောဝန်းဖြင့် နိရောဓ နိဗ္ဗာန်ကို အာရုံပြုလိုက်တော့ အာရုံပြုခိုက်မှာ၊ သခါရအပေါင်းနဲ့ ဝိညာဏ်စိတ်တွေ လွတ်သွားတယ်၊ ပယ်တယ်၊ ဖြတ်တယ် ပဝတ္တိဝိညာဏ်စိတ် ပဋိသန္ဓေ ဝိညာဏ်စိတ်တွေနဲ့ သခါရအာရုံလွတ်ခိုက်မှာ အဲဒီတော့မှ ပွါးများ ရှုမှတ်အပ်သော ယောဂီရဲ့ပုဗ္ဗဘာဂ မဂ်စိတ်တွေ အားလုံး ပြည့်စုံပြီး သိက္ခာ ၃-ပါးအားလျော်သော အင်္ဂါရှစ်ပါး ပြည့်စုံတဲ့ မဂ်စိတ် ဖြစ်ပေါ်လာတယ်၊ ရှင်းလင်းပြီးသား ကိလေသာ ပယ်အပ် ပြတ် အပ်သော ကိလေသာကို ပယ်တတ်ပြတ်တတ်သော ဉာဏ်တို့၏အမှုးပြု၍ ပယ်ပြီးပြတ်ပြီးတရားအပေါင်းကို နောက်တဖန် ပြန်၍ မဖြစ်အောင် အကြွင်းအကျန်မရှိအောင် အနုသယ ကိလေသာကို မဂ်တည်းဟူသော အရှိန်အစေ်အာနုဘော်ဟုဆိုအပ်သော မဂ္ဂဘိညာ သက်ိ မတာဆိုတဲ့ မဂ်ဇောကြလာတယ်။ မဂ်ဇောကလဲ တကြိမ်ဘဲကြ

တယ်၊ ဒီအစပ် ၃ စပ်မှာ အပြတ် ၃ ပြတ်ဖြတ်လိုက်တော့ သံသရာကြီးရပ်သွားတယ် အကြောင်းနဲ့ အကျိုးလဲပြတ်တယ်။

၁။ တဏှာ- ဥပါဒါန်ဘဝ) (သာဘာဝ ဉာဏ် ရောင်
အဝိဇ္ဇာသင်္ခါရ )—အကြောင်း (လင်းတာကဝိဇ္ဇာ၊မလို
ဝိညာဉ်နာမ်ရုပ် ) (ချင်တာကအလောဘ
သဠာယတန ဖဿ )-အကျိုးတရား (မစွဲလမ်း တာက အ
ဝေဒနာ တဏှာ ) (နုပ္ပါဒ မပြုလုပ်တာက
အသင်္ခတ မရှိတာက
အဇာတိ။

ဝိပဿနာဉာဏ်က သင်္ခတ ဒုက္ခဉာဏ်နဲ့ထင်လို့ ဝေဒနာ တဏှာ၊ ဖြတ်ပယ်တယ်၊ ဂေါတြဘူဇောစိတ်က အသင်္ခတကို အာရုံ ပြုသဖြင့် သင်္ခါရအပေါင်းနှင့် ဝိညာဏ်စိတ်တွေလွတ်တယ်၊ မဂ်စိတ်က ပယ်အပ်ပြီးသောကိလေသာ တဖန်မဖြစ်သဖြင့် ကံမဖြစ် ကံမဖြစ်ရင် အကြောင်းတရားကင်းသဖြင့် အကျိုးတရား (ဘဝနဲ့ ဇာတိ ပဋိသန္ဓေပြတ်တယ်) ဒီနေရာမှာမဂ်ပယ်စဉ်အတိုင်းယူရမယ်၊ တသံသရာလုံးမသိလို့လည်ပတ်နေတဲ့ ဘဝစက်ကြီးဟာ သိတာနဲ့ တပြိုင်နက် ရပ်သွားတယ်၊ ဒါကြောင့်ဘဝစက္က လည်ပတ်တာပြင်းထန်ပေမဲ့ ဓမ္မစက္ကအလင်းဉာဏ်ကို သင်းမခံနိုင် ရပ်သွား ရလေသည်။ ပရမေဘဂပါ၏ဒေသနာရွှေစကြာကြောင့်မြေသွက်ခါအောင်တုန်လှုပ်ထားသည့် သုံးပါးသော အစပ်ကို သုံးပါးသောဉာဏ်က ဖြတ်သဖြင့် နိဗ္ဗာနဓာတ် ကိလေသာတို့၏ လွတ်ရာ (ဝိမုတ္တိအဆုံးတရားသည် ပြဟ္မာနတ်လူတို့၏ နှလုံးသားမှ ဖွ့ါးကနဲ ဉာဏ်ရောင်သည် နေအထောင်မျှမက ဆထက်ကဲသာ ထွန်းလင်းလေသတည်း။

ဝါနတောဘဏှာယ နိက္ခန္တတ္တာ နိဗ္ဗာန်
ဝါနတော ဝါန ဟု ဆိုအပ်သော တဏှာယ
တဏှာမှ (ဝါ) အစပ် အစေးစုဟုဆိုအပ်သော တဏှာမှ
နိက္ခန္တတ္တာ ထွက်မြောက်တတ်၏၊ ထွက်မြောက်၏၊
ဣတိတသ္မာ ထို့ကြောင့် နိဗ္ဗာနန္တိ နိဗ္ဗာန်ဟူ၍ မဟောသ
ယော ဘုန်းတော်ကြီးမြတ်တဲ့ မြတ်စွာဘုရားသည် ဝုတ္တံ
ဟောတော်မူ၏၊ ၃-ပါးအစပ် ၃-ပါးအပြတ်၊ လွတ်မြောက်
ရာမှတ်၊ နိဗ္ဗာနဓါတ်ကိုဆိုရာ ဒုတိယကဗျာ ပြီးဆုံးပြီ။

ကြောင်း ကျိုး ရုပ်နာမ် ဖြစ်သိဟန် စက္ခုရုပါရုံ နှစ်ပါးဆုံ ဝိညာဏ်စိတ်ဖြစ် ခံစားမှုပေါ် ဝေဒနာအမှတ် တဏှာစပ်၊

မျက်စိအဆင်း အလင်းတဖြာ
နှလုံးသွင်းမှု ၄-ခုဆုံရာ
မြင်သိခါမျှ ခဏပေါ်လာ
ကြောင်းကျိုးထဲ ငါလဲ သက်မပါ။

မြင်ချင်မြင်ငြား နှစ်ပါးရုပ်နာမ်
အကြောင်းညီက ကျိုးမျှပေါ်ပြန်
အကြောင်းလဲချုပ် ကျိုးချုပ်ကေန်
အနိစ္စ ဒိဋ္ဌ ငါမှန်။

## ဦးသုန္ဒရမိပတိ

ကြောင်းချုပ်ကျိုးချုပ် လှုပ်လှုပ်ဖန်ဖန်
လွန်စွာနှိပ်စက် သက်သက်ရုပ်နာမ်
ခိုင်မာစိုးရ လုံးဝမမှန်
အနတ္တာ ဒုက္ခ ညွတ်ဖေါက်ပြန်။

မြင်ချင်သမုဒယ သစ္စအမှန်
မြင်သိနာမ်က ဒုက္ခဧကန်
မမြင်ချင်ချုပ် မဂ်ဟုတ်အမှန်
မမြင်ငြိမ်း ဧကန်းနိရောဓံ။

အသံနားတွင်း ဟင်းလင်းတဖြာ
နှလုံးသွင်းမှု ၄-ခုဆုံရာ
ကြားသိခါမျှ ခဏပေါ်လာ
ကြောင်းကျိုးထဲ ငါလဲသက်မပါ။

ကြားချင်ကြားငြား နှစ်ပါးရုပ်နာမ်
အကြောင်းညီက ကျိုးမျှပေါ်ပြန်
အကြောင်းလဲချုပ် ကျိုးချုပ်ဧကန်
အနိစ္စ ဒိဋ္ဌ ငါမမှန်။

## ဝိပဿနာဉာဏ်

ကြောင်းချုပ်ကျိုးချုပ် လှုပ်လှုပ်ဖန်ဖန်
လွန်စွာနှိပ်စက် သက်သက်ရုပ်နာမ်
ခိုင်မာစိုးရ လုံးဝမမှန်
အနတ္တာ ဒုက္ခ ညွတ်ဖေါက်ပြန်

## သစ္စာဉာဏ်

ကြားချင်သမုဒယ သစ္စာအမှန်
ကြားသိနာမ်က ဒုက္ခဧကန်
မကြားချင်ချုပ် မဂ်ဟုတ်အမှန်
မကြားငြိမ်း ကေိန်းနိရောဓံ

## ဃာနဝိဉာဏ်ရှုရန်

နခေါင်းနံ့ တွေ့ တွန်းလေတဖြာ
နှလုံးသွင်းမှု ၄-ခုဆုံရာ
နံ့သိခါမျှ ခဏပေါ်လာ
ကြောင်းကျိုးထဲ ငါလဲသက်မပါ

## ဝိပဿနာ

နံ့ချင်နံ့ငြား နှစ်ပါးချုပ်နာမ်
အကြောင်းညီက ကျိုးမျှပေါ်ပြန်
အကြောင်းလဲချုပ် ကျိုးချုပ်ဧကန်
အနိစ္စ ဒိဋ္ဌငါမမှန်။

ကြောင်းချုပ် ကျိုးချုပ် လှုပ်လှုပ်ဖန်ဖန်
လွန်စွာနှိပ်စက် သက်သက်ရုပ်နာမ်
ခိုင်မာစိုးရ လုံးဝမမှန်
အနတ္တ ဒုက္ခညွှတ်ဖေါက်ပြန်။

## သစ္စာ

နံချင်းသမုဒယ သစ္စာအမှန်
နံသိနံက ဒုက္ခကေန်
မနံချင်ချုပ် မဂ်ဟုတ်အမှန်
မနံငြိမ်း ကေိန်းနိရောခ

## ဇီဝှါဝိညာဏ်ရှုရန်

လျှာနှင့်ရသ ဓရကတဖြာ
နှလုံးသွင်းမှု ၄-ခုဆိုရာ
စားသိခါမျှ ခဏပေါ်လာ
ကြောင်းကျိုးထဲ ငါလဲသက်မပါ။

စားချင်စားငြား နှစ်ပါးရပ်နာမ်
အကြောင်းညီက ကျိုးမျှပေါ်ပြန်
အကြောင်းလဲချုပ် ကျိုးချုပ်ကေန်
အနိစ္စ ဒိဌ ငါမမှန်။

ကြောင်းချုပ်ကျိုးချုပ် လှုပ်လှုပ်ဖန်ဖန်
လှုပ်စွာနှပ်စက် သက်သက်ရုပ်နာမ်
ခိုင်မာစိုးရ လုံးဝမမှန်
အနတ္တ ဒုက္ခ ညှတ်ဖေါက်ပြန်။

စားချင်သမုဒယ သစ္စာအမှန်
စားသိနာမ်က ဒုက္ခကေန်
မစားချင်ချုပ် မဂ်ဟုတ်အမှန်
မစားငြိမ်း ကေိန်းနိရောခ ။

## ဘာဝစက္ကနှင့်ဓမ္မစက္က

### ကာယဝိညာဏ်ရှုရန်

အတွေ့ကာယ မြေကတဖြာ
နှလုံးသွင်းမှု ၄—ခုဆုံရာ
ထိ=သိ—ခါမျှ ခဏပေါ်လာ
ကြောင်းကျိုးထဲ ငါလဲသက်မပါ။

ထိခြင်းသမုဒယ သစ္စအမှန်
အကြောင်းညီက ကျိုးမျှပေါ်ပြန်
အကြောင်းလဲချုပ် ကျိုးချုပ်ကေန်
အနိစ္စ ဒိဋ္ဌ ငါမမှန်။

ကြောင်းချုပ်ကျိုးချုပ် လျှပ်လျှပ်ဖန်ဖန်
လွန်စွာနှိပ်စက် သက်သက်ရုပ်နာမ်
ခိုင်မာစိုးရ လုံးဝမမှန်
အနတ္တ ဒုက္ခ ညွှတ်ဖေါက်ပြန်။

ထိချင်ထိငြား နှစ်ပါးရုပ်နာမ်
ထိသိနာမ်က ဒုက္ခကေန်
မထိချင်ချုပ် မဂ်ဟုတ်အမှန်
မထိငြိမ်း ကေိန်းနိရောဓ ။

### မနောဝိညာဏ်ရှုရန်

ဝတ္ထုမနော သဘောတဖြာ
နှလုံးသွင်းမှု ၄-ခုဆုံရာ
ကြုံသိခါမျှ ခဏပေါ်လာ
ကြောင်းကျိုးထဲ ငါလဲသက်မပါ။

## ဝိပဿနာ

သိချင်သိငြား ၂-ပါး ရုပ်နာမ်
အကြောင်းသိက ကျိုးမျှပေါ်ပြန်
အကြောင်းလဲချုပ် ကျိုးချုပ်ကေန်
အနိစ္စ ဒိဋ္ဌ ငါမမှန်။

ကြောင်းချုပ် ကျိုး ချုပ်လှုပ်လှုပ်ဖန်ဖန်၊
လန့်စွာနှိပ်စက် သက်သက် ရုပ်နာမ်
ခိုင်မာစိုးရ လုံးဝမမှန်
အနတ္တ ဒုက္ခ ညှတ်ဖေါက်ပြန်။

## သစ္စဉာဏ်

သိချင်သမုဒယ သစ္စအမှန်
အသိနာမ်က ဒုက္ခကေန်
မသိချင်ချုပ် မဂ်ဟုတ်အမှန်
မသိငြိမ်း ကေိန်း နိရောဓ်။

အဲဒါသဘာဝတရားဖြစ်သည် ရူပါရုံအဆင်း စက္ခုမျက်စိအာ လောက အလင်းရောင်နှလုံးသွင်း ဤ ၄-ပါးဆုံက မြင်သိအ ကြောင်းအကျိုး၊ ကြားသိအကြောင်းအကျိုး နံသိအကြောင်း အကျိုးစားသိအကြောင်းအကျိုး ထိသိအကြောင်းအကျိုး၊ကြံသိ အကြောင်း အကျိုး ခဏမျှပေါ်လာ၍ အကြောင်းအကျိုး နာမ် ရုပ်ချုပ်ပျောက် အကြောင်းညီပြန်ဖြစ်တဖန်ချုပ်၊ သူ့သဘောနှင့် သူ ငါမရှိ မြဲတာမရှိကောင်းတာမရှိ ဖေါက်ပြန်သော သတော တရားသာရှိသည်၊ အကြောင်းကို အကျိုးကိုသိသော ဉာဏ်သည်

ပစ္စယပဋိဂ္ဂဟ ဉာဏ်မည်၏၊ မြင်သိ,ကြားသိ, နံသိ, စားသိ, ထိသိ, ကြံသိ ၎င်းတရားစုကို(သိချင်ကြားချင်)စသော တရားက သမုဒယ ၎င်းတရားစု(၆)ပါး ဖြစ်ပေါ်လာတာက အကျိုး ဒုက္ခ ၎င်းတရားစုကို မပြုလုပ်လိုတာက မဂ္ဂ မပြုလုပ်ဘဲ အကြောင်းကို ပယ်လိုက်ရင် အကျိုးတရားမဖြစ်ချုပ်ငြိမ်းနိရောဓ။(သဘာဝ)ရယ်ကြောင်း အကျိုးရယ် သိမြင်၍မပြုလုပ်လိုဘဲပယ်ရင် ငြိမ်းချုပ်ထာကိုသိလျှင် သစ္စ ဉာဏ် မည်၏။

မျက်စိအဆင်း တွေ့ဆုံဖဿဖြစ် ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ငါမဟုတ် အနိစ္စ ဒုက္ခ,အနတ္တ မမြဲဆင်းရဲ အစိုးမရ။

၁။ မျက်စိအဆင်း ဖြစ်ပေါ်ရာ ဝေဒနာပေါ်မှု သတိပြု။
၂။ အသံနှင့်နား ဖြစ်ပေါ်ကြား ဝေဒနာပေါ်မှု သတိပြု။
၃။ အနံ့ ဃာန တွေ့ဆုံကြ ဝေဒနာပေါ်မှု သတိပြု။
၄။ ရသာဇိဝှါ တွေ့ဆုံလာ ဝေဒနာပေါ်မှု သတိပြု။
၅။ ကာယ ဖောဋ္ဌဗ္ဗ တွေ့ဆုံကြ ဝေဒနာပေါ်မှု သတိပြု။
၆။ မနောဓမ္မာရုံဖြစ်ပေါ်ဆုံ ဝေဒနာပေါ်မှု သတိပြု။

သတိမထား ဝေဒနာအား တဏှာကျေးဇူးပြု။

အများလောက ရှိသမျှကို ဒုက္ခပွားမှု များစွာပြုသည် သုခဝေဒနာစွမ်းရည်တည်း။

ဝိပဿနာတရားဆိုတာက အလုပ်နဲ့ပဲဆိုင်တဲ့ တရားဖြစ်တယ်၊ ၁။ ဉာတပရိညာ၊ ၂။ တိရဏပရိညာ၊ ၃။ ပဟာနပရိညာဆိုတဲ့ ပရိညာ ၃ ပါးရှိတယ်၊ အဲဒီပရိညာ ၃ ပါး၊ ဉာတပရိညာဆိုတဲ့ အသိတရားမှ မရှိရင် တိရဏ ပရိညာဆိုတဲ့ ကိလေသာကို ချေခြင်

ပယ်ခြင်း၊ မဖြစ်ပေါ်ရင် မရှိရင် ပဟာ ဆိုတဲ့ မဂ်ပရိညာကျနိုင်ပါမလား၊မကျနိုင်ပါ၊ ၁။ ဉာတန(က)ဉာဏ်ပရိညာက ထက်ဝန်းကျင်၊ ထက်ဝန်းကျင်သိတဲ့ဉာဏ်။ ၂၊ တိရနဆိုတာ ချွေခြင်းအနက်ရှိတယ်၊ မည်သည့်တရားကို ချွေသလဲဆိုရင် ဉာဏ်အသိရှိခြင်းသို့ရောက်ရှိနေပါသဖြင့် အဲဒီကိလေသာတွေကို ပယ်တာ၊ ချွေတာကို တိရနပရိညာလို့ ခေါ်ဆိုတာဖြစ်တယ်။

မဂ်အား ဉာဏ်အားနဲ့ပယ်သဖြင့် ကိလေသာတွေ ကုန်ဆုံးပြီးပယ်လိုက်တာကို ၃– ပဟာနပရိညာလို့ခေါ်တယ်။ ဉာတပရိညာကို မည်သည့် ဉာဏ်ကိုကောက်သလဲ၊ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ်ကို ကောက်ယူရမယ်။

အဲဒါကြောင့် အသိဉာဏ်ရှာရမယ်၊ ၎င်းဉာဏ်နှစ်ပါးကိုဆိုတာဖြစ်တယ်၊ ဥပမာ တရားခံကို ကိုယ်တိုင်မဖမ်းမိသေးဘဲနဲ့စာရင်းဇယားတွေနဲ့ အာဏာအမိန့်ချမှတ်နေရင် ဖြစ်နိုင်ပါမလား၊ တရားခံကိုလက်ဆုပ်လက်ကိုင်မိပြီး ခိုးထုတ်ခိုးထယ်နှင့်တကွ သက်သေသက်ကန်စစ်ဆေးပြီး မှန်မမှန်အပြစ်ပေးရတယ်မဟုတ်လား၊ အဲဒါကြောင့် ဝိဇ္ဇာဆိုတဲ့ဉာဏ်ရောင်အလင်းနဲ့ကြည့်လိုက်တော့၊ ရုပ်နာမ်ဖြစ်ပေါ်ပုံမှဆိုတဲ့(သဘာဝမှသဘောတရားကို မနေ့တရားဉာဏ်နဲ့မြင်ရမယ်၊ မာခြင်းသဘော ပြော့ခြင်းသဘော ပူသဘော၊ ထောက်ကန်လှုပ်ရှားသဘော တင်းကြပ်ကြပ်ဖွဲ့စေ့ကပ်သောသဘော၊ နာမ်ပိုင်းကဆိုရင် အာရုံမှဆီသို့ညွတ်သောသဘော ညွတ်သဖြင့် အာရုံနဲ့တွေ့ထိတဲ့ (ဖဿသဘော၊ ခံစားတဲ့(ဝေဒနာသဘော)မှတ်သားတဲ့(သညာသဘော)စေ့ဆော်တဲ့ စေတနာသဘော၊ အာရုံမှ၏အပေါ်ကိုတည်ကြည်စေတဲ့ ဧကဂ္ဂတာ

သဘော၊ ၎င်းတရားစုတွေကိုစောင့်ရှောက်ပေးတဲ့ ဇီဝိတိန္ဒြေ သဘော၊ (မနသိကာရဆိုတဲ့နှလုံးသွင်းမှုသဘော)သိမှုကြံမှုဆိုတဲ့ ဝိညာဏ်သဘော(ဖဿဝေဒနာ သညာစေတနာ ဧကဂ္ဂတာ ဇီဝိတန္ဒြိယ မနသိကာရ ဝိညာဏ်ဆိုတဲ့သဘောသဘာဝ နာမ်ဓါတ်(၇) ပါး)၊ ရုပ်ဓါတ်သဘာဝ ၄-ခု နာမ်ဓါတ်ကသဘာဝ ၇-ခု။ အဲဒီ တရားသဘောတွေကို မိမိဉာဏ်ကပြဆိုအပ်ခဲ့တဲ့အလင်း ၅-ချက်နဲ့ သဘာဝတရားကို ဉာဏ်နဲ့သိပြီး လင်းနေတာကိုသဘာဝ၊ ဉာဏ်ရောင်အလင်းဆိုတယ်၊ အဲဒီသဘာဝသဘောတရားကလဲ ပရမတ္ထ သဘာဝဖြစ်နေပါသဖြင့် သိဘိုကလဲမလွယ်ကူ ကိုင်လို့တွယ်လို့ သဘောတရားကိုမမြင်ရသဖြင့် မိမိရဲ့အသိစိတ်အမှတ်စိတ်နဲ့မှတ်ရ တယ်၊ အဲဒီလိုမှတ်တော့မှ သဘာဝကိုစိတ်ဉာဏ်နဲ့မှတ်လို့ သဘာဝလက္ခဏာလို့ ခေါ်တယ်၊ သဘာဝလက္ခဏာကို တိတိကျကျ ဉာဏ်မှာထင်ရင် အဲဒီသဘာဝ သဘောတရားတွေက တဦးပြီးမှ တဦးဖြစ်မယ်၊ တခုဖြစ်တုံးကို တခုကစောင့်နေပြီး နောက်မှ ဖြစ်မယ်လို့ စောင့်ဆိုင်း၍လင့်နေတဲ့ သဘောမျိုးမဟုတ်ဘဲ သူ့သဘောနဲ့ သူအကြောင်းအားလျော်စွာ ပေါင်းစည်း၍ဖြစ်ကြတယ်။ အဲဒီလိုအကြောင်းအားလျော်စွာ ဖြစ်ကြတာကို အသိစိတ် အမှတ်စိတ်နဲ့မှတ်လို့ သဘောသဘာဝတွေကိုပေါင်း၍ မှတ်ခြင်းကြောင့် သာမညလက္ခဏာလို့ခေါ်တယ်၊ ( သဘာဝလက္ခဏာ သာမညလက္ခဏာတွေ ကောင်းစွာမြင်သိပြီးမှ ဝိပဿနာဉာဏ်စခမ်းရောက်တယ်လို့မှတ်ရမယ်)ဝိပဿနာဆိုတာ ဝိ၊က အထူး ပဿနာကရှုတာဆိုတာဖြစ်တယ်၊ ရုပ်နာမ်ကိုအထူးရှုတဲ့ဉာဏ်လို့ ခေါ်ဆိုခြင်း ဖြစ်တယ်၊ (သဘာဝကိုသိတဲ့ဉာဏ်သည ရုပ်သဘောနာမ်သဘောကို တခုစီ တခုစီပိုင်းခြားသိပါသဖြင့် နာမရူပ နာမ်ရုပ်ပရိစ္ဆေဒ

သဘောတရားတွေကို ပိုင်းခြားစွာသိသောကြောင့်(နာမရူပပရိစ္ဆေဒ)ဉာဏ်မည်၏။

အဲဒီနာမ်ရုပ် ၂-ပါးဟာ အကြောင်းကင်းပြီး ဖြစ်ပေါ်တဲ့ တရားကားမဟုတ်သဖြင့် အကြောင်းပြည့်စုံမှ နာမ်ရုပ်ဖြစ်ပေါ်တယ်၊ အကြောင်းကင်း၍ ဖြစ်ခြင်းကား လုံးဝမရှိပေ၊ ရုပ်ရဲ့ အကြောင်း နာမ်ရဲ့ အကြောင်းများရှာရမယ်၊ အကျဉ်းဆုံးနည်းနဲ့ ရှာရမယ်ဆိုရလဲ အားလုံးသောပုဂ္ဂိုလ်အပေါင်းတို့ဟာ တသံသရာလုံး ဝိဉာဏ်စိတ်တွေ နာမ်စိတ်တွေ တခုပြီးတခုမဖြစ်ဘူးလား ဖြစ်ပါတယ်။

အဲ အလှည့်အလှယ်ဖြစ်နေတဲ့နာမ်ပိုင်းက ဝိညာဏ်စိတ်တွေဟာ မည်သည့်အကြောင်းနဲ့ဖြစ်သလဲဆိုရင် စက္ခုမျက်စိဆိုတဲ့အကြည်ရုပ်မှာ ဗတိဒ္ဓရူပါရုံအဆင်းလာထင်တဲ့အခါမှာ ဖဿမဖြစ်ဘူးလား ဖဿဖြစ်တော့ နှလုံးသွင်းမှု မနသိကာရဆိုတဲ့တရားကလဲ ကြည့်မြင်လို သိလိုတာနဲ့ နှလုံးသွင်းပေးလိုက်တယ်၊ အကူအညီဆိုတဲ့ အာလောက) အလင်းရောင်ကလဲရှိရမယ်) စက္ခုအကြည်၊ ရူပါရုံ အလင်းနှလုံးသွင်း အဲဒီ ၄ ပါးပြည့်စုံတော့ ဖဿဖြစ်တယ်၊ ၎င်း ရူပါရုံနဲ့ စက္ခုအကြည်နဲ့ တွေ့ထိနှလုံးသွင်းမှ စက္ခုဝိဉာဏ်စိတ်ဖြစ်တာ၊ သောတဝိညာဏ်စိတ်ကလဲထိုနည်းအတူ အသံရယ် သောတ အကြည်ရယ်၊ ဟင်းလင်းဆိုတဲ့အာကာသရယ် နှလုံးသွင်းပြည့်စုံရင် ဖဿဖြစ်ပြီး(သောတဝိညာဏ်) စိတ်တွေဖြစ်တယ်၊ ဃာနဝိဉာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ်စတဲ့ ဝိညာဏ်စိတ်တွေ ဖြစ်သမျှ သူ့အကြောင်းနဲ့ သူကျိုးဖြစ်ကြတယ်၊ ဖြစ်ပြီး ချုပ်ပျောက်ကြတယ်။

အဲဒီအကြောင်းကြောင့် အကျိုးစိတ်တွေဖြစ်တယ် ဟု ဉာဏ်နဲ့ မသိရင် အဝိဇ္ဇာဘဲမဟုတ်လား ဒါဖြင့်ရင် အားလုံးသောဒကာ ဒကာမတွေဟာ (ဝိညာဏ်စိတ်(၆) ပါးအပြင်လဲ ဖြစ်စရာရှိသေး သလား(မရှိပါ)၄င်းပြင် ဘဝင်စိတ်ရှိသေးတယ်၊ ယခုအကြောင်း နဲ့အကျိုးဝေဖန်ခန်းမှာတော့ အဲဒီဘဝင်စိတ်ကိုချန်ထားခဲ့ရမယ်။

ဒါဖြင့်ရင်နာမ်တရားစုဆိုတဲ့ ဝိညာဏ်စိတ်တွေဖြစ်သမျှဟာ အကြောင်းကြောင့်ဖြစ်တဲ့သဘောကို အကြောင်းကြောင့်ဖြစ်တာဘဲ ညီညာဏ်မှာထင်ရင်အကြောင်းကိုသိတဲ့ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်တယ် ရုပ်ပိုင်းမှာဆိုရင်လဲ ထိုင်ရုပ်၊ ထရုပ်၊ သွားရုပ်၊လျှောင်းရုပ်တွေဟာ ရုပ်တိုင်း ထိုင်ရုပ်ဖြစ်တာမဟုတ်ကြောင်းကို သတိပြုပြီးထိုင်ပါ၊ ထိုင်တဲ့ရုပ်ဟာ ထိုင်လိုလို့ စေတနာတောက်ပံ့ခါ ထိုင်ရုပ်ဖြစ်တာ ထိုင်စေလိုသောစေတနာမရှိရင်၊ အဲဒီထိုင်ရုပ်ဟာ လဲပြိုသွား ပြီး တုံးလုံးရုပ်ကြီးဖြစ်သွားမယ်၊ ထိုင်ရုပ်၊ ထရုပ်၊ လျှောင်းရုပ်၊ အဲဒီ ဖေါက်ပြန်စုရုပ်ဟာ စိတ်စေတနာ စေ့ဆော်၍ဖြစ်ရတာဖြစ်တယ်၊ ဒါဖြင့်ရင် အကြောင်းကိုသေသေချာချာဉာဏ်နဲ့ မိအောင်ကြည့် ထိုင်ရုပ်ဆဲမှာ မကျုပ်မယှက်ဘဲ သမာဓိမပိုးပြီးကြည့်လိုက်ရင်လဲ (လက္ခဏာ ၄-ခု ထင်လင်းလာမြင်မယ်၊ ပူခြင်း ခြေင်း၊လှုပ်ရှားခြင်း ထောက်ကန်ခြင်း ဖွဲ့စည်းခြင်းဆိုတဲ့ ဖေါက်ပြန်စုတွေလိမ့်မယ်၊ သဘာဝလက္ခဏာကိုပိုင်နိုင်စွာသိမှ သာမညလက္ခဏာအခေါ်ပါင်းကို သိရမယ် သိပုံက ထိုင်တဲ့ရုပ်ကြီးဟာ အကျိုးရုပ်လား အကြောင်း ရုပ်လား မေးရင် မည်ကဲ့သို့ဖြေမလဲ၊ အကျိုးရုပ်၊ ဒါဖြင့်ရင် အဲဒီ အကျိုးရုပ် မည်သည့်အကြောင်းကြောင့်ထိုင်ရသလဲ၊ ထိုင်ချင် သောကြောင့် ကြိုးစားပြီး လဲကျမသွားအောင် အဆက်ဆက်

စေတနာထောက်ပန့်ပြီးထိုင်ရတာဖြစ်တယ်၊(ထိုင်ချင်တာက သမု ဒယတဏှာလောဘ၊ ထိုင်မယ်ဆိုပြီး ကြိုးစားမင်းစားအားထုတ် စွဲလမ်းတာကဥပါဒါန်ပြုလုပ်ထောက်ပန့်တာစေတနာ စေတနာကို ကံကောက်၊ အဲဒါကို ကမ္မဘဝကောက်၊ထိုင်ချင်တာရယ် ထိုင်တဲ့ ရုပ်တည်တန့်အောင် စွဲလမ်းတာရယ်၊ ပြည့်စုံအောင်စေ့ဆော်ပေး တဲ့ ထောက်ပန့်ပေးတဲ့ စေတနာစိတ်တွေ၊ ထိုင်စေလိုတာတွေဆိုတဲ့ နာမက္ခန္ဓာအပေါင်းဟာ သစ္စာ ၄-ပါးသိတဲ့ဥာဏ်ဖြစ်ပါ့မလား (တရားမရှုမှတ်ရင် မဖြစ်ပါဘုရား)

အဲဒါအဝိဇ္ဇာပေါ့ဗျား အဝိဇ္ဇာတရားပိတ်ခါထားတာကြောင့် ဤကဲ့သို့ အထိုင်တွေ အသွားရုပ်တွေ အရပ်ရုပ်တွေ အလျောင်း ရုပ်တွေကို မည်သူလုပ်ပေးတာလဲ အသိနဲ့ဖြေပါ၊ သင်္ခါရလုပ်ပေး တာပါ၊ အဲဒါကြောင့် အကြောင်းတရား အကျိုးတရား၊ဤကဲ့သို့ အကြောင်းကြောင့်ဖြစ်တဲ့ ရုပ်တရားကြီးကို သေသေချာချာ သိလိုက် ရုပ်ကဲ့အကြောင်းတရားက ကံ စိတ် ဥတု အာဟာရ ဝိညာဏ်ပေါင်း ၅-ပါး ရုပ်အကြောင်းတရား တဏှာဥပါဒါန်ဘဝ အဝိဇ္ဇာ သင်္ခါရ၊ ပေါင်း ၅-ပါး ကံ စိတ် ဥတု အာဟာရ ၄-ပါးက ထောက်ပန့်စေတယ်၊ တဏှာဥပါဒါန် ဘဝအဝိဇ္ဇာ သင်္ခါရ၊ အဲဒီ အကြောင်းတရား ၅-ပါးက ထောက်လဲထောက်ပံ့တယ်။

ဖြစ်လဲဖြစ်စေတယ်၊ ဘဝသစ်ကိုလဲ ဖြစ်စေတယ်၊ နာမ်ပိုင်းက လဲဆိုရင် ဝိညာဏ်(၆) ပါး တရားမှာလဲ ရှင်းခဲ့ပြီ၊ နာမ်စိတ်တွေ ဝိညာဏ်စိတ်တွေဖြစ်သမျှဟာ (စိတ်တိုင်းတိုင်း) မဖြစ်နိုင်ကြောင်း သေသေချာချာ ရှင်းပြခဲ့ပါတယ်၊ အာရုံမမ္မဆိုတဲ့ ရူပသဒ္ဒစတဲ့ ဗဟိဒ္ဓ ရုပ်အာရုံသော်၄င်း၊ မမ္မာရုံကိုသော်၄င်း၊ အာရုံ အမှီရမှ (စိတ်)ဖြစ်တယ်ဆိုတာကို တရားအလုပ်နဲ့ရှင်းကြည့်မှ သေသေချာ

ချာသိနိုင်တယ်၊ ဒေသနာတော်မှာလဲဆိုပါတယ်၊(အာရမ္မဏံ စိန္တေတီတိ စိတ္တံ ။အာရမ္မဏံ၊ အာရုံ၏ သဘောတရားကို။ စိန္တေတိ၊သိတတ်ကြံတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ စိတ္တံ ၊ စိတ် မည်၏။ (ဋီကာကျော်)

> စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယဝေဒနာ။ ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာ ဟံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မ။ (ပ)ပဋ္ဌာန်း အာရမ္မဏ ပစ္စည်းပိုင်း။

အာရုံဓမ္မတခုခုနဲ့ အာရမ္မဏိကဆိုတဲ့ တရားတွေ တိုက်ဆိုင်မှ ဝိညာဏ်စိတ်တွေဖြစ်ကြောင်း၊ဒေသနာတော်နှင့်လဲရှင်းလောက်ပါပြီ။ (ရုပ်ဖြစ်ခြင်း၊ ရုပ်ဖြစ်သောအကြောင်း) (နာမ်ဖြစ်ခြင်း၊နာမ်ဖြစ်ခြင်းအကြောင်း) ဖြစ်တဲ့ရုပ်ရယ်၊ ဖြစ်ကြောင်းဆိုတဲ့ သဘောတရားကို ဉာဏ်ဆဲမှာရှင်းသွားရင် သာသနာတည်းဟူသော လင်းရောင်ခြည်တရားကြီး ရပြီးသကာလ၊ အောက်နရက်ငရဲကို သွားမှာလား၊ မဂ္ဂင်ဖေါင်ကြီးစီးပြီး အထက်ဘဝဂ်ကို ကျော်လွန်ပြီး နိဗ္ဗာန်ကိုသွားမှာလားဆိုရင်၊ ဝိဇ္ဇာအလင်းဓာတ်ရှိတဲ့ ပုဂ္ဂိုလ်ကဘဲ ဘယ်မှာ ဒုပယ်ငရဲ သွားတော့မှာလဲ၊ တကယ်မြဲပြီး ချမ်းသာတဲ့ နိဗ္ဗာန်လမ်းကိုတန်းပြီး သွားမှာ ကေန်ဘဲမဟုတ်လား၊ ဤမျှသော အစဉ်ကိုရေးသားဖေါ်ပြတာမှာလဲ ဝိပဿနာ အလုပ်ဟာ အခြေပိုင်ဖြစ်တဲ့ အကြောင်းအကျိုးတရားမပိုင်ရင် မလွယ်ကူလှဘူးပေါ့၊ ဒါကြောင့် ၃-ခါ ၃-ကြိမ်ထိ စေတနာထက်သန်စွာ ဖေါ်ပြရေးသားရခြင်းဖြစ်ပါတယ်။

တဖွါးဖွါး ဖြစ်ပေါ်နေတာကို ရှင်းအောင်ရှုမှတ်တဲ့ ယောဂီဟာ ဝိညာဏ်(၆)ပါးနာမ်မက္ခန္ဓာတရားအပေါင်းတို့ကိုရင်း၊ ထိုင်ရုပ် ထရုပ်စတဲ့ ရုပ်အပေါင်းတို့ကိုရင်း၊ သိမှုမှတ်မှု ခံစားမှုထပ်ထပ်ဖြစ်နေတာတွေကို မည်သည့်အကြောင်းကြောင့်ဖြစ်သည်ဟု ဉာဏ်မြင်စင်ကြယ်ခဲ့ပါလျှင် မိမိ-မိမိ၏ခန္ဓာပေါ်မှာ ငါတည်းဟူသောအယူကို စွန့်လွှတ်၍ ဤခန္ဓာကိုယ်နဲ့ စပ်သော မှားသောယူခြင်းကင်းလွတ်ခါအတိတ်အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါးပါအယူစင်ကြယ်လေ၏။ ၎င်းအသိမျိုးသိရင် ရှင်းသွားပြီ လင်းသွားပြီ၊ ဝိဇ္ဇာတည်းဟူသော အလင်းခေတ်ကြီး ဓမ္မဆိုတဲ့ ရုပ်နာမ်ပစ္စယ ဆိုတဲ့အကြောင်းကို ဉာဏ်မှာထင်သဖြင့် ဓမ္မဋ္ဌိတိဉာဏ်လို့ ခေါ်တယ်၊ ဤသာသနာတော်ကြီးမှာဆိုရင် မပိုမလို ယာဉ်သာကြီးစီး၍ သြဃ ၄-ဖြာမှ လွတ်ရာ အသခံတ နိဗ္ဗာန်မဂ်ယာဉ်ပုံ့ဖြင့် သွားသောသူဟူ၍ ဘုရားချီးမွမ်းတော်မူသည်။ ထောက်ရာ တည်ရာ ရပြီး ၄-ပါးသော သြဃတို့တွင် အပယ်ဘေးလွှတ်၍ ကောင်းရာ သုဂတိ ဘုံ ၅ာနမှာ မြဲသောဂတိရှိပြီဟု ဟောတော်မူလေသည်။

**တဆယ့်ခြောက်ပါးသော ယုံမှားခြင်းကင်းပျောက်၏**

(၁၆) ပါးသောယုံမှားခြင်းမှာ-

၁။ ငါဟာအတိတ်ဘဝက ဖြစ်ဘူးပြီလော

၂။ ငါဟာမဖြစ်ဘူးပြီလော

၃။ မင်းဖြစ်ဘူးသလော ပုဏ္ဏားဖြစ်ဘူးပြီလော

၄။ မြင့်သော နိမ့်သောသူ ဖြစ်ဘူးပြီလော

၅။ ရှေး၌မင်းဖြစ်၍ ပုဏ္ဏားဖြစ်သလော

ဤကဲ့သို့ အတိတ်၌ယုံမှားခြင်း ၅ ပါးကင်းလွတ်၏။

၁။ ငါ့ကားဖြစ်လတ္တံ့လောဟု ယုံမှားခြင်းကင်းသည်
၂။ ငါကား မဖြစ်လတ္တံ့လော ဟု ယုံမှားခြင်းကင်းသည်
၃။ ငါကား မင်းဖြစ်လတ္တံ့လော ပုဏ္ဏားဖြစ်လတ္တံ့လော ယုံမှားခြင်းကင်းသည်။
၄။ ငါကား နိမ့်သောသူ မြင့်သောသူ ဖြစ်လတ္တံ့လော ဟု ယုံမှားခြင်းကင်းသည်။
၅။ ငါကား ပုဏ္ဏားဖြစ်၍ မင်းဖြစ်လတ္တံ့လောဟု ယုံမှားခြင်းကင်းသည်။

ဤသို့ အနာဂတ်ကာလ၌ ယုံမှားကင်းလတ်၏။

၁။ ငါဖြစ်၏လောဟု ယုံမှားကင်း၏၊
၂။ ငါမဖြစ်လောဟု ယုံမှားကင်း၏၊
၃။ ငါမင်းဖြစ်လျက် မင်းဟုတ်ပါ၏လော၊
၄။ ငါနိမ့်သလော မြင့်သလောစသည် ယုံမှားခြင်းကင်း၏။
၅။ ငါကား အဘယ်မှ လာသနည်း ယုံမှားကင်းသည်လည်းတပါး၊
၆။ ငါကားအဘယ်သို့ သွားလတ္တံ့နည်းဟု ယုံမှားကင်းသည်။ ဤသို့ပစ္စုပ္ပန်ကာလ၌ (၆)ပါး။

အတိတ်ကာလ၌ ယုံမှားခြင်းကင်းကြောင်းတာက (၅)ပါး (အနာဂတ်ကာလမှာ (၅)ပါး ပစ္စုပ္ပန်ကာလမှာ (၆)ပါးအားဖြင့် (တ

ဆယ့်ခြောက်ပါးသော ယုံမှားခြင်းကင်းလွတ်တယ်၊ ၎င်းအပြင်မှာလဲ (ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ သိက္ခာ၊ ပုဗ္ဗန္တ၊ ပရန္တ၊ ဣဒပ္ပစ္စယတာ၊ ပဋိစ္စသမုပ္ပါဒ် ဤ(၈)ပါးသော တရားများကိုလဲ ယုံမှားခြင်းကင်းပြန်တယ်)ထိုသို့ ရှစ်ပါးသောယုံမှားကင်းပြတ်တဲ့ အင်္ဂါတို့မှာ သိက္ခာရဲ့ယုံမှားခြင်း၊ ကင်းလွတ်ပါသဖြင့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးအကျင့်တရားကိုကို ကြိုးစားအားထုတ်ပြီး ကျင့်ခြင်းမှ တပါး၊ တပါးသော အကျင့်တရားကို မှားသောအကျင့်လဲ မရှိတော့ဘူး၊ ပဋိစ္စသမုပ္ပါဒ်၊ ယုံမှားကင်းပါသဖြင့်၊ ဘဝ စက္က၊ သုံး ပါးသော ဘဝ ကိုးပါးသော(ဘဝ)ဖြစ်စေတတ်တဲ့ (ဝေဒနာ)နှင့် တဏှာအစပ်၊ ဘဝနဲ့ဇာတိအစပ် သင်္ခါရဝိညာဏ်အစပ်ကို ဖြတ်လိုပါသဖြင့် ဘဝစက္က ပဋိစ္စသမုပ္ပါဒ် လက်ဝဲရစ်လှည့်ပတ်ထသို့မလိုက်မူ၍ သိက္ခာသုံးပါး မဂ္ဂင်ရထားစီးပြီးလျှင်၊ နာနာသတ္တ ဘုံကိုးဝနှင့် ဝိညာဏ်သျှင် အဆုံးမရှိသော ဤလောကမှ လွန်မြောက်ရာအသင်္ခတ နိဗ္ဗာနကို ဒိဋ္ဌပတ္တ ဝိဒိတ ပရိယောဂါဠှ တိန္နဆိုတဲ့ ဝိဝိကိစ္ဆာကင်းပျောက် ကိုယ်တိုင်သိ ကိုယ်တိုင်ရောက် ကိုယ်တိုင်ဉာဏ်ဖြင့် သက်ဝင်ဒုတမရှိတဲ့မဂ္ဂင်ယာဉ်သာမှာ ညင်သာစွာထိုင်လျက်သာသနာတော်အလင်းရောင်ပေးပြီး၊ အဝေးကရော အနီးကရောဧဟိပဿိကော လာလှည့်ရှုကြည့် ခုကြည့်ခုမြင်၊ ဝိသုဒ္ဓိကင်းစင်တဲ့အမြင်မှာတတ်၊ အတုမရှိအားပေါင်းများစွာပါဝင်သော သမ္မာဒိဋ္ဌိဝိဇ္ဇာမှန်ပြောင်းကို ဓမ္မစက္ခုမျက်စိအား တပ်ဆင်လျက် ကိလေသာတည်းဟူသော လှိုင်းဂိုဏ်ကတို့မှ လွတ်ကင်းရာမှန်ဝိသုဒ္ဓိမြတ်နိဗ္ဗာန်ကို(၈)တန်သောမဂ္ဂင်ဖောင်လှေနာဝါဖြင့် ပြေအမဘာနိဗ္ဗာန်နန်းသို့ ရှင်လန်းကာ ကူးမြောက်လေတော့သတည်း။

ဤသို့ပြဆိုအပ်ပြီးသော အကျိုးကိုသိသော ဓမ္မအကြောင်းကို သိသော ပစ္စယပရိဂ္ဂဟဉာဏ်သည် ဓမ္မဋ္ဌိတိ ဉာဏ်ဟူသော ပစ္စယ ပရိဂ္ဂဟ ဉာဏ်မည်၏၊ ပရိညာအားဖြင့် ဉာတ ပရိညာ မည်၏၊ ဝိသုဒ္ဓိအားဖြင့်ဒိဋ္ဌိဝိသုဒ္ဓိ၊ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏၊အကြောင်း အကျိုး အယူ၏စင်ကြယ်သော ၁၆-ပါးသော ယုံမှားခြင်း၊ ရှစ် ပါးသော ယုံမှားခြင်းမှ ကင်းစင်သော ယောဂီသည် ထိုရုပ်နာမ် ကြောင်းကျိုးအား ဆင်ခြင်သုံးသပ်သည်ရှိသော်၊ ၎င်းရုပ်နာမ်၏ အပေါ်တွင် မိမိ၏ရှုမှတ်စိတ်ဖြင့်မမြဲသောသဘောမကောင်းသော သဘော အစိုးတရအနှစ်သာရကင်းသော သဘောကို ၎င်းရုပ်နာမ် ၏ အပေါ်မှာ ယောဂီ၏ဉာဏ်ဖြင့် မှတ်ထင်၏။ ယောဂီ၏ဉာဏ် ဖြင့် မှတ်ထင်ပါသောကြောင့် အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာဟု ခေါ်ဆိုအပ်သည်။ ၎င်းကဲ့သို့ မှတ်ထင်သုံး သပ်သော (ဉာဏ်အမြင်ကို) သာမ္မသနဉာဏ်ဟု ဆိုသည်။ သုံး သပ်သည်၏ အစွမ်းကြောင့် ထင်အပ်သောဉာဏ် မည်၏၊ သမ္မ သနဉာဏ် ဥဒယဗ္ဗယဉာဏ်သည်၊ ရုပ်နာမ်တို့၏ ဖြစ်ကြောင်း ပျက်ကြောင်းကို ရုံးပေါင်း၍ ရှုမှတ်ထင်သော ဉာဏ်အမြင်ရှိ၏။ ရုပ်၏ဖြစ်ကြောင်း ၅-ပါး နာမ်၏ဖြစ်ကြောင်း ၅-ပါးကို ရုပ်နာမ် ချုပ်ပျက်ခြင်းကို အကြောင်းနှင့်တကွ ချုပ်ပျက်တာကို မြင်၏၊ ဤကဲ့သို့ ဉာဏ်အမြင်ကို ဥဒယဗ္ဗယဉာဏ်မည်၏၊ ရုပ်ဖြစ်ကြောင်း နာမ်ဖြစ်ကြောင်း အထက်တွင် ပြဆိုခဲ့ပြီးပြီ။

ခန္ဓာ ၅-ပါးအား လျင်မြန်သောပျက်ခြင်း ထင်အပ်သည်။ ယောဂီ၏ ရှုမှတ်သောစိတ်သည် သင်္ခတချုပ်တရားကို ရှုမှတ်စိတ် ဉာဏ်ဖြင့် တမုဟုတ်ခြင်း ပျက်သော တရားကိုမြင်သည်၊ ၎င်းကဲ့

သို့မြင်သော ဉာဏ်ကို ဘင်္ဂဉာဏ်မည်၏၊ ယောဂီ၏ ဉာဏ်သည်ခန္ဓာအဆက်ဆက် တို့ကို အပျက်ရှုမှတ်ပါသဖြင့် ထိုခန္ဓာတို့အား ဘေးဟူသော မှတ်ခြင်းဖြင့် စုံစမ်းလေလေ ဘေးဘျမ်းထင်လေ၏၊ ဤသို့ထင်ရှုမှတ်သော ဉာဏ်အမြင်ကို ဘယဉာဏ်မည်၏။

ထိုသို့ဖြစ်ခြင်းပျက်ခြင်းရုပ်နာမ်ကိုရှုပွားသဖြင့်ဘေးဟုကောင်းစွာထင်မှတ်သော ယောဂီအား၊ ၎င်းရုပ်နာမ်ကို ရှုပွားသဖြင့် ဘေးဟုကောင်းစွာထင်မှတ်သော ယောဂီအား ၎င်းရုပ်ဖြစ်ခြင်း ဥပ္ပါဒ ၅ ပါးကို ဘေးဟုထင်ကာ ယောဂီ၏ စိတ်ဉာဏ်တွင် အနုပ္ပါဒဟုဆိုအပ်သော မဖြစ်သောတရားသည် ငြိမ်း ချမ်း သာ သော သဘောတရားဟု မှတ်ထင်ကာ ခန္ဓာ ၅-ပါးဖြစ်ခြင်း၏ အပြစ်တို့ကို ကြီးစွာမြင်လေ၏။ ဤသို့မြင်သိသော ယောဂီ၏ ဉာဏ်သည် အာဒီနဝဉာဏ်မည်၏။

ယောဂီသည် ခန္ဓာ၌ ကြီးစွာသော အာဒီနဝအပြစ်တို့ကိုမြင်ပါသဖြင့် ထပ်မံကာရှုပွားလေလေ ခန္ဓာကိုယ်၌ မီး၏အတွေ့ကဲ့သို့ ငြီးငွေ့လှသဖြင့်ထိုခန္ဓာ ၅-ပါးတို့၏ လွတ်ကြောင်းကိုရှာ၍ လွတ်သောတရားကား ငြိမ်းမည်ဟု ထင်ကာ မီးအတွေ့ကဲ့သို့ ပူပြင်းလှသော ခန္ဓာ ၅-ပါးနှင့် ထောက်ဆ၍ ခန္ဓာ ၅-ပါး မ ဖြစ် ပေါ် သော တရား နိဗ္ဗာန်တရားသည် ကောင်းမည် ငြိမ်းမည်ဟု သန္တိပဒဉာဏ်ထင်ရှိပေ၏၊ ထိုကဲ့သို့ ငြီးငွေ့ထောက်ဆ သန္တိပဒဉာဏ်ကို နိဗ္ဗိန္ဒဉာဏ်မည်၏။

ထိုသို့ထောက်ဆ သန္တိပဒဉာဏ်ဖြင့် သင်္ခါရအား ငြီးငွေ့လှပါသဖြင့်၊ ထိုသင်္ခါရတရားမှ လွတ်လိုလှသော ဉာဏ်အမြင်ကို မုစ္စိတုကမျတာဉာဏ်မည်၏။

သင်္ခါရတရားမှ လွတ်လိုလှသော ယောဂီသည်၊ မိမိလွတ်လိုလှသော သင်္ခါရတရားအား လွတ်လိုပါသဖြင့် နုပဿနာ ၃–ခုဖြင့် ထပ်မံရှုပွားသော ယောဂီ၏ဉာဏ်မှာ အထပ်ထပ်အလီလီမြင်သိသောဉာဏ်ကို ပဋိသင်္ခါရဉာဏ်မည်၏၊ သင်္ခါရတရား ရှုပွားများ၊ တဖန်အတန်တန်ဉာဏ်နှင့် မြင်သိပါသဖြင့်ငှင်းသင်္ခါရတရားကိုမိမိနှဲ့ မသက်ဆိုင်လျစ်လျူ ခါခန္ဓာ၏အတွေ့ဒုက္ခမှလွတ်ကြောင်းဖြစ်သော နိဗ္ဗာန်ကို ရည်မှန်းညွတ်ကိုင်းသော ဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်မည်၏။

ထိုသို့နိဗ္ဗာန်ညွတ်ကိုင်းသော ဒွါရုံရှိသော ယောဂီ၏ ဉာဏ်သည် နိဗ္ဗာန်ကို ရငြားရှာကြံခါ ဖုန်းလပ်သော မှောင်ဓါတ်ကို ခွဲသကဲ့သို့ သစ္စာနှင့်လျော်သော ဉာဏ်သည်ဖြစ်လာ ထင်အပ်၏၊ ဤကဲ့သို့ ထင်ရှိသော ဉာဏ်ကို သစ္စာနုလောမဉာဏ်မည်၏။

ဤကဲ့သို့သွားစဉ်သွားဆဲ လျောင်းစဉ်လျောင်းဆဲ မမေ့သော သတိနှင့် ရှုကြည့်ရှုမှတ်အားထုတ်ပါလျှင် နာမ်ရုပ် ၂-ပါး ပိုင်းခြား၍ အကြောင်းအကျိုး သိမ်းဆည်းသောဉာဏ်နှင့် ဝိပဿနာဉာဏ် ၁၀-ပါး အဘိဉာဏ်၊ ဂေါတြဘူမဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဆက်ခါကျရောက်ရရှိ၍နိဗ္ဗာန်တရားထူးကိုရရှိရာ၏။

သွားစဉ်သွားဆဲ ငါဘဲထင်ကာ )တင့်တယ်လှပ မြဲလှ
ထိုင်စဉ်ထိုင်ဆဲ ငါဘဲထင်ကာ )ပေတာ ခိုင် မာ စိုး ရ
ရပ်စဉ်ရပ်ဆဲ ငါဘဲထင်ကာ )အလိုကြဟံတာ ဒိဋ္ဌိစွဲ
လျောင်းစဉ်လျောင်းဆဲ ငါဘဲထင်ကာ )မှားလွဲဒို့သူငါ။

## ဉာဏ်စဉ် ၁၆-ပါး အစဉ်လိုက် ကဗျာကျက်မှတ်ရန်

သွားစဉ်သွားဆဲ အမြဲရှုသည်
နာမ်ရုပ် ၂-ပါး ပိုင်းခြားမြင်ပြီ
ဒိဋ္ဌိငါမရှိ အယူ၏ဖြူသည်
နာမရူပ ပရိစ္ဆေဒ ဉာဏ်ရောက်ပြီ။

သွားစဉ်သွားဆဲ အမြဲရှုသည်
အကြောင်းတရား ထင်ရှားသိပြီ
ယုံမှားမရှိ အယူ၏ဖြူသည်
ပစ္စယ ပရိဂ္ဂဟဉာဏ် ရောက်ပြီ။

သွားစဉ်သွားဆဲ အမြဲရှုသည်၊
လက္ခဏာ၃-ချက် တင်လျက်ရှုသည်။
အနိစ္စ ဒုက္ခ အနတ္တ ထင်သည်၊
သမ္မသန ဉာဏ်ရောက်ပေပြီ။

ကုသလ ဗျတ္တ မြတ်လှ ယောဂီ၊
အန္တရာယ်(၁၀)ပါး ပယ်ရှားရှုပြီ။
ဖြစ်ကြောင်း ပျက်ကြောင်းရုံးပေါင်းရှုသည်၊
ဥဒယဗ် ဗယဉာဏ် ရောက်ပြီ။

ဉာဏ်စဉ်ရှုပွား တရားယောဂီ၊
ခန္ဓာပဥ္စက မူလအခြေတည်။
ဖြစ်ခါ တမှုဟုတ် ပျက်ချုပ်မြင်ပြီ၊
ဉာဏ် ဘင်္ဂ ရောက်ရရှိပေပြီ။

ဉာဏ်စဉ်ရှုပွား တရားယောဂီ၊
ခန္ဓာအဆက်ဆက် အပျက်ရှုပြီ။
ဆင်ခြင်စုံစမ်း ဘေးဘျမ်းတင်သည်၊
ဉာဏ်ဘယ ရောက်ရရှိပေပြီ။
ဉာဏ်စဉ်ရှုပွား တရားယောဂီ၊
ဥပ္ပါဒငါး ဘေးများထင်ပြီ။
အနုပ္ပါဒ ဘေးမခထင်သည်၊
အာဒီနဝ ဉာဏရောက်ပေပြီ။
ဉာဏ်စဉ်ရှုပွါး တရားယောဂီ၊
ခန္ဓာပဉ္စက ငြီးငွေ့လှုပြီ။
ဘေးအပေါင်းမှ ငြိမ်းကြောင်းထင်သည်၊
နိဗ္ဗိန္ဒ သန္တိပဒ ဉာဏ်ရောက်ပြီ။
ဉာဏ်စဉ်ရှုပွါး တရား ယောဂီ၊
သင်္ခါဟူသရွေ့ ငြီးငွေ့လှုပြီ။
ငြီးငွေ့လှန်မှ လွှတ်လိုလှသည်၊
မုဉ္စိတု ရမှုဉာဏ်ရောက်ပြီ။
ဉာဏ်စဉ်ရှုပွါးတရားယောဂီ၊
နုပဿနာ ၃ ခု ထပ်ရှုပြန်ပြီ။
၄၉-ပါး ရှုငြား အလီလီ
ဉာဏ်ပဋိ ရရှိသင်္ခါမည်။
ဉာဏ်စဉ်ရှုပွါးတရားယောဂီ၊
ခန္ဓာ ပဉ္စက သုညရှုပြီ။
ကွာပြီးမယားသို့ ဉာဏ်အားထင်သည်၊
သင်္ခါရု လျစ်လျူရောက်ပေပြီ။

ဉာဏ်စဉ်ရှုပွါး တရားယောဂီ၊
ခန္ဓာမီးအတွေ့ ငြီးငွေ့လှပြီ။
လွတ်ရာလွတ်ကြောင်း ထပ်လောင်းကြံစည်၊
နိဗ္ဗုန်နန်း ရည်မှန်းညွတ်ကိုင်းပြီ။

ဉာဏ်စဉ်ရှုပွါး တရားယောဂီ၊
သစ္စာဖုံးလတ် မှောင်မောတ်ခွါပြီ။
နိဗ္ဗာန်တရား ရှငြားရှာသည်၊
အနုလော သဘောဉာဏ်ရောက်ပြီ။

ဉာဏ်စဉ်ရှုပွါး တရားယောဂီ၊
အရိယာနွယ်ဇတ် ဖြစ်လတ်ပေပြီ။
နိဗ္ဗာန်တရားထူး ရှေးဦးမြင်သည်၊
ဂေါတြ ဉာဏသူရောက်ပြီ။

နိဗ္ဗာန်တရားတော့ ထပ်၍မြင်သည်၊
အနုသယဒိဋ္ဌိ ဝိစိ ပယ်သည်။
သစ္စာ ၄ ချက် တပြိုင်နက်မြင်ပြီ၊
မဂ်သောတ ဉာဏရောက်ပေပြီ။

နိဗ္ဗာန်တရား ထပ်ပွားမြင်ပြီ၊
ကိလေကင်းဝေး ငြိမ်းအေးတော့သည်။
အပယ်တခါးပိတ်ငြားလေပြီ၊
ဉာဏ်သောတ ဖလရောက်ပေပြီ။

နိဗ္ဗာန်ဖိုလ်မဂ် တွေ့လျက်ရှုသည်၊
ကိလေပယ်ပြီး မပြီးရှုသည်။
ဆင်ခြင်သမှု ၅ ခု ရှုသည်၊
ပစ္စဝေက္ခဏာ ဉာဏ် ရောက်ပေပြီ။

တရားရှုပွါးသော ယောဂီသည် ထိုင်စဉ် ရပ်စဉ် လျောင်းစဉ် သွားစဉ် အရိယာပုထ် ၄ ပါးမှာ မမေ့သောအားဖြင့် ရှုမှတ်ပွား များခဲ့ပါလျှင် သဘာဝလက္ခဏာ သာမညလက္ခဏာ ဝိသေသဟု ဆိုအပ်သော ဝိပဿနာ ဉာဏ်သို့ ထင်မြင်ရောက်ရှိ နိုင်ကြောင်း ကို မိမိ၏စိတ်ကိုအခိုကဆုံးဖြတ်၍ တရားအလုပ်ခွင်သို့ မမေ့ သောအားဖြင့် ရှုမှတ်ပွားများရန် တိုက်တွန်းအပ်ပါ၏။ သဘာဝ လက္ခဏာ ဓာတ်သဘောရင် သာမညလက္ခဏာ ရုပ်ဓာတ်၊ နာမ် ဓာတ်တို့ ပေါင်းစု၍ ဖြစ်ပေါ်သော ကာယ သမ္ဘာ၊ မနော သမ္ဘာ၊ စက္ခုအဆင်း အလင်း နှလုံးသွင်း ဖဿဖြစ် (အတွေ့ ကာယ မြေကတဖြာ နှလုံးသွင်းကာယ သမ္ဘာ) ဖြစ်ချုပ်အနိစ္စ ဒုက္ခ အနတ္တ။

၁။ သီလ ဝိသုဒ္ဓိ — သီလ၏စင်ကြယ်ခြင်း၊ ပါတိမောက္ခ ဣန္ဒြိယ ပစ္စယ နိဿိတ အာဇီဝဟောတု။

၂။ စိတ္တ ဝိသုဒ္ဓိ — စိတ်စင်ကြယ်ခြင်း ဥပစာသမာဓိ အပ္ပနာ သမာဓိ။

၃။ ဒိဋ္ဌိ ဝိသုဒ္ဓိ — နာမရူပ ပရိစ္ဆေဒဉာဏ် အဘိညာဏ် ဉာတ ပရိညာ

၄။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ပစ္စယ ပရိဂ္ဂဟဉာဏ်

၅။ သမ္မသန ဉာဏ် မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ။

ဥဒယဗ္ဗယဉာဏ်
ဘင်္ဂဉာဏ်
ဘယဉာဏ်
အာဒီနဝဉာဏ်

၆။ နိဗ္ဗိန္ဒာဉာဏ်
မုဉ္စိတုကမျတာဉာဏ်
ပဋိသင်္ခါဉာဏ်
သင်္ခါရုပေက္ခာဉာဏ်
သစ္စာနုလောမ ဉာဏ်
ဂေါတြဘူ ဉာဏ်

(အထက်ပါ ဉာဏ်များ —) ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိ တိရန ပရိညာ ပဋိပဒါအဘိညာဉာဏ်။

၇။ မဂ် ဉာဏ်
ဖိုလ် ဉာဏ်
ပစ္စဝေက္ခဏာ ဉာဏ်

ဉာဏဒဿနဝိသုဒ္ဓိ ပဟာနပရိညာ
မဂ္ဂအဘိဉာဏ်
ဝိသုဒ္ဓိ ၇-ပါး
ဉာဏ်စဉ် ၁၆-ပါး။

ဤကဲ့သို့ရေးသားဖော်ပြအပ်ပါသော ပဋိပါဒ်စဉ်ကို မိမိတို့၏ ဉာဏ်ဖြင့် ယှဉ်စပ်ကာ ရင်ဟပ်သည့်အလား ကြည့်ရှုလေ့လာ ပွါးများခဲ့ပါလျှင် ဉာဏ်အမြင်ကြီးထွား၍ မဂ်ဖိုလ်တရားတော်မြတ်ကြီး ရကြပါစေသောဝ်။

ဤကဲ့သို့ ရေးသားပြီးခဲ့ ပါသော ဉာဏ်စဉ် ၁၆ ပါး၊ ဝိသုဒ္ဓိ ၇ ပါး ၊ပရိညာ ၃ ပါး၊ ဉာဏ်အဘိညာဝိပဿနာဟု ဆိုအပ်သော (ပဋိပဒါအဘိညာ) မဂ်အဘိညာ စသော မဂ်နှင့် စပ် ဆိုင် သော အဘိညာတို့တွင် ဉာဏ်အဘိညာကို ဆိုအပ်ပြီးပြီ၊ ဂေါတြဘူမှ မဂ် အဘိညာကို အထပ်ထပ် ဆိုအပ်ရေးသား ခဲ့ပြီးပြီ၊ ယခု ဝိပဿနာ ဉာဏ် ပဋိပဒါအဘိဉာဏ်ကား ဖေါ်ပြရေးသားခြင်း မပြုရသေး ပေ၊ သို့ပါ၍ ရင်းပဋိပဒါအဘိညာကိုရေးသားဖေါ်ပြအံ့သတည်း။

၁။ သုခပဋိပဒါ ခိပ္ပါဘိညာ ချမ်းသာစွာဖြင့် လျင်မြန် လွယ် ကူစွာရရှိသောမဂ်ဉာဏ်၊ ၂။ သုခပဋိပဒါ ဒန္ဓာဘိညာ၊ ချမ်းသာ စွာ ကျင့်ကြံ၍ နှေးကန်စွာ ကြာရှည် ရက်နှစ် သောင်းမှ ရရှိ သော မဂ်ဉာဏ်၊ ဒုက္ခပဋိပဒါ ဆင်းရဲငြိုငြင်စွာ ဒုက္ခခံပြီး ကျင့် ကြံအားထုတ်၍ မဂ်ကိစ္စ၌ လျင်မြန်စွာရခြင်း (ဒုက္ခပဋိပဒါ ခိပ္ပ ဘိညာ) ရှည်မြင့်ကြာသောင်းသော နှစ်တို့ဖြင့် အဆင်းရဲအငြိုငြင် ခံပြီးကျင့်မှ မဂ်ဖိုလ်ကို ရသော ပုဂ္ဂိုလ်(ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ) ရယ်လို့ လေးပါးလမ်းစဉ်ရှိလေသည်၊ (သုခပဋိပဒါ ခိပ္ပာဘိညာ) (သုခပဋိပဒါဒန္ဓာဘိညာ) (ဒုက္ခပဋိပဒါခိပ္ပာဘိညာ) (ဒုက္ခပဋိ ပဒါ ဒန္ဓာဘိညာ) ဤ ၄ ပါးသော ပဋိပဒါ မဂ်လမ်းသည် ပြုကျင့် ရှုပွားသော ကမ္မဋ္ဌာန်းနှင့် ပုဂ္ဂိုလ်၏ဉာဏ်စသော ၂ ပါးသော တရားကို ပဓာနထား၍ကောက်ယူရမည်။ ဝိပဿာန တရားကျင့် ထုံးသာဓကများ များစွာ ရှိလေသည်၊ ရှင်သာရိပုတ္တရာ၏ အ လောင်း ဥပတိဿသည် ရှင်အဿဇိ ယေဓမ္မာ ဟေတုပ္ပဘဝါအစ ရှိသောဖြစ်ခြင်းချုပ်ခြင်း တရားတို့သည် အကြောင်းတရားကြောင့် ဖြစ်၏ဟူသော (တဂါထာ) ၄ ပါဒကို ၂ ပါဒနာရုံနှင့် သောတာ

ပတ္တိဖိုလ်ကိုတည်တယ်၊ တရားနှင့် ပုဂ္ဂိုလ် ဘာဘာဝနဲ့ ဥာဏ်အမြင် မှန်သည် နေ့ဝင်သော အခါ အရှင်သာရိပုတ္တရာသည် ရွှေပန်းတိမ် သည့်၏ သား ရဟန်းငယ်တပါးအား အသုဘ ကမ္မဋ္ဌာန်းကို စီး ဖြန်းစေရာ ဝါတွင်း ၃ လတိတိ မဂ်ဖိုလ်မဆိုထားဘိ စီးဖြန်းသော ကမ္မဋ္ဌာန်း၏ နိမိတ်မျှမထင်၊ သို့ပါ၍ မြတ်စွာဘုရားထံကို ခေါ် သွား၍ အကြောင်းမျိုးစုံကို လျှောက်ကြား လေရာ ဘုရားသခင် သည် ဆွမ်းစားပြီးကာမျှဖြင့်၊ ၎င်းရဟန်းငယ်ကိုခေါ်စေ၍ ဇေတ ဝန် ရေကန်မှ ပဒုမ္မာကြာပွင့်ကို ကြည့်ရှုစေ၍ ၎င်းကြာပွင့်အား ကောင်းစွာ နှလုံးသွင်းစေရာ ကြာပွင့်၏၎င်း၊ ဝတ်ဆံ၏၎င်း၊ ညှိုး နွမ်းရင့်ရော် ပျက်ကြွေသည်ကို မြင်ကာမျှတခဏဖြင့် အသပေါ် ကုန်ခမ်း၍ ပဋိသမ္ဘိဒါ ၄ ပါးနှင့် ပြည့်စုံသော ရဟန္တာတပါးဖြစ် လေသည်။

ထို့ပြင်လည်း ကောဋ္ဌိဝိသ အမျိုးမှလာသော ကောဋ္ဌိဝိသ သောဏသည် ရဟန်းပြု၍ လူတို့ဆိတ်ရာရင်းတိုက်တောသုသာန်သို့ သွားရောက်၍ တရားအားထုတ်ရာ လွယ်ကူ ချမ်းသာစွာ မရမှု၍ လွန်သောအားထုတ်ခြင်းရှိရကား၊ စင်္ကြံရှောက်သော အရပ်တို့တွင် နွားသတ် သင်းချိုင်းကဲ့သို့ သွေးအတိပြီး၏၊ ၎င်းသောဏသည် ဆန္ဒအား ဝီရိယအားကို လျှော့သောအခါ မြတ်စွာဘုရား ကြွ ရောက်တော်မူ၍ မဇ္ဈိမပဋိပဒါ အလယ်အလတ် ပိုလည်းမပို လို လည်းမလို (မပို့မလို)လမ်းကြောင်းကို ဟောကြားသောခဏတွင် (ဆဋ္ဌာဘိညာ၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်၍ ပြီးဆုံးသွားသည်။ ထိုမျှတွင် မကသေး) ထေရီအပါဒါန် ထေရာအပါဒါန် သိဋ္ဌဟာ ဝတ္ထုတို့မှာများစွာသောသာဓကရှိလေသည်။ သို့ပါသောကြောင့်

မှန်ကန်သော တရားလုပ်ငန်းပင်ဖြစ်စေကာမူ၊ မိမိ၏ ညာဏ အသိ ဉာဏ်ထိရကာ စုံစမ်းဉာဏ် ပဟာန ကိလေသာပယ်စဉ်ဉာဏ် ၄င်း ဉာဏ်တရားတို့သည် မိမိထံတွင် (၀၂) အဖွဲ့တွက အသိဉာဏ် အပယ်ဉာဏ်၊ အဆိုက်ဉာဏ်၊ ရောက်ရှိခြင်း၊ မရောက်ရှိခြင်းတရားကို မိမိအသိဆုံးဖြစ်မည်။ သို့ပါ၍ အာယတန ၁၂ ပါး၊ စက္ခု အဆင်း အစရှိသောတရားမှာ ဓမ္မာရုံ၊ မနောဝိညာဏ်အထိ ရေးသားထည့် သွင်းဖော်ပြအပ်ပါသည်။ ထိုပြင် ပဟာနပရိညာဟုဆိုအပ်သော မဂ်လမ်းခရီး ပဋိပဒါအဘိညာဏ်စခန်းသည် မိမိထံတွင် ရောက်ရှိ မရောက်ရှိ ညှိနှိုင်းစာနာ ဤပြလတ္တံ့သော ဒေသနာဖြင့် သိရှိကြပါစေခြင်း အကျိုးငှါ ကြည်လင် သန့်ရှင်းသော စေတနာ မေတ္တာစေတ်ဖြင့် ရေးသားထည့်သွင်း ဖော်ပြအပ်ပါကြောင်း။

* ဉာတပရိညာ ရုပ်နာမ်ဓမ္မ အကြောင်း အကျိုး သိသောဉာဏ်
* တိရဏပရိညာ ၄င်းကြောင်းကျိုး ရုပ်နာမ်ကို စုံစမ်းသောဉာဏ်
* ပဟာနပရိညာ ကိလေသာတို့ကို အဆင့်ဆင့်ပယ်သော ဉာဏ်

၄င်း ပဟာန ပရိညာ မဂ်အဆင့်ဆင့် ပယ်ပြီးမှ ဂေါတြဘူမဂ် အဘိညာဉ်တရားသည် ဖြစ်ပေါ်နိုင်၏။

မဂ်အဆင့်ဆင့်ဟူသောစကားသည် ပုဗ္ဗဘာဂ မဂ်ကို ဆိုလိုပါသည်၊ကိလေသေ မာရေနွော ဂစ္ဆတီတိ မဂ္ဂေါ အသက်၌ပြခဲ့ပြီးပြီ၊

လက္ခဏာရေး ၃ ပါးကို ရှုမှတ်ပွါးများသော ယောဂီသည် ခန္ဓာ ၅ ပါး၊ တမဟုတ်အားဖြင့် ဖြစ်ခြင်းပျက်ခြင်းကို မြင်၏။ (ဥဒယဗ္ဗယဉာဏ်)ဖြစ်ခြင်း ပျက်ခြင်းကို တဖန်ရှုမှတ်သော ယောဂီသည် ဉာဏ်စိတ်နေတယ်၊ ရှုမှတ်စိတ်အားကောင်းနေတယ်၊ သတိပညာ ကလဲ အတော်ဘဲညီမျှနေပါသဖြင့် ပျက်၊ ပျက်တဲ့အပျက်ကို မြင်နေပါသဖြင့် ဘင်္ဂဉာဏ်လို့ ခေါ်တယ်။ ယခုကဲ့သို့ ပျက်သော တရားကို ဘေးဟုထင်မှတ် ဉာဏ်အမြင်ရှိနေတယ်၊ ဤကဲ့သို့ ခန္ဓာ ၅ ပါး ပျက်စီးသော ဘေးထင်သော ယောဂီ၏ ဉာဏ်ကို ဘယ ဉာဏ်ဟုခေါ်ဆိုအပ်တယ်။ ခန္ဓာ ၅ ပါး တမဟုတ်အားဖြင့် ဖြစ်ခြင်းပျက်ခြင်းဘေးဟုထင်သော ယောဂီသည် ဆက်လက်ရှုမှတ်ပွါး များပါလျှင် ၎င်းတရားအပေါင်းအား မနှစ်သက် လွန်းစွာဖြင့် မီးကျီးခဲကဲ့သို့ ၎င်းကဲ့သို့ဉာဏ်အမြင်ရှိရင် အာဒီနဝဉာဏ်မည်၏။

သင်္ခါရတရားတို့၌ မီးကျီး စနှင့် တူစွာ ဉာဏ်မှာ ထင် သော ယောဂီသည် ၎င်းသင်္ခါရတရား၌ ပျင်းမုန်းငြီးငွေ့လေ၏၊ ဤကဲ့သို့ ငြီးငွေ့ခြင်းဉာဏ်သည် နိဗ္ဗိန္ဒဉာဏ်မည်၏၊ ထိုခန္ဓာ၌ အလွန်အလွန် ငြီးငွေ့သဖြင့် လွတ်လိုလှသော စိတ်ဉာဏ်သည် မုစ္စိတုကမျတာ ဉာဏ်မည်၏။ ငြီးငွေ့သဖြင့် လွတ်လိုလှသောကြောင့်၊ ထိုခန္ဓာအား တဖန်ရှုမှတ်ပြန်၏။

**ဥပမာ**——ပြင်းစွာသော ဝေဒနာဖြင့် မိမိခန္ဓာကိုယ်ပေါ်မှာ ပေါက်ရှိသော အိုင်းအမာကို ထိုအနာမှ လွတ်လိုလှပါသဖြင့် ပြန် ၍ကြည့်ဘိသကဲ့သို့ ခန္ဓာကိုယ်ကို တဖန်ပြန်၍ လက္ခဏာအားဖြင့် သုံးသပ်၏။ ထိုသုံးသပ်သောဉာဏ်ကို ပဋိသင်္ခါဉာဏ်ခေါ်၏။ တဖန်ရှုမှတ်ပြန်သဖြင့် သင်္ခါရတရားအပေါင်းကို လျစ်လျူရှုနိုင်

သော သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပေါ၏၊ ထိုဉာဏ်ဖြင့်တဆက်တည်း သင်္ခါရတရားကို လွန်မင်းစွာ ငြီးငွေ့၍ နိဗ္ဗာန်သို့ ရည်မှန်းကာဖြင့် သစ္စာ ၄ ပါးဖုံးထားအပ်သော မောဟအဝိဇ္ဇာကို အမှောင်ဓာတ် ခွါသည်ဖြစ်၍ သစ္စာ ၄ ပါးနှင့် လျော်ညီသော ဉာဏ်ဓာတ်ဖြစ် ပေါရောက်ရှိလာ၏။

ဤကဲ့သို့ရောက်ရှိသော ဉာဏ်ကို သစ္စာနုလောမဉာဏ်မည်၏၊ သင်္ခါရုပေက္ခာဉာဏ်နှင့် သစ္စာနုလောမဉာဏ်သည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာမည်၏။ သင်္ခါရမှထ၍ မဂ်သို့သွားသည်၊ ဤကဲ့သို့ ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမ ဉာဏ် တိုင်အောင် ၉- ပါးသော ဉာဏ်တို့သည် ကိလေသာတို့ကိုပယ်၍ အဆင့်ဆင့်ပယ်၍ အရိယာ တည်းဟူသော မဂ်သို့ ဖြောင့်တန်းစွာသွားရောက်ပါသဖြင့် (မဂ္ဂ ပဋိပဒါအဘိညာ) (ပဟာနပရိညာမည်၏) သို့ကြောင့်ဘုရားရှင် သည် ဒုက္ခနိရောဓဂါမိနီပဋိပဒါဒုက္ခရဲ့ ချုပ်ကြောင်း အကျင့် ကောင်းတရားဟု ဟောတော်မူသည်၊ ထိုင်စဉ် ရပ်စဉ် သွားစဉ် လျောင်းစဉ် ၄င်းစဉ် ၄-ပါးကို သဘာဝဉာဏ်မြင်ပြီးသော ယောဂီ သည်၊ ကာယ ကိုယ်အတွေ့ ဖဿ မနောစိတ်အတွေ့ မနောဖဿ ၎င်းဖဿကြောင့်ဖြစ်ပေါသော (ဝေဒနာ ၅ ပါး အာရုံရဲ့ အရ သာကို ခံစားမှုကြောင့် တဏှာဖြစ်ရလေသည်၊ ဝေဒနာတဏှာ အစပ်ကို လက်မခံဘဲ အနိစ္စ ဒုက္ခ အနတ္တ ရှုမှတ်ဉာဏ်နှင့် ပယ်လိုက် ရင် ဖဿဝေဒနာတို့သည် ပစ္စယကျေးဇူးမပြုနိုင်ဘဲ အစပ်ပြတ်၏၊ ဝေဒနာတရားကို သတိထား၍ ပညာလက်နက်တရားနဲ့ ဖြတ်ပယ် လိုက်ရာ၏။ ဝိပဿနာတရား ၉-ပါးပေါအောင် ရှုမှတ်ပါက ပယ်နိုင်၏။

မြတ်စွာဘုရားသည် ပဋိသမ္ဘိဒါမဂ်၌ အဘိညေယျ -

**နိဒ္ဒေသမှာ——**

သဗ္ဗံ ဘိက္ခဝေ အဘိညေယျံ ကိဉ္စ ဘိက္ခဝေ
သဗ္ဗံ အဘိညေယျံ စက္ခု ဘိက္ခဝေ အဘိညေယျံ
ရူပါ ဘိက္ခဝေ အဘိညေယျံ စက္ခုဝိညာဏံ ဘိက္ခဝေ
အဘိညေယျံ စက္ခုသမ္ဖဿော (လ)ယမ္ပိဒံ စက္ခုသမ္ဖဿ
ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အသုခ
မသုခ ဝါ တမ္ပိ အဘိညေယျံ။

စက္ခု သောတ ဃာန ဇိဝှါ ကာယ မနော။ အိုရဟာန်းတို့ အလုံးစုံ ရှိရှိမျှသော တရားအပေါင်းတို့သည် ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားတို့တည်း။ အိုရဟာန်းအပေါင်းတို့ ရှိရှိသမျှသော အဘယ်တရားအလုံးစုံကို ထူးသောဉာဏ်ဖြင့် သိအပ်သနည်း၊ အိုရဟာန်းတို့ စက္ခုသည် ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားအစုတို့တည်း၊ ရုပ်တို့သည် ထူးသောဉာဏ်ဖြင့် သိအပ်သောတရားအစုတို့တည်း။ စက္ခုဝိညာဏ်သည် ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားအစုတို့တည်း။ စက္ခုသမ္ဖဿသည် ထူးသောဉာဏ်ဖြင့် သိအပ်သော တရားအစုတို့တည်း။ စက္ခုသမ္ဖဿ ပစ္စယာ စက္ခုသမ္ဖဿကြောင့် ဖြစ်ပေါ်သော ဝေဒနာ အာရုံ၏ အရသာကို ခံစားတတ်သော သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ သောမနဿ ဝေဒနာ ဒေါမနဿ ဝေဒနာ ဝေဒနာ ၅-ပါး အာရုံ ခံစားတတ်သော သဘောတရားတို့ကို အဘိညေယျံ ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားတို့တည်း၊ စက္ခုသောတ ဃာနဇိဝှါ

ကာယ မနော ရူပ သဒ္ဒ ဂန္ဓ ရသ ဖေါဋ္ဌဗ္ဗ ဓမ္မ ၁၂-ပါးသော အာယတန တရားတွေ ဓာတ်ခြင်းတိုက်တိုက်ပြီး ဖဿ ဝေဒနာ တဖွားဖွား ဖြစ်ပေါ်ပြီးလျှင် တဏှာတရားသို့ ကျေးဇူးပြုကာ သံသရာလည်စေသော တရားကို မလည်မပတ် ပြတ်စေခြင်းငှါ အဘိညာဏ် ထူးသောဉာဏ်နှဲ့ရှုမှတ်၊ အဘိညာရှိမှ ပရိညာတရားက ပယ်နိုင်မည်ဟု ဟောတော်မူလေသည်။

စက္ခု ရူပါရုံ သောတ သဒ္ဒါရုံနှင့်ပါပြီး ထိခိုက်တွေ့ဆုံ မီးပုံကြီး ထထတောက်တယ်လို့ ကဿပညီနောင် ရှင်တထောင်တို့ကို ဟောကြားတော်မူသည်။(ဝိနယ မဟာဝါ ပါဠိတော်) ဘိက္ခဝေ၊ ရဟန်းတို့။ သဗ္ဗံ၊အလုံးစုံသောတေဘူမကတရားတို့သည်။ အာဒိတ္တံ ပြောင်ပြောင်တောက်လောင်၏။ဘိက္ခဝေ၊ရဟန်းတို့။ ကိဉ္စ၊အဘယ်မည်သော။သဗ္ဗံ၊အလုံးစုံသောတေဘူမကတရားသည်။အာဒိတ္တံ၊ ပြောင်ပြောင် လောင်သနည်း။ စက္ခုံစ၊စက္ခုပသာဒသည်ရင်း။ အာဒိတ္တံ၊ ပြောင်ပြောင်တောက်လောင်၏။ရူပါ၊ရူပါရုံတို့သည်။ အာဒိတ္တာ၊ ပြောင်ပြောင် တောက်လောင်၏။ စက္ခု ဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ 'အာဒိတ္တံ၊ပြောင်ပြောင် တောက် လောင်၏၊ စက္ခုသမ္ဖဿော၊စက္ခုပသာဒ၌ မှီသော ဖဿသည်(အာဒိတ္တံ၊ ၏) စက္ခုသမ္ဖဿ ပစ္စယာ စက္ခု သမ္ဖဿတည်းဟူသော အကြောင်းကြောင့်။ ဝေဒယိတံ၊ခံစားအပ်သော။ယံဣဒံ သုခံဝါ၊ သုခဝေဒနာလည်း ကောင်း။ဒုက္ခံဝါ၊ဒုက္ခဝေဒနာလည်းကောင်း။ အဒုက္ခမသုခဝေဒယိတံဝါ၊ ဒုက္ခလည်း မဟုတ်၊ သုခလည်း မဟုတ်ကုန်သောဥပေက္ခာဝေဒနာလည်းကောင်း။ ဥပ္ပဇ္ဇတိ၊ဖြစ်ပေါ်၏။ တမ္ပိ ဝေဒနာ၊ထိုဝေဒနာအပေါင်းသည်လည်း အာဒိတ္တံ၊ပြောင်ပြောင်

တောက်လောင်၏။ ကေနာ အာဘယ်မီးဖြင့်။ အာဒိတ္တံ၊ ပြောင်ပြောင် တောက်လောင်သနည်း၊ ရာဂဂ္ဂိနာ ရာဂတည်း ဟူသော မီးဖြင့် ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ ဒေါသ မောဟ အစရှိသော မီးတွေ လောင်လေ၏။ (အာဒိတ္တသုတ်)

မျက်စိထဲက မီးတောက်ပြီး သံသရာလည် နားထဲက နှာခေါင်း ထဲက လျှာထဲက ကိုယ်ကာယထဲကမနောထဲက၊ ဝေဒနာ ခံစားမှု တရားကြောင့် တဏှာက သာယာ(မီးတောက်ပြီး သံသရာကို တ ခဏခြင်းသိရင် ပယ်မသိလို့တွယ် တွယ်တာဘေး ပယ်ရင်၊ လွတ် သောတရားကား အရှိတရား၊ သတိသားရင်မြင်နိုင်သည်) မြင်တာ သိတာက ဉာဏ်ကြီးကျယ်သော ဒုက္ခအပေါင်းကို ဖြစ်စေတတ် တဲ့ အကြောင်းတရားကို ပယ်တာက မဂ် (မြင်လို့သိလို့ပယ်တာ) အဲဒါ မဂ်ဉာဏ်ပါဘဲ။ ဒုက္ခရဲ့ လွတ်သော တရားကား ဝိမုတ္တိ (တရားရှုမှတ်ထား နည်းမကျရင် အတွယ်တရားနဲ့ ရှုပ် နာမ်ခန္ဓာ သံသရာရှည်မည် [မြင်အပ်တဲ့တရား ယစ္စာ ဓမ္မ မြင်တတ်တဲ့တရား က အဘိညဉ်ဉာဏ် ဝိဇ္ဇာ မြင်အောင် သိအောင်ပြုလုပ်လိုက်တာက ယောဂီရဲ့ နှလုံးသား၊ နှလုံးသားမှ ဘွားကနဲဉာဏ် ရောင်လင်းကာ တခဏခြင်းပယ်ပြီးလွှတ်တာက မဂ်ဖိုလ်နိဗ္ဗာန်တရားဖြစ်လေသည်။

## ၎င်းတရားနှင့်ပတ်သက်၍ သာဓက ဝတ္ထုမှာ

သဂါထာဝဂ္ဂ သံယုတ် သမဏသုတ်မှာတွေ့လိုက်တယ်၊ ဘုရား ရှင်လက်ထက်စဉ်အခါက သမဏဆိုတဲ့ ရဟန်းတော် လေးတပါး ဟာ ၅-ဝါသာရသေးတယ် ထွက်မြောက်ရာဆိုတဲ့ နိဿရဏ ပစ္စယ ဂုဏ်နှင့်ပြည့်စုံတယ်၊ သင်္ခါရတရားကို အလွန့်အလွန် ပျင်းမုန်းငြီးငွေ့

တယ်။ငြိုးငွေ့ပါသဖြင့်ဘဝပြတ်ဆိုပြီး အရဟတ္တဖိုလ်ကိုရည်မှန်းကာ (ကျင့်တယ်၊ သဒ္ဓါဝိရိယ သတိ သမာဓိပညာကို လက်ကိုင်ထားပြီး တရားကျင့်လေရာ မဂ္ဂပဋိပဒါ မဂ်လမ်း ဖြောင့်တန်း တာတော့ မှန်ပါရဲ့ ၎င်းကိုယ်တော်ကလေးရဲ့ စိတ်ထဲဉာဏ်ထဲမှာ တော့ မကာ ဘုံ ၃ ပါးဟာ လောင်စာမီး ရဲရဲတောက်နေတယ်လို့ ဉာဏ် မှာထင်ပြီးလျှင် သူ၏ခန္ဓာကိုယ်ကို လျင်လျူရှုကာ လွန်စွာ အား ထုတ်ပါသဖြင့် မဂ်ဇော မကျမီ နှလုံးသားလေခဲ့ပြီး စုတိစိတ် ကျ သွားလေ၏။ စုတိစိတ်ကျပြီး၊ ရုတ်ခြည်း တာဝတိံသာမှာ ရွှေ ဗိမာန်နှင့် နတ်သိုးတထောင်အလယ်မှာ နတ်ဝတ်ပုဆိုးကို လက်က တော့ထိုးပြီး သက်န်းအမှတ်ဖြင့် စမ္ပယ်တင်ကာ သူ့ကိုယ်သူ နတ်သားဖြစ်ထာကိုမသိဘဲ သူရှုမှတ်နေတဲ့ ရုပ်ပေါ် နာမ်ပေါ်မှာ လက္ခဏာရေးသုံးပါးကို ရှုမှတ်ခါ သမဏသာရုပ္ပ ဣန္ဒြေကြီးစွာ ပလ္လင်ပေါ်မှာ ထိုင်နေလေသည်၊ ရဟန်းအမှတ်ဖြင့် ထိုင်နေတဲ့ နတ်သားသစ်ကို နတ်သိုးအပေါင်းတို့က သောင်းသောင်းဖြဖြ ဒိုရဲ့ အရှင်သခင် လင်ယောကျ်ား နတ်သား ရောက်လာပြီ ဆိုပြီးလျှင် ယခုလူတွေ အိမ်ရှင်စကား ပြောကြသလို "အမောင်" ဆိုပြီး နတ်သားရဲ့ အပါးသို့ ချဉ်းကပ်ကာ ကာမဂုဏ်တွေ ခံစားဘို့ကို ပြောကြလေ၏။ ထိုသို့ နတ်သမီးတွေ ပြောကြားတဲ့ အသံတွေကို ကြားသောအခါ ရဟန်းလူထွက် နတ်သားက အောင်းမေ့မှတ် ထင်တာကသည်လိုတဲ့ ဒီဒကာမတွေဟာ ဘုရားဖူး ကျောင်းတက် လာတာတောင်မှ ကောင်းကောင်းမလာကြဘဲနဲ့ငါကို သူတို့ရဲ့လင် သားကိုပြောသလို လင်စကား၊သားစကားပြောတယ်ဆိုပြီးဒုက္ခကို ကောင်းစွာ ထင်နေတဲ့ နတ်သားကမျက်စိကိုနာနာမှိတ်ပြီး ခေါင်း ကို အောက်စိုက်ထားလေသည်။ ဒီလိုနေလေလေ ရှေ့တူရူ နံဘေး

နောက်ကျောကနေပြီး သူတမျိုး ငါတဖုံ စုံတကာ့စုံအောင် ပြောကြလေ၏။

ဤကဲ့သို့ ပြောကြားလေလေ ရဟန်းလူထွက်နတ်သားက စိတ်ညစ်လေလေ ဖြစ်ပြီး ခေါင်းကိုအောက်စိုက်ခါ မျက်စိကိုနှာနှာမှိတ်ထားတယ်၊ နတ်သမီးတွေ ဘယ်လိုမှ ပြောမရ သူတို့နတ်သမီးတွေကိုတောင် မကြည့်ဘဲနေတယ်၊ ဒီတော့မှ အကြံပိုင်လှတဲ့ နတ်သမီးတယောက်က ပြောဆိုသည်မှာ မယ်ရှင်မတို့ ငါတို့ရဲ့သခင်လင်ယောကျ်ား နတ်သားက သာမည လူသားပုဂ္ဂိုလ်မဟုတ်ဘဲ ရဟန်းဘ၀မှကမ္မဋ္ဌာန်းအားထုတ်ရင်းရဟန်းဘ၀လူ့ပြည်မှစုတေခါ ရုတ်ခြည်း နတ်ဖြစ်ပါသဖြင့် သူ့ကိုသူ နတ်ဖြစ်မှန်းသိဟန်မတူဘူး ဆိုပြီးလျှင် နတ်သမီးတွေရဲ့အဆောင်ထဲက ကိုယ်လုံးပေါ်မှန်ကြီး ထောင်ကာ ပြောကြားလျှောက်တင်တယ်၊ အမောင်နတ်သားအရှင်ဟာ နတ်ဖြစ်ပါပြီ၊ လူ့ပြည်မှ စုတေခါ ရုတ်ခြည်း နတ်ဖြစ်ပါပြီ၊ ရဟန်းမဟုတ်တော့ပါ ယခုအရှင်၏ရှေ့မှာ ထောင်ထားတဲ့ မှန်ပြင်ကိုကြည့်ပါဆိုပြီး လျှောက်တင်ကြသတဲ့ ဒီတော့မှ နတ်သားက ဟုတ်များဟုတ်လေသလားဆိုပြီးရှေ့တဲ့တဲ့မှာ ထောင်ထားတဲ့မှန်ကို မျက်စိဖွင့်ပြီးကြည့်လိုက်ပါရော၊ ထိတ်လန့်ကာ နတ်သားဖြစ်ကဲ့အကြောင်းသိရတယ်။ နတ်သား၏စိတ်ထဲမှာ ဩော်-ငါကား နိဗ္ဗာန်မဂ်ဖိုလ်ကိုအလိုရှိလို့တရားအားထုတ်တယ်၊ ရတာက အသုံးမကျဒုက္ခတုံးနတ်ကောင်ကြီးရတယ်၊သူ့အနားမှာတထောင်သော နတ်သမီးတွေ တဘ်တီးတွတ်တာ လျှောက်တြား ပြောဆိုနေတာကိုလဲ မြေဖုတ်ဘီလူး သူရဲမတွေလိုထင်နေတယ်၊ ဤကဲ့သို့ မှတ်ထင်ရတာသည် ဘယ့်အတွက်လဲဆိုပါရင် ၀ိပဿနာကုသိုလ်၏အကျိုးကြောင့် အဘိဥာဏ်၊ ဥာဏ်လဲရတယ်၊ နတ်သမီးတွေ မည်

ကဲ့သို့လှည့်ဖြားပြောဆိုပါသော်လဲ သူ့မှာ ဝိပ္ပလ္လာသကင်းပျောက်နေတယ်၊ ပိုင်ဆိုင်တဲ့နတ်သမီးတွေ တွတ်တီးတွတ်တာ ပြောဆိုနေတာတောင် သူ့ရဲ့တည်ကြည်ပုံ သဘောထားပုံကို မြတ်စွာဘုရားလျှောက်ထားတဲ့ဂါထာထဲမှာ ပေါ်လွင်နေတယ်၊ အသစ်ဖြစ်တဲ့နတ်သားက အရှေ့အနောက် တောင်မြောက် ၄-ပါး ကြည့်လိုက်တဲ့အခါမှာ နတ်သမီး နတ်သားတွေ အစုံစုံပျော်မြူးနေတာ ထိုထိုဗိမာန်တွေထဲမှ မြူးထူးပျော်ပါးကာ တရားမရှုမှတ်တဲနေတာကိုနတ်သားသစ်ကလဲ ဒိဗ္ဗစက္ခုနတ်မျက်စိနဲ့မြင်သောအခါမှာ ဒီနတ်သား နတ်သမီးတွေဟာ ကာမဂုဏ်ဆိုတဲ့ အညီကြိုက်တဲ့သဘောကို နတ်သား၏စိတ်ထဲမှာ ဘီလူး သားရဲ အသားညီကြိုက်တဲ့ သဘောနဲ့အတူတူမှတ်ထင်ပြီး တော်တော့ကို မိုက်မဲတွေဝေ ကိလေသာခတွေထူပြောတယ်။ မိမိရဲ့စိတ်မှာ မှတ်ထင်ပြီး ကဲ့ရဲ့တယ် သမဏနတ်သား မြင်တာဟာလဲ ပြကတေ့ နတ်မျက်စိပင် ဖြစ်သော်လဲလူ့ဘဝက ဝိပဿနာတရားကို အောင်မြင်စွာ ပဋိပဒါအဘိညာဏ်လောက်ရလေပါသဖြင့် ယခုမြင်ဆဲ နတ်ရုပ်တွေကို ကိလေသာထူပြော ဘီလူး သားရဲထင်မှတ်ခြင်း ဖြစ်တယ်၊ စက္ခုအဘိညာသောတအဘိညာ ထူးသော ဉာဏ်ဖြင့် (မျက်စိ နား)က ဆက်ပြီးပေါ်ပေါက်နေတယ်၊ ဒါနဲ့နတ်သားသစ်က အကြံရတယ်၊ မဖြစ်ချေဘူးဆိုပြီး မြတ်စွာဘုရားကျောင်းတော်ကိုသွားရောက်ပြီး ဘုရားရှင်ကိုလျှောက်ထားမှ ငါ၏အလိုဆန္ဒပြည့်ဝပြီး နိဗ္ဗာန်ဆိုတဲ့ တရားထူးကို ရမည်ဟု စိတ်မှာထင်ကာ ရဟန်းဘဝ ဆောက်တည်ခဲ့တဲ့သီလ မပျက်စီးသေးမီ နတ်သမီးဗိမာန်အခြွေအရံနှင့်တကွ ဇေတဝန်ကျောင်းတော်ကို ရောက်လာပြီးလျှင် မြတ်စွာ ဘုရားရှင်ကိုဂါထာဖြင့် လျှောက်တင်တယ်။

အဋ္ဌာရောဂဏာ သံဝုဋ္ဌံ ပိသာစေဝ ဂဏာသေဝိတံ
ဝနံ တံ မောဟနံ နာမ ကထံ ယတြာ ဘဝိဿတိ။

အဲဒီဂါထာရဲ့အဓိပ္ပါယ်က နတ်သမီးတွေ ကာမဂုဏ်မှူးထူး ပျော်ပါးပုံနန္ဒဝန်ဥယျာဉ်ကြီးကို အမိုက်တိုက်ဖြစ်ပြီး အသသတို့၏ ဖြစ်ပွားယိုစီးရာ နေရာအရပ်တဲ့၊ ၎င်းနတ်သမီး နန္ဒဝန်ဥယျာဉ်ကြီး ကို လွန်မြောက်၍ နိဗ္ဗာန်သွားရာခရီးစဉ်ကို တင်လျှောက်တယ်၊ (ဂါထာရဲ့အနက်) ဘန္တေ၊ရှေ့ဘုန်းတော်သခင်အရှင်သူမြတ်ဘုရား၊ အဋ္ဌာရောဂဏာသံဝုဋ္ဌံထောင်သောင်းမကနတ်သမီးအပေါင်းတို့သည် ဟစ်အော်ကြွေးကြော် ကခုန်မြူးပျော်ကြကုန်လျက် ပိသာစေဝ၊ မြေဖုတ်ဘီလူးမတို့သည် အမြဲသဖြင့် မှီဝဲအပ်ထသော မောဟနံ နာမ မောဟနအမည်ရတဲ့ သတ္တဝါတို့ကို မိုက်မဲတွေဝေစေတတ်တဲ့ ကာမဂုဏ်တို့၏ ယိုစီးရာဖြစ်သော တံဝနံ ထိုနန္ဒဝန်ဥယျာဉ်ကြီးကို ကထံကေန အဘယ်သို့သော အကြောင်းဖြင့် ယတြာ၊လွန်မြောက် နိုင်ခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ပါလတံ့နည်း ဘုရား၊ ၎င်းဂါထာ ဖြင့် နန္ဒဝန်ဥယျာဉ်ကြီး၎င်း၊ နိဗ္ဗာန်သို့သွားရာ လမ်းခရီးကို၎င်း၊ တင်လျှောက်တယ်၊ ဘုရားရှင်ကလဲ နတ်သား တင်လျှောက်သလို ဂါထာနဲ့ဘဲ ဟောကြားတော်မူတယ်။

(ဂါထာက)—

ဥဇု ကော နာမ သော မဂ္ဂေါ အဘယနာမ သာဒိသာ၊
ရထော အကူဇနော နာမ ဓမ္မစက္ကေဟိ သံယုတ္တော
ယိရိတဿ အပါလမ္ဗော သတျဿ ပရိဝါရနံ
ဓမ္မဟံ သာရထိ ဗြူမိ သမ္မာဒိဋ္ဌိပုရေဇဝံ တောဒိသာယာနံ၊
ဣတ္ထိယာ ဝါ ပုရိသဿ ဝါ သဝေ ဧတေနယာနေန၊
နိဗ္ဗာနဿေဝ သန္တိကေတိ။

မြတ်စွာဘုရားက ၎င်းဂါထာဖြင့် နိဗ္ဗာန် လမ်းညွှန်ပေးတယ်။ ဒေဝပုတ္တ၊ ငါ၏ ချစ်သား အိုနတ်သား။ သောမဂ္ဂေါ၊ ထိုမဂ္ဂင် ရှစ်ပါးတည်းဟူသောလမ်းခရီးသည်ကား။ ဥဇုကောနာမ၊ မကွယ် မထောင့် တကယ်ဖြောင့်သောလမ်း မည်ပါပေ၏။ ဒိသာ၊ နိဗ္ဗာန် တည်းဟူသော ရွှေမြို့တော်ကြီးသည်ကား။ အဘယာနာမ၊ ဘေး ကင်းရာအရပ် မည်၏။ ရထော၊ ထို မဂ္ဂင်ရှစ်ပါး တည်းဟူသော ယာဉ်ရထားသည်ကား။ ဓမ္မစက္ကေဟိ၊ ကာယိကဝီရိယ, စေတသိက ဝီရိယ တရားနှစ်ပါးတို့ဖြင့်။ သံယုတ္တော၊ ကောင်းစွာ တပ်ယှဉ် အပ်ထသော။ အသာ၊ ထိုမဂ္ဂင့်ရှစ်ပါး ယာဉ်ရထားသည်။ အကူ-ဇနေ့ာနာမ၊ လှည်း ဆိ ရေ စာမထိုးသော်လဲ မကျိုး မမြည်သော လှည်းမည်ပါပေ၏။

ဟိရိ ဩတ္တပ္ပံ၊ ဟိရိ ဩတ္တပ္ပတရား နှစ်ပါးသည်ကား။ တဿ၊ ထို မဂ္ဂင် ရှစ်ပါး ယာဉ်ရထား၏။ အပါလမ္ဗော၊ တန်ကဲမည်၏။ သတျာဿ၊ ကုသိုလ်ကောင်းမှု တရားကို မမေ့ မပျောက် စေတတ်သော သတိတရားသည်။ ပရိဝါရနံ၊ ရန်တိုင်မည်၏။ ဒေဝပုတ္တ၊ ငါ၏ချစ်သား အိုနတ်သား။သမ္မာဒိဋ္ဌိ ပုရေဇဝံ၊ ဝိပဿနာသမ္မာဒိဋ္ဌိ လျှင် ရှေ့သွားရှိသော။ ဓမ္မဟံ၊ လောကုတ္တရာသမ္မာဒိဋ္ဌိကို။ အဟံ၊ ငါဘုရားသည်။သာရထိ၊ရထားထိန်းဟူ၍။ဗြူမိ၊ဟောတော်မူ၏။

တောဒိသံ၊ ဤသို့ သဘောရှိသော။ ယာနံ၊ မဂ္ဂင်ရှစ်ပါးယာဉ် ရထားသည်။အတ္ထိ၊ရှိခဲ့ငြားအံ့။ ဣတ္ထိယာဝါ၊အကြင်မိမ္မတို့၌၎င်း။ ပုရိသဿဝါ၊ အကြင်ယောကျ်ားတို့၌၎င်း။ အတ္တိ၊ ရှိခဲ့ငြားအံ့။ ဝေ၊ စင်စစ်သာလျှင်။သောသသော၊ထိုမိမ္မယောကျ်ား လူအများ တို့သည်။ ဧတေနယာနေန၊ ထိုမဂ္ဂင်ရှစ်ပါး ယာဉ်ရထားဖြင့်သာ လျှင်။ နိဗ္ဗာနဿဝ၊နိဗ္ဗာန်သို့။ သန္တိကေ၊ရောက်နိုင်ကြလေကုန်၏။

ဤကဲ့သို့ဘုရားရှင်က မဂ္ဂင်ရှစ်ပါးတည်းဟူသော လမ်းခရီးနှင့် တကွ ဘေးကင်းရာအရပ် နိဗ္ဗာန်ကိုဋင်း၊ နိဗ္ဗာန်သွားရာ မဂ္ဂင်ရှစ်ပါးတည်းဟူသော ယာဉ်ရထားဖြင့် သီလတာရားကို ထွက်မကျနိုင်အောင် ထိုလှည်း၏ တန်ကဲ ရန်တိုင်ပြုလုပ်၍ သတိက ခြံရံထားတယ်၊ ထိုမဂ္ဂင် ၈-ပါး ယာဉ်ရထား၏ လှည်းဘီးမှာ ကာယိက ဝီရိယ စေတတိကဝီရိယတရား ၂-ပါးကို မကျွတ်နိုင်အောင် ကောင်းစွာတပ်ချည်ထားတယ်၊ ထိုမဂ္ဂင် ၈-ပါးယာဉ်သာရထားကို အချက်အခြာ ပြုလုပ်ပြီး မောင်းနှင်ရမည့် ပုဂ္ဂိုလ်က ဆိုပါလျှင် သမ္မာဒိဋ္ဌိဆိုတဲ့တရားရှုမှတ်နေတဲ့ယောဂီဖြစ်တယ်၊အဲဒီယောဂီသည် ပင်လျှင် မမ္မဟံ သာရထိ ဟောတော်မူပါသဖြင့် လောကုတ္တရာ သမ္မာဒိဋ္ဌိဖြစ်အောင် မောင်းနှင်ရမယ်လို့ ဟောတော်မူတယ်၊ထိုသို့ သသောရှိသော မဂ္ဂင်ရှစ်ပါးတည်းဟူသော ယာဉ်သာရထားရှိကြ ပါလျှင် မိန်းမယောကျ်ား လူအများတို့သည် ရထားမောင်းသွား သမ္မာဒိဋ္ဌိယောဂီ ပြုလုပ်၍ နိဗ္ဗာန်ကို ရောက်နိုင်ကြတယ် ဟူ၍ ဟောသောအခါ သွားရာအရပ်၊ သွားလမ်း ထိုအရပ်သို့သွားရန် မဂ္ဂင်ယာဉ်သာဖြင့် ဋင်းရထားပေါ်မှာ ဝိပဿနာ သမ္မာဒိဋ္ဌိ ရထားထိန်း ယောဂီပြုလုပ်ပြီး ဆက်လက် မောင်းနှင်မယ် ဆိုပါ လျှင် လောကုတ္တရာ သမ္မာဒိဋ္ဌိဖြစ်ပြီး နိဗ္ဗာန်အရပ်သို့ မကြာမတင် ဆောလျင်စွာ လားရောက်နိုင်ရာ၏လို့ ဟောလိုက်ပါရော၊ အဲဒီ ယောကျ်ား မိန်းမ လူအများတို့အား မဂ်ရထား စီးသွားလိုက်ထာ ဘုရားရှင် ဂါထာလဲဆုံးရော သောတာပတ္တိဖိုလ်သို့ တည်သွားကြ တယ်၊ နတ်သား တယောက်ထည်း မဟုတ်ဘဲ တထောင်သော ကြင်ယာဇနီးနတ်သမီးတွေပါ မဂ္ဂင်ယာဉ်သာ ရထားပေါ်၌တူစုံ မကွာ စီးနှင်းပါ၍ သွားကြလေ၏။

ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ၊ မာရေတီတိ မော ဂစ္ဆတီတိ ဂေါ ယော စ မော သော စ ဂေါ ဂစ္ဆ-တီတိ မဂ္ဂေါ။

ကိလေသာ အပေါင်းကိုသတ်တတ်လို့(မ)မည်တယ်၊ နိဗ္ဗာန်အရပ်ကိုသွားတတ်လို့(ဂ)မည်တယ်(မ+ဂ)ကို မဂ္ဂင်ဟုခေါ်ဆိုတယ်၊ မဂ္ဂင်ဟူသော စကားသည် လမ်းကိုဟောတော်မူသည်။ ဤမဂ္ဂင်လမ်းဖြင့် အမတဟူသော နိဗ္ဗာန်နန်းသို့ တက်လှမ်း နိုင်ကြပါစေသတည်း။ ၎င်းသမဏနတ်သားသည် သာယာနှစ်သက်စရာ နတ်သမီးကို မြင်သော်၎င်း၊ သူအား ကိလေသာ ကာမဂုဏ်တရားတွေနှင့် ဖြားယောင်း၍ သော်၎င်း၊ ဝိပဿာသဆိုတဲ့ တရားကင်းပျောက်ခါ တုန်လှုပ်ချောက်ချားခြင်းမရှိတာသည်၎င်း နတ်သား၌ ဝိပဿနာ ဉာဏ်အဘိညာရှိ၍ ဖြစ်ကြောင်းထင်ရှား၏။ နတ်သမီးအပေါင်းတွေသည် မြတ်စွာဘုရားတရားတော်ကို ဂါထာတပုဒ်မျှနာကြားရခါမျှဖြင့် သောတာပတ္တိဖိုလ်သို့ တည်ရလေသောအကြောင်းမှာ နတ်သမီးတွေ၌ ထူးသောဉာဏ်ခတ်ရှိ၍ တခဏမျှဖြင့် ပရိကံကို အထူးမလုပ်ရဘဲ ထူးသောတရားကို လွယ်ကူလျင်မြန်စွာ သိရှိသွားရကြောင်းကား ထင်ရှားပေသည်။ သို့ပါသောကြောင့် ဗုဒ္ဓက သဗ္ဗံ ဘိက္ခဝေ အဘိညေယျံ ကိဉ္စ ဘိက္ခဝေ အဘိညေယျံ စက္ခုံ အဘိညေယျံ (သောတ)ဃာန ဇိဝှါ ကာယ မနော အဘိညေယျံ အလုံးစုံသော အာယတန ၁၂-ပါး သိအပ်သော တရားကို သိတတ်တဲ့ ဉာဏ်ရှိလို့ထပ်မိရင် ဘာဝဆိုတဲ့ ပဋိစ္စနဲ့ဓမ္မစက္ကဆိုတဲ့ အလင်းရောင်ဟပ်ပြီး မသိလို့လည်နေတဲ့ သံသရာကြီးသည် တိကနဲရပ်သွားတဲ့ အဘိဉာဏ်အခန်းခန်းတို့၏ (အစိပ္ပါယ်စကားရပ်သည်) ပြည့်စုံလိုလောက်ပြီ။

ဤသည့်လျှင် တောင်းပန်အပ်သော သူတို့နှင့်တကွ စာရှုသူ အပေါင်းတို့သည် နှစ်ထောင်းအားရ ဝမ်းမြောက်ကြလျက် သုခ ပဋိပဒါ လွယ်ကူစွာဖြင့် ခိပ္ပာဘိညာ လျင်မြန်သောလက်နက်ဥာဏ် ပညာအချက်နှင့် ကိလေသာတည်းဟူသော ရန်သူ၏အကွက်ကို အချက်ကျ မိမိ တိတရိပိုင်းဖြတ်ပြီး မဂ်ဥာဏ်ဖိုလ်ဥာဏ် ဝိမုတ္တိ နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်နိုင်ကြပါစေသတည်း။

ဦးသုန္ဒရဓိပတိ

ပဝတ္တိ—ဝိပဿနာဗိမာန်

မြောက်ဥက္ကလာပ။

ခာဝရ—

ဗိုလ်ရုံကျောင်း

တိမ်မြို့ကြီး - အုတ်ဖိုမြို့အရှေ့

သာယာဝတီခရိုင်။

အုန်းပင်တိုက်။

စာပေနှင့် ပုံနှိပ်လုပ်ငန်း

အမှတ် ၁၅၈၊ ၃၃-လမ်း၊ ရန်ကုန်မြို့။